ရောင်းမှု

The Mirror

Established in 1957

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

၁၃၇၇ ခုနှစ်၊ တပေါင်းလဆန်း ၇ ရက်၊ အင်္ဂါနေ့၊ (15-3-2016) (စာမျက်နှာ ၁၆)

အေးစေ မြစေ မေတ္တာရေ

- နှစ်ရှာတစ်ရှာ၊ ဆက်ဆံရာ၊ မေတ္တာလိုရင်းသုံး၊
- မိတ်ဆွေချင်းသာ၊ ပေါင်းသင်းရာ၊ မေတ္တာအမြတ်ဆုံး၊
- အေးစေမြစေ၊ မေတ္တာရေ၊ သုံးလေ ရပ်ရှာသုံး၊
- မေတ္တာစိတ်ဓာတ်၊ လွန်မြင့်မြတ်၊ လူနတ်အချစ်ဆုံး၊
- မေတ္တာရနံ့၊ ကြိုင်လှိုင်နံ့၊ သင်းပျံ့နယ်မဆုံး၊
- မေတ္တာပန်းခိုင်၊ ကိုယ်စီကိုင်၊ ဖက်ပြိုင်သူတို့ရှိုး၊
- တစ်ဦးမေတ္တာ၊ တစ်ဦးမှာ၊ ရှည်ကြာရှိမမုန်း၊
- တရားပျောက်ကွယ်၊ မေတ္တာပြယ်၊ ကြီးငယ်အများမုန်း၊
- မေတ္တာနတ်ပန်း၊ ပန်ဆင်မြန်း၊ ရှင်လန်းစိတ်နှလုံး။

စံကင်းဆရာတော်

ရေကိုအကျိုးရှိထိရောက်စွာသုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် နိုင်ငံ၏ရေအရင်းအမြစ်များနှင့် အဓိကကျသည့် မြစ်ဝှမ်းများကို စီမံခန့်ခွဲနိုင်ရန်လိုအပ်

စာမျက်နှာ - ၃

နိုင်ငံတော်သမ္မတရွေးချယ်တင်မြှောက်ပွဲ မတ် ၁၅ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း ပြည်ထောင်စုလွှတ်တော်နာယက ကြေညာ

စိစစ်ရေးအဖွဲ့ဝင်တစ်ဦးက အချို့သောသမ္မတလောင်းဆိုင်ရာ အချက်အလက်အချို့ကို ပြန်လည်စိစစ်သင့်သည်ဟု ဆွေးနွေး

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့ ကျင်းပစဉ်။ (သတင်းစဉ်)

နေပြည်တော် မတ် ၁၄

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး သတ္တမနေ့အစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီ ၁၀ မိနစ်တွင်ကျင်းပရာ ပြည်ထောင်စုလွှတ်တော်နာယက ထံသို့ပေးပို့လာသည့် သဝဏ်လွှာများအား မှတ်တမ်းတင်ခြင်း၊ ရပ်ကွက်/ကျေးရွာများ တိုးချဲ့ဖွဲ့စည်းခြင်း၊ အမည်ပြောင်းလဲခြင်းနှင့် နယ်နိမိတ်ဧရိယာပြင်ဆင်ဖွဲ့စည်းခြင်း၊ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့၏ တွေ့ရှိချက်တင်ပြခြင်း၊ နိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကျင်းပမည့် နေ့ရက်နှင့် အချိန်အား ကြေညာခြင်းတို့ကို ဆောင်ရွက်ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုလွှတ်တော်နာယကထံ ကမ္ဘောဒီးယားနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ Samdech Vibol Sena Pheakdei SAY CHHUM ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊ ထိုင်းနိုင်ငံ ဥပဒေပြုကောင်စီဥက္ကဋ္ဌ Prof. Pornpetch Wichitcholchai နှင့် ဒုတိယဥက္ကဋ္ဌ(၁) Mr. Surachai Liengboonlertchai တို့ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာ၊

စာမျက်နှာ ၇ ကော်လံ ၁ သို့

ကြေးမုံစာတည်းရှေ့ ၁၅-၃-၂၀၁၆၊ အင်္ဂါနေ့

ပြည်သူတို့၏ လူနေမှုဘဝမြင့်မားရေး

ပြည်သူတို့၏ လူနေမှုဘဝမြင့်မားတိုးတက်ရေးတွင် အိမ်ထောင်စုတိုင်း လျှပ်စစ်မီးရရှိရေးသည် အရေးကြီးသောအချက်ဖြစ်သည်။ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးဟု ဆိုဆို လူနေမှုဘဝမြင့်မားရေးဟုပြောပြော လျှပ်စစ်ဓာတ်အားလုံလောက်အောင်ဖြန့်ဝေပေးနိုင်ခြင်းမရှိဘဲနှင့် မြင့်မားတိုးတက်သည်ဟု မဆိုနိုင်ချေ။ ထို့ကြောင့် နိုင်ငံအစိုးရတို့က နိုင်ငံနှင့်ပြည်သူအကျိုး မြင့်မားတိုးတက်စေရေးအတွက် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးကို အရင်းအနှီးရှိသမျှ၊ အရင်းအမြစ်ရှိသမျှ အစွမ်းကုန်တိုးတက်ထုတ်လုပ်နေကြသည်ကို တွေ့ရပါသည်။

လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးနှင့်ပတ်သက်၍ အိမ်နီးချင်းထိုင်းနိုင်ငံကိုကြည့်မည်ဆိုလျှင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၂၇၀၀၀ ထုတ်လုပ်ပေးလျက်ရှိသည်ဟု သိရသည်။ အဆိုပါမဂ္ဂါဝပ်သည် ထိုင်းနိုင်ငံတစ်ခုလုံးရှိ ပြည်သူနှင့် အဆောက်အအုံများအတွက် လုံလောက်မှုရှိသည့်အပြင် မဂ္ဂါဝပ် ၄၀၀၀ ခန့်ကိုပင် အရန်သုံးစွဲရန် လျှပ်စစ်ဓာတ်အားများအဖြစ် သိမ်းဆည်းထားနိုင်သည်။ ထို့ကြောင့် ထိုင်းနိုင်ငံနှင့်ပြည်သူများအတွက် လူမှုစီးပွားမြင့်မားတိုးတက်ရေးကို လုံလောက်အောင် ဖန်တီးပေးထားနိုင်သည်။

မြန်မာနိုင်ငံအနေဖြင့် လက်ရှိတွင် လျှပ်စစ်ဓာတ်အား မဂ္ဂါဝပ် ၃၅၀၀ ခန့်သာ ထုတ်လုပ်နိုင်သေးသဖြင့် လျှပ်စစ်ဓာတ်အားသုံးစွဲမှု၌ ထိုင်းနိုင်ငံကို အမီလိုက်နိုင်ရန် မဂ္ဂါဝပ် ၂၀၀၀၀ တိုးတက်ထုတ်လုပ်ရဦးမည်ဟု သိရသည်။ ထို့ကြောင့် နိုင်ငံနှင့်ပြည်သူများ လျှပ်စစ်ဓာတ်အားလုံလောက်အောင်ရရှိရေးအတွက် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးစီမံကိန်းများကို တိုးတက်ဆောင်ရွက်သွားကြရမည်ဖြစ်သည်။ နိုင်ငံ၏အရင်းအမြစ်များအပေါ်တွင် မူတည်ကာ ရေအားနှင့် သဘာဝဓာတ်ငွေ့အသုံးပြု လျှပ်စစ်ဓာတ်အားပေးစက်ရုံများကို တိုးတက်တည်ဆောက်ကြရမည်ဖြစ်သည်။

ထိုစက်ရုံများတည်ဆောက်ပြီး လျှပ်စစ်ဓာတ်အားတိုးတက်ထုတ်လုပ်နိုင်မှသာ ၂၀၃၀ ခုနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် လျှပ်စစ်ဓာတ်အားလွှမ်းခြုံရရှိနိုင်မည်ဟု သိရှိရသည်။ လျှပ်စစ်ဓာတ်အားသုံးစွဲမှုမှာ နွေရာသီကာလတွင် ပိုမိုသုံးစွဲကြသည်။ ယခုဓာတ်အားဖြန့်ဝေပေးမှုစနစ်အရ ယမန်နှစ်က အမြင့်ဆုံးသုံးစွဲသော နွေရာသီကာလတွင် တစ်နိုင်ငံလုံး မဂ္ဂါဝပ် ၂၄၃၀ သုံးစွဲခဲ့သည်။ ထိုသုံးစွဲမှုအနက် ရန်ကုန်တိုင်းဒေသကြီးက မဂ္ဂါဝပ် ၁၀၅၀ ခန့်သုံးစွဲခဲ့ကြောင်း သိရသည်။

ယခုနှစ်တွင် မဂ္ဂါဝပ် ၁၂၅၀ ခန့်အထိ တိုးတက်သုံးစွဲလာသည့်အတွက် မဂ္ဂါဝပ် ၁၀၀၀ ကျော်ခန့်သာ အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများတွင် သုံးစွဲရသဖြင့် လျှပ်စစ်ဓာတ်အားလိုအပ်မှု မြင့်မားနေရခြင်းဖြစ်သည်။ နောင်တွင်လည်း မြို့ကြီးများ၏လျှပ်စစ်ဓာတ်အားသုံးစွဲမှု ဆက်လက်မြင့်တက်နေဦးမည်ဖြစ်၍ လျှပ်စစ်ဓာတ်အားသုံးစွဲမှုတွင် မြို့ပြနှင့်ကျေးလက်အလှမ်းကွာဟနေဦးမည်ဖြစ်သည်။

မြန်မာနိုင်ငံတွင် လူဦးရေ ၅၁ သန်းကျော်တွင် အိမ်ထောင်စု ၁၀ သန်းကျော်ရှိပြီး ၂၀၁၀-၂၀၁၁ ခုနှစ် ပထမဝါးနှစ်သက်တမ်းကာလတွင် အိမ်ထောင်စု ၂ ဒသမ ၂၂ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်ခဲ့သည်။ ယခု ၂၀၁၅- ၂၀၁၆ ခုနှစ်တွင် အိမ်ထောင်စုပေါင်း ၃ ဒသမ ၇ သန်း လျှပ်စစ်ဓာတ်အားသုံးစွဲနိုင်အောင် အကောင်အထည်ဖော်ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့ကြောင့် ဝါးနှစ်တာကာလအတွင်း အိမ်ထောင်စုတစ်သန်းခွဲခန့်ကို လျှပ်စစ်ဓာတ်အား ထပ်မံတိုးတက်ပေးဝေနိုင်ခဲ့သည်။ သို့သော် အိမ်ထောင်စု ၆ ဒသမ ၈ သန်းခန့် လျှပ်စစ်ဓာတ်အားပေးဝေနိုင်ရေးလုပ်ဆောင်ရန် ကျန်ရှိနေသေးသည်။

မြန်မာနိုင်ငံအတွင်းရှိ နယ်မြေဒေသအနှံ့သို့ လျှပ်စစ်ဓာတ်အား ပို့လွှတ်ဖြန့်ဖြူးပေးနိုင်ရန်အတွက် လျှပ်စစ်စွမ်းအားဝန်ကြီးဌာနက ရေအား လျှပ်စစ်ဓာတ်အားပေးစက်ရုံများ၊ သဘာဝဓာတ်ငွေ့စက်ရုံများ၊ ကျောက်မီးသွေးစက်ရုံများ၊ မဟာဓာတ်အားလိုင်းအသစ်များ၊ ပင်မဓာတ်အားခွဲရုံအသစ်များ၊ ဖြန့်ဖြူးရေးဓာတ်အားခွဲရုံအသစ်များ တိုးချဲ့တည်ဆောက်ခြင်းလုပ်ငန်းများကို နိုင်ငံခြားသုံးငွေ၊ ပြည်တွင်းသုံးငွေသန်းပေါင်းများစွာ ရင်းနှီးမြှုပ်နှံကာ တည်ဆောက်အကောင်အထည်ဖော်လျက်ရှိသည်။

ထိုသို့အကောင်အထည်ဖော် ဆောင်ရွက်ပေးနေခြင်းသည် နိုင်ငံတော်နှင့် နိုင်ငံသားများအကျိုးစီးပွားဖြစ်သည်ကို နားလည်သဘောပေါက်ပြီး နိုင်ငံတည်ဆောက်ရေးအတွက် အရေးကြီးသောလုပ်ငန်းစဉ်ဖြစ်သည့် လျှပ်စစ်ဓာတ်အားတိုးတက်ရရှိရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ကြလိမ့်မည်ဟု ယုံကြည်ပါသည်။ ။

(၁၄)ကြိမ်မြောက် ရေဆေးပန်းချီပြပွဲ မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပ

မန္တလေး မတ် ၁၄

မန္တလေး ပန်းချီ၊ ပန်းပုကျောင်းဆင်းမုံရွာမြို့မှ ပန်းချီဆရာကြီးဦးအောင်မောင်း၏ (၁၄)ကြိမ်မြောက် တစ်ကိုယ်တော် ရေဆေးပန်းချီပြပွဲ ဖွင့်ပွဲအခမ်းအနားကို မတ် ၁၃ ရက် နံနက် ၉ နာရီက မန္တလေးမြို့အောင်မြေသာစံမြို့နယ် မန္တလေးတောင်ပန်းချီပြခန်း၌ ကျင်းပရာ မန္တလေးမြို့ရှိ ပန်းချီပညာရှင်များ၊ အမျိုးသားယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်(မန္တလေး) ပန်းချီပညာဌာနမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ မန္တလေး ပန်းချီ၊ ပန်းပုကျောင်းမှ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပန်းချီဆရာကြီးဦးအောင်မောင်းက ရေဆေးပန်းချီပြပွဲ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားပြီး ပန်းချီဆရာကြီးဦးလှထွန်းနှင့် ဦးခင်မောင်စန်းတို့က မုဒိတာစကားများ ပြောကြားကြသည်။ (၁၄)ကြိမ်မြောက်ရေဆေးပန်းချီ ပြပွဲတွင် ချင်းတွင်းဒေသနောက်ခံလက်ရာမြောက် ရေဆေးပန်းချီကား ၈၀ ကျော်အား မတ် ၁၃ ရက်မှ ၁၇ ရက်အထိ ပြသထားရာအခမဲ့လာရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေး အလုပ်ရုံဆွေးနွေး

ကျောက်တန်း မတ် ၁၄

ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန စာကြည့်တိုက်ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၄ ရက် နံနက် ၉ နာရီက တံတားမြို့ ပြန်/ဆက်ဦးစီးဌာနတွင် ကျင်းပသည်။

ရှေးဦးစွာ တံတားမြို့အထွေထွေအုပ်ချုပ်ရေးမှူး ဦးရဲမင်းထွန်းက အဖွင့်အမှာစကား ပြောကြားပြီး ကျောက်တန်းမြို့ ပြန်/ဆက်ဦးစီးဌာနမှူး ဒေါ်နန်းအေးခိုင်က စာကြည့်တိုက်များ ရေရှည်တည်တံ့ဖွံ့ဖြိုးလာစေရန်နှင့် စာဖတ်သူအင်အား တိုးတက်လာစေရန် ရည်ရွယ်၍ ယခုကဲ့သို့ အလုပ်ရုံဆွေးနွေးပွဲပြုလုပ်ခြင်း ဖြစ်ကြောင်း၊ "စာအုပ်စာပေ လူမိတ်ဆွေ" ဆိုသကဲ့သို့ စာဖတ်ခြင်းဖြင့် အသိဉာဏ်တိုးပွားပြီး ဆွေကောင်းတို့နှင့် တွေ့ဆုံပေါင်းဖက်ရသလို မိမိအတွက် အကျိုးတရားများ ရရှိလာမည်ဖြစ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

ဆွေးနွေးပွဲကို မတ် ၁၄ ရက်မှ ၁၆ ရက်အထိ သုံးရက်ကြာ ပြုလုပ်သွားမည်ဖြစ်ပြီး ဆွေးနွေးပွဲသို့ တံတားမြို့ပေါ်ရှိ ဌာနဆိုင်ရာများ၊ ရပ်/ကျေးအုပ်ချုပ်ရေးမှူးများနှင့် စာကြည့်တိုက်တာဝန်ခံများ စုစုပေါင်း ၃၂ ဦး တက်ရောက်ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

အောင်ဆွေ(ရွှေတံတား)

မီးဘေးသင့်ပြည်သူများအား အလှူငွေနှင့် ထောက်ပံ့ရေးပစ္စည်းများပေးအပ်

မင်းတပ် မတ် ၁၄

ဖေဖော်ဝါရီ ၂၃ ရက်က မင်းတပ်မြို့ စည်ပင်စျေးမီးလောင်မှုတွင် မီးဘေးသင့် ပြည်သူများအား လူမှုရေးအသင်းအဖွဲ့များ၏ အကူအညီဖြင့် မင်းတပ်မြို့ပေါ်ရှိပြည်သူများထံမှ ကောက်ခံရရှိသည့် အလှူငွေများ ပေးအပ်ခြင်းအခမ်းအနားကို မတ် ၁၄ ရက် မွန်းလွဲ ၂ နာရီခန့်က မင်းတပ်မြို့ ကုမ်သီခန်းမ၌ ပြုလုပ်ခဲ့သည်။

အဆိုပါအလှူငွေများပေးအပ်ခြင်းအခမ်းအနားတွင် မင်းတပ်မြို့နယ်အုပ်ချုပ်ရေးမှူးဦးငွေဒိုး၊ အလှူငွေများကို ကောက်ခံစုဆောင်းကြသော မင်းတပ်မြို့မှ ပရဟိတလူငယ်များနှင့် မီးဘေးသင့်ပြည်သူများ တက်ရောက်ခဲ့ကြပြီး ဆိုင်ခန်းစုစုပေါင်း ၄၁ ခန်းနှင့် အိမ်ထောင်စု ၂၈ စု အတွက် အလှူငွေ ၁၂၂ သိန်းနှင့် ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်ခဲ့ကြကြောင်းသိရသည်။

ခရိုင်(ပြန်/ဆက်)

ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

ရန်ကုန် မတ် ၁၄

ရန်ကုန်(ရွှေဈေး) - ၇၉၈၅၀၀ - ၇၉၉၅၀၀၊ မန္တလေး(ရွှေဈေး) ၇၉၈၅၀၀ - ၇၉၉၅၀၀

စက်သုံးဆီဈေးနှုန်း		**ရန်ကုန်**	**မန္တလေး**
(က) ဒီဇယ်	တစ်လီတာ	၄၆၀/၄၈၀ ကျပ်၊	၅၀၀/၅၃၀ ကျပ်
(ခ) အောက်တိန်း 95	တစ်လီတာ	၆၃၀/၆၅၀ ကျပ်၊	၇၀၀/၇၄၀ ကျပ်
(ဂ) အောက်တိန်း 92	တစ်လီတာ	၅၂၀/၅၃၀ ကျပ်၊	၅၈၀/၆၁၀ ကျပ်
(ဃ) အဆင့်မြင့် ဒီဇယ်	တစ်လီတာ	၅၀၀/၅၂၀ ကျပ်၊	၅၅၀/၅၈၀ ကျပ်

ရန်ကုန် လက်ကားဈေး

ဒီဇယ် တစ်လီတာ ၄၂၃ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၄၆၄ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၀၅ ကျပ်

၇-၃-၂၀၁၆ ရက်နေ့မှ ၁၁-၃-၂၀၁၆ ရက်နေ့အတွင်း ပြည်ပမှ မှာယူတင်သွင်းသည့် စက်သုံးဆီများ၏ ဆိပ်ကမ်းအရောက်ပျမ်းမျှအရင်းဈေးမှာ အောက်တိန်း 92 တစ်လီတာ ၄၈၁ ကျပ်နှင့် ဒီဇယ် တစ်လီတာ ၄၃၈ ကျပ် ဖြစ်ပါသည် (လက်လီဆိုင်များ ရောင်းဈေးအနေဖြင့် သိုလှောင်စရိတ်၊ သယ်ပို့စရိတ်ခရီးအကွာအဝေးပေါ် မူတည်၍ ဈေးနှုန်းကွာခြားနိုင်ပါသည်။)

နိုင်ငံခြားငွေလဲလှယ်နှုန်း

(က)	အမေရိကန်	တစ်ဒေါ်လာ	- ၁၂၁၈. ၀	(ဆ)	ဂျပန်	တစ်ရာယန်း - ၁၀၇၀. ၇
(ခ)	ဥရောပ	တစ်ယူရို	- ၁၃၅၉. ၃	(ဇ)	တောင်ကိုရီးယား	တစ်ရာ၀မ် - ၁၀၂. ၄၃
(ဂ)	တရုတ်	တစ်ယွမ်	- ၁၈၇. ၅၂	(ဈ)	ဩစတြေးလျ	တစ်ဒေါ်လာ - ၉၂၁. ၇၁
(ဃ)	ထိုင်း	တစ်ဘတ်	- ၃၄. ၇၂	(ည)	စင်ကာပူ	တစ်ဒေါ်လာ - ၈၈၆. ၃၇
(င)	မလေးရှား	တစ်ရင်းဂစ်	- ၂၉၇. ၃၃			
(စ)	အိန္ဒိယ	တစ်ရူပီး	- ၁၈. ၂၀၁			

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

ကြေးမုံ
နေ့စဉ်သတင်းစာ

စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
အာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှဲ့သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ မေသကြီန်၊ အေးအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလဲ့

ရေကို အကျိုးရှိထိရောက်စွာ သုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် နိုင်ငံ၏ ရေအရင်းအမြစ်များနှင့် အဓိကကျသည့်မြစ်ဝှမ်းများကို စီမံခန့်ခွဲနိုင်ရန်လိုအပ်

နေပြည်တော် မတ် ၁၄

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းသည် ယနေ့နံနက် ၉ နာရီတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအမှတ်(၂)၌ ကျင်းပသည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ၏ ကမ္ဘာ့ရေနေ့ ၂၀၁၆ ဖွင့်ပွဲအခမ်းအနားသို့ တက်ရောက်အမှာစကားပြောကြားသည်။

ဖွင့်ပွဲအခမ်းအနားတွင် ဒုတိယသမ္မတ ဦးဉာဏ်ထွန်းက နှစ်စဉ်နှစ်တိုင်း မတ် ၂၂ ရက်ကို ကမ္ဘာ့ရေနေ့အဖြစ်သတ်မှတ်ပြီး ရေအသုံးပြုမှုအမျိုးမျိုးနှင့်ပတ်သက်၍ သတိပြုမိစေရန်၊ လက်ရှိနှင့် အနာဂတ်မျိုးဆက်များအတွက် ရေအရင်းအမြစ်များကို ရေရှည်တည်တံ့အောင် ထိန်းသိမ်းသုံးစွဲရန် သတိပေးလျက်ရှိပါကြောင်း၊ ယခုနှစ်အတွက် ကမ္ဘာ့ရေနေ့ဆောင်ပုဒ်မှာ "ရေနှင့် အလုပ်အကိုင်အခွင့်အလမ်း" "Water and Jobs" ဖြစ်ပြီး ရေနှင့်ဆက်နွယ်သော ကဏ္ဍများတွင် လုပ်ငန်းဆောင်ရွက်လုပ်ကိုင်နေကြသူများကို အထူးသတိပြုအလေးထားစေရန် ရည်ရွယ်ပါကြောင်း။

မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ခုနှစ်တွင် ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲမှုစနစ်ကို အပြည့်အဝအကောင်အထည်ဖော် ဆောင်ရွက်နိုင်ပြီး ရေကို အကျိုးရှိထိရောက်စွာသုံးစွဲနိုင်သော နိုင်ငံတစ်နိုင်ငံဖြစ်စေရန် တွန်းအားပေးဆောင်ရွက်သွားကြရမည်ဖြစ်ပါကြောင်း၊ နိုင်ငံ၏ရေအရင်းအမြစ်များနှင့် အဓိကကျသည့်မြစ်ဝှမ်းများကို သင့်တင့်လျောက်ပတ်စွာ စီမံခန့်ခွဲနိုင်ရန်လိုအပ်ပါကြောင်း၊ လိုအပ်သည့်ရုပ်ပိုင်းဆိုင်ရာအခြေခံအဆောက်အအုံများ၊ အဖွဲ့အစည်းများနှင့် လူသားအရင်းအမြစ်တို့ကို အရည်အသွေးမြင့်တင်ပေးမှုများကိုလည်း တစ်ချိန်တည်း တစ်ပြိုင်တည်း ဆောင်ရွက်နိုင်ရေးအတွက် ရေဆိုင်ရာကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုပြုကြရန် လိုပါကြောင်း။

ရေပေးဝေမှု၊ မိလ္လာနှင့်ရေသန့်၊ တစ်ကိုယ်ရေသန့်ရှင်းမှုနှင့် ပတ်ဝန်းကျင်သန့်ရှင်းမှု၊ ရေသွင်းစိုက်ပျိုးမှု၊ ရေအားလျှပ်စစ်စသည့် ရေနှင့်ဆိုင်သည့်ကဏ္ဍများကိုလည်း တိုးတက်မှုရှိလာရန် အစိုးရနှင့် ပြည်သူပူးပေါင်းဆောင်ရွက်သွားကြရမည် ဖြစ်ပါကြောင်း၊ ရေအသုံးပြုသူများအကြား ရေရှည်တည်တံ့သော ရေအသုံးချနိုင်မှုနှင့်ပတ်သက်သော အသိပညာ၊ ဗဟုသုတ၊ နည်းပညာ၊ ပူးပေါင်းဆောင်ရွက်မှု၊ ဆွေးနွေးတိုင်ပင်မှုနှင့် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများကို တိုးမြှင့်ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ရာသီဥတုပြောင်းလဲမှုနှင့် လိုက်လျောညီထွေရှိအောင် ပြင်ဆင်ညှိနှိုင်းရာတွင် လိုအပ်သော မဟာဗျူဟာများအနက် ရေကိုပိုမိုသိုလှောင်ခြင်းဆိုသည့် အချက်တစ်ချက်ပါဝင်ပါကြောင်း၊ ရေသိုလှောင်ခြင်းနည်းလမ်းများထဲမှ မြေဆီလွှာ အစိုဓာတ်ထိန်းခြင်း၊ ရေအိုင်၊ ရေကန်၊ မြေအောက်ရေ၊ ရေလှောင်ကန် အကြီးအသေးများကို တည်ဆောက်ခြင်းစသည့် နည်းလမ်းများ ပါဝင်ပါကြောင်း။

အဆိုပါနည်းလမ်းများကို တွဲဖက်အသုံးပြုခြင်းဖြင့် ရာသီဥတုပြောင်းလဲမှုကြောင့် ဖြစ်ပေါ်လာနိုင်သည့် ရေပြဿနာများကို ကိုင်တွယ်ဖြေရှင်းနိုင်မည်ဖြစ်ပါကြောင်း၊ ယခုနှစ်သည် အယ်နီညိုနှစ်ဖြစ်၍ အပူချိန်ပိုမိုနိုင်သည့်အတွက် ကဏ္ဍအလိုက် ရေလိုအပ်မှုအပေါ်မူတည်ပြီး စီမံခန့်ခွဲခြင်းကို ပိုမိုကောင်းမွန်အောင် လုပ်ဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ရေအနည်းငယ်သာလိုအပ်သည့် စိုက်ပျိုးရေးနည်းပညာများ၊ စိုက်ပျိုးပင်နှင့် စိုက်ပျိုးနည်းစနစ်ပုံစံများ၊ အိမ်သုံးရေခြိုးခြံခြင်း၊ စက်မှုလုပ်ငန်းသုံးရေများ လျှော့ချခြင်းစသည့် လိုက်လျောညီထွေမှုရှိမည့် စီမံခန့်ခွဲမှုများကို ဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း။

ထို့ကြောင့် မြန်မာ့ရေအရင်းအမြစ်များကို စနစ်တကျစီမံခန့်ခွဲရန်အတွက် ရေနှင့်သက်ဆိုင်သောဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများပါဝင်သည့် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင်လအတွင်း ဖွဲ့စည်းခဲ့ပြီး ၂၀၁၄ ခုနှစ်တွင် ရေဆိုင်ရာကျွမ်းကျင်ပညာရှင်များ၏ ပံ့ပိုးမှုနှင့် ပထမဆုံး အမျိုးသားအဆင့် ရေမူဝါဒကိုထုတ်ပြန်နိုင်ခဲ့ပါကြောင်း၊ ရေဥပဒေပေါ်ထွန်းလာရေးအတွက် ကျွမ်းကျင်ပညာရှင်များက ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။

ထို့အပြင် မြန်မာနိုင်ငံအတွင်း ရေအရင်းအမြစ် ဘက်စုံစီမံခန့်ခွဲနိုင်ရေးအတွက် နယ်သာလန်နိုင်ငံနှင့် ပူးပေါင်းဆောင်ရွက်နေသည့်အပြင် မြန်မာ့ရေကဏ္ဍဖွံ့ဖြိုးလာစေရန် သက်ဆိုင်ရာနယ်ပယ်အလိုက် ကမ္ဘာ့နိုင်ငံများမှ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိပါကြောင်း။

မိမိတို့နိုင်ငံအနေဖြင့် ကမ္ဘာနိုင်ငံများနည်းတူ ရေအရင်းအမြစ်များ ကာကွယ်စောင့်ရှောက်ထိန်းသိမ်းရန်၊ ဖွံ့ဖြိုးတိုးတက်လာစေရန်နှင့် ဘက်စုံစီမံခန့်ခွဲနိုင်ရန်အတွက် ဆောင်ရွက်လျက်ရှိပြီး ကမ္ဘာ့ရေနေ့အခမ်းအနားကို ၂၀၁၄ ခုနှစ်မှ ယခုနှစ်အထိ (၃)ကြိမ်မြောက် ကျင်းပနိုင်ခဲ့ပါကြောင်း၊ အဆိုပါအခမ်းအနားများတွင် ဆွေးနွေးခဲ့ကြမှုများသည် နိုင်ငံ၏ ရေအရင်းအမြစ်ဘက်စုံစီမံခန့်ခွဲမှုများအတွက် ရှေ့ဆက်မည့်မဟာဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို များစွာအထောက်အကူဖြစ်မည်ဟု ယုံကြည်ပါကြောင်း၊ ရေဆိုင်ရာလုပ်ငန်းများသည် လက်တွေ့တွင် အဓိကကျသောလုပ်ငန်းများဖြစ်၍ ဆွေးနွေးညှိနှိုင်းအဖြေရှာပြီး မှန်ကန်သည့်အကျိုးရလဒ်ကို ရရှိအကောင်အထည်ဖော်ဆောင်ပေးရန် လိုအပ်ပါကြောင်း ပြောကြားသည်။

ထို့နောက် ကမ္ဘာ့ဘဏ်မှ ဧရာဝတီမြစ်ဝှမ်း ဘက်စုံစီမံခန့်ခွဲမှုစီမံကိန်း လုပ်ငန်းအဖွဲ့ခေါင်းဆောင် ဒေါက်တာဂရက်ဘရောက်ဒါက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အမျိုးသားအဆင့်ရေအရင်းအမြစ်ကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုမှတ်တမ်းဗီဒီယိုကို ပြသသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံရုံးမှ သံရုံးတာဝန်ခံ မစ္စကယ်ရိုလာဘယ်လာနှင့် ဩစတြေးလျနိုင်ငံမှ ဖွံ့ဖြိုးမှုပူးပေါင်းဆောင်ရွက်ရေးကောင်စစ်ဝန် မစ္စတာနီကိုလတ်ကမ့်စတန်တို့က မြန်မာနိုင်ငံ၏ ရေအရင်းအမြစ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင် ပူးပေါင်းပါဝင်ဆောင်ရွက်မည့်လုပ်ငန်းများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် ဒုတိယသမ္မတသည် အခမ်းအနားသို့ တက်ရောက်လာကြသူများနှင့်အတူ စုပေါင်း၍ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ဖွင့်ပွဲအခမ်းအနားအပြီးတွင် ဒုတိယသမ္မတနှင့် အဖွဲ့ဝင်များသည် မြန်မာအပြည်ပြည်ဆိုင်ရာကွန်ဗင်းရှင်းဗဟိုဌာနအတွင်း ခင်းကျင်းပြသထားသည့် ရေအရင်းအမြစ်အသုံးချရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးသည်။

အဆိုပါအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီဝင်များ၊ ပြည်တွင်းပြည်ပပညာရှင်များနှင့် လူမှုရေးအသင်းအဖွဲ့များမှကိုယ်စားလှယ်များ တက်ရောက်ကြသည်။

(သတင်းစဉ်)

ဒုတိယသမ္မတ ဦးဉာဏ်ထွန်း ရေအရင်းအမြစ်အသုံးချရေးဆိုင်ရာပြခန်းများကို လှည့်လည်ကြည့်ရှုအားပေးစဉ်။ (သတင်းစဉ်)

မြန်မာ့ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မျိုးကောင်းမျိုးသန့်၊ မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာရေးအတွက် ပုဂ္ဂလိက၏အခန်းကဏ္ဍဆွေးနွေးပွဲ ကျင်းပမည်

နေပြည်တော် မတ် ၁၄

မြန်မာနိုင်ငံ၏ အဓိကသီးနှံဖြစ်သည့် ဆန်စပါးသီးနှံစိုက်ပျိုးထုတ်လုပ်မှု ရေရှည်တည်တံ့စွာ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ယင်းအတွက် အဓိကအရေးပါသည့် မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ဖြန့်ဖြူးသည့် မျိုးစေ့ထုတ်လုပ်ငန်းများ (Seed Industry) တိုးတက်ဖွံ့ဖြိုးလာရေးတို့သည် လယ်ယာကဏ္ဍအတွက် ပဓာနကျသည့်အားလျော်စွာ လက်ရှိရေးဆွဲချမှတ်ထားသည့် "မြန်မာ့ဆန်စပါးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာ" (Myanmar Rice Sector Development Strategy-MRSDS) အရ နိုင်ငံပိုင်ကဏ္ဍနှင့် ပုဂ္ဂလိကကဏ္ဍတို့အကြား ပူးပေါင်းဆောင်ရွက်သွားနိုင်မည့် လုပ်ငန်းအစီအစဉ်များ ဆွေးနွေးဖော်ထုတ်မည့် မြန်မာ့ဆန်စပါးကဏ္ဍ ရေရှည်တည်တံ့ဖွံ့ဖြိုးရေး၊ မျိုးကောင်းမျိုးသန့်မျိုးစေ့ထုတ်လုပ်ငန်းများ တိုးတက်ထွန်းကားလာရေးအတွက် ပုဂ္ဂလိက၏အခန်းကဏ္ဍဆွေးနွေးပွဲ (Seminar on the Role of Private Sector for Sustainable Myanmar Rice Sector and Seed Industry Development) တစ်ရပ်ကို မတ် ၁၈ ရက်နှင့် ၁၉ ရက်တို့တွင် လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါဆွေးနွေးပွဲသို့ လယ်ယာစိုက်ပျိုးရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးပညာရှင်များ၊ မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် ဆက်စပ်အသင်းအဖွဲ့များမှ တာဝန်ရှိသူများ၊ စီးပွားရေးပညာရှင်များ၊ ကမ္ဘာ့စားနပ်ရိက္ခာနှင့် စိုက်ပျိုးရေးအဖွဲ့ (FAO)၊ အပြည်ပြည်ဆိုင်ရာ ဆန်စပါးသုတေသနဌာန (IRRI)၊ LIFT၊ အာရှဖွံ့ဖြိုးရေးဘဏ် (ADB)၊ ဂျပန်နိုင်ငံ အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (JICA)၊ ကိုရီးယားအပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးအေဂျင်စီ (KOICA) တို့မှ တာဝန်ရှိသူများ ပါဝင်တက်ရောက်ဆွေးနွေးကြမည်ဖြစ်ပြီး စိတ်ပါဝင်စားသူများ၊ ပြည်တွင်းပြည်ပ မီဒီယာများ ပါဝင်တက်ရောက်နိုင်ကြောင်းနှင့် သိရှိလိုသည်များကို ဖုန်း-၀၆၇-၄၁၀၀၇၀ နှင့် ၀၆၇-၄၁၀၀၀၇ သို့ ဆက်သွယ်မေးမြန်းစုံစမ်းနိုင်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီး၌ မွေးကင်းစကလေးငယ်များ သေဆုံးမှုဖြစ်စဉ်တွင် ကလေးငယ်များ၏ သွေးအဖြေများအား စိစစ်ရာ သွေးအဆိပ်တက်နိုင်သည့် ရောဂါပိုးမွှားများပေါက်ပွားမှုကို စစ်ဆေးတွေ့ရှိ

နေပြည်တော် မတ် ၁၄

ပဲခူးမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် မွေးကင်းစကလေးငယ်များ သေဆုံးမှုဖြစ်စဉ်နှင့် ပတ်သက်၍ ကျန်းမာရေးဝန်ကြီးဌာနက မတ် ၁၀ ရက်တွင် သတင်းထုတ်ပြန်ခဲ့ကာ မတ် ၁၁ ရက်တွင် သတင်းစာရှင်းလင်းပွဲအခမ်းအနား ဆောင်ရွက်ခဲ့ပြီး ဖြစ်စဉ်နှင့် စပ်လျဉ်း၍လည်းကောင်း၊ ဖြစ်စဉ်အပေါ် ဆက်လက်ဆောင်ရွက်လျက်ရှိသည့်လုပ်ငန်းများနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းခဲ့ပြီးဖြစ်ကြောင်း။

ဆက်လက်၍ ပြင်ပမှဝယ်ယူထိုးနှံပေးခဲ့သည့် အသည်းရောင်အသားဝါ(ဘီ)ပိုးကာကွယ်ဆေး Hepavax Gene TF နှင့် Engerix B ဆေးဝါးစစ်မှန်ခြင်း ရှိ၊ မရှိကို အသေးစိတ်ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း။

မွေးကင်းစကလေးငယ်များတွင် ပိုးဝင်၍ သွေးအဆိပ်တက်ခြင်းလက္ခဏာများ တွေ့ရှိရမှုကို အမျိုးသားကျန်းမာရေးဓာတ်ခွဲမှုဆိုင်ရာဌာန(ရန်ကုန်မြို့)သို့ ပေးပို့စမ်းသပ်စစ်ဆေးခဲ့ရာ ကလေးငယ်များ၏ သွေးအဖြေများတွင် သွေးအဆိပ်တက်နိုင်သည့် ရောဂါပိုးမွှားများ ပေါက်ပွားမှုကို စစ်ဆေးတွေ့ရှိရကြောင်း။

လက်ရှိစစ်ဆေးဖော်ထုတ်ချက်များအရ ဖော်ပြပါဖြစ်စဉ်တွင် ကလေးများမှာ ရောဂါပိုးမွှားများကြောင့် သွေးအဆိပ်တက်ခြင်းဖြစ်ပြီး ကလေးငယ်များသေဆုံးမှုနှင့် အဖျားဝင်ခြင်း၊ တက်ခြင်းအစရှိသော လက္ခဏာများ ပေါ်ပေါက်ရခြင်းဖြစ်သည်ဟု လတ်တလောသုံးသပ်ယူဆရကြောင်း။

အဆိုပါဖြစ်စဉ်ကြောင့် ပဲခူးမြို့အထွေထွေရောဂါကုဆေးရုံကြီးနှင့် ခုတင်(၅၅၀)ဆံ့ ကလေးအထူးကုဆေးရုံကြီး(ရန်ကင်း)တို့တွင် တက်ရောက်ကုသမှုခံယူလျက်ရှိသော ကလေးများအား လိုအပ်သောဆေးကုသမှုများကြေပ်မတ် ဆောင်ရွက်ပေးလျက်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာနမှ သတင်းရရှိသည်။

(သတင်းစဉ်)

အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ် ဥရောပနှင့်ရုရှား ပူးတွဲလွှတ်တင်

မော်စကို မတ် ၁၄

ဥရောပနှင့်ရုရှားတို့၏ ပူးတွဲအာကာသစူးစမ်းလေ့လာရေးအစီအစဉ်အရ အင်္ဂါဂြိုဟ်လေ့လာရေးအာကာသယာဉ်တစ်စင်းကို မတ် ၁၄ ရက်တွင် လွှတ်တင်လိုက်ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက သတင်းထုတ်ပြန်သည်။

အိပ်ဇိုမားစ်အမည်ရှိ ပူးတွဲအာကာသစူးစမ်းလေ့လာရေးအစီအစဉ်အရ အင်္ဂါဂြိုဟ်၌ သက်ရှိများ ရှိ၊ မရှိ စူးစမ်းလေ့လာမည်ဖြစ်သည်။

အိပ်ဇိုမားစ် ၂၀၁၆ အမည်ရှိ အာကာသယာဉ်ကို တင်ဆောင်ထားသော ပရိုတွန်-အမ် ဒုံးပျံယာဉ်သည် ကာဇက်စတန်နိုင်ငံ ဘေကိုနူးအာကာသစခန်းမှ လွှတ်တင်ခဲ့သည်။

အိပ်ဇိုမားစ် အာကာသယာဉ်သည် အာကာသအတွင်း ခုနစ်လကြာ ခရီးနှင်မည်ဖြစ်သည်။ အာကာသယာဉ်နှင့်အတူ လေထုလွှာစူးစမ်းလေ့လာရေးကိရိယာ ပါရှိပြီး မီသိန်းကဲ့သို့သော ဓာတ်ငွေ့များကို စူးစမ်းလေ့လာမည်ဖြစ်သည်။ မီသိန်းဓာတ်ငွေ့သည် ကမ္ဘာမြေပေါ်တွင် သက်ရှိတို့နှင့် နီးနီးစပ်စပ်ဆက်နွယ်မှုရှိသော ဓာတုပစ္စည်းတစ်မျိုးဖြစ်သည်။

ယခင် အင်္ဂါဂြိုဟ်စူးစမ်းလေ့လာရေးယာဉ်များသည် အင်္ဂါဂြိုဟ်၏လေထုလွှာအတွင်း မီသိန်းဓာတ်ငွေ့ပါဝင်မှုကို ထောက်လှမ်းတွေ့ရှိခဲ့သည်။

မိမိတို့၏ နေစကြဝဠာအတွင်း သက်ရှိတို့ မည်ကဲ့သို့ အစပြုဖြစ်ပေါ်ခဲ့သည်ကို လေ့လာလိုသဖြင့် အင်္ဂါဂြိုဟ်ကို စိတ်ဝင်စားခြင်းဖြစ်ကြောင်း ဂျာမနီအာကာသအေဂျင်စီ၏ အမှုဆောင်ဘုတ်အဖွဲ့ဥက္ကဋ္ဌ ပါစကယ်အာရင်ဖရန်က ဥရောပအာကာသအေဂျင်စီ၌ ပြုလုပ်သော အာကာသယာဉ်လွှတ်တင်မှုအထိမ်းအမှတ်အခမ်းအနားတွင် ပြောကြားသည်။

လွှတ်တင်လိုက်သော အာကာသယာဉ်နှင့်အတူ ဂြိုဟ်ဆင်းယာဉ်တစ်စင်းပါရှိပြီး ၂၀၁၈ ခုနှစ်တွင် အင်္ဂါဂြိုဟ်မျက်လွှာပြင်ပေါ် မောင်းနှင်နိုင်မည့်ယာဉ် ထပ်မံစေလွှတ်နိုင်ရေးအတွက် လိုအပ်သည့်နည်းပညာ စမ်းသပ်မှုများကို ပြုလုပ်သွားမည်ဖြစ်သည်။ **ရိုက်တာ။**

ကာဒစ်အလုပ်သမားပါတီတပ်ဖွဲ့၏ ပစ်မှတ်များကို တူရကီစစ်လေယာဉ်များ တိုက်ခိုက်

အန်ကာရာ မတ် ၁၄

မတရားသင်းအဖြစ် ကြေညာခံထားရသော ကာဒစ်အလုပ်သမားများပါတီ (ပီကေကေ)၏ အီရတ်မြောက်ပိုင်းမှ တပ်ဖွဲ့စခန်းများကို မတ် ၁၄ ရက် နံနက်အစောပိုင်းတွင် တူရကီလေတပ်လေယာဉ်များက တိုက်ခိုက်ခဲ့ကြောင်း ယနေ့ဆင်ဟွာ သတင်းတွင် ဖော်ပြသည်။

တူရကီလေတပ်မှ စစ်လေယာဉ် ၁၁ စင်းသည် အီရတ်နိုင်ငံမြောက်ပိုင်းကွမ်ဒေးလ်နှင့်ဂါရာဒေသတို့ရှိ ပီကေကေပစ်မှတ် ၁၈ ခုကို တိုက်ခိုက်ခဲ့ကြောင်း တူရကီစစ်ဘက်ဆိုင်ရာ ကြေညာချက်တွင် ဖော်ပြသည်။

တူရကီနိုင်ငံ အန်ကာရာမြို့၌ လူ ၃၇ ဦး ထက်မနည်းသေဆုံးခဲ့ရသည့် အသေခံကားဗုံး ဖောက်ခွဲမှု မတ် ၁၃ ရက်က ဖြစ်ပွားပြီးနောက် တူရကီက ပီကေကေအဖွဲ့၏ ပစ်မှတ်များကို လေကြောင်းမှ တိုက်ခိုက်ခဲ့ခြင်းဖြစ်သည်။

အန်ကာရာမြို့ ဂူဘင်ပန်းခြံအနီးရှိ ဘတ်စ်ကားဂိတ်တွင် အသေခံဗုံးဖောက်ခွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး ဗုံးပေါက်ကွဲမှုကြောင့် ယာဉ်အချို့ပါ မီးကူးဆက်လောင်ကျွမ်းခဲ့သည်။ ယင်းအသေခံကားဗုံး ဖောက်ခွဲမှုတွင် တာဝန်ရှိကြောင်း ယခုအချိန်ထိ မည်သည့်အဖွဲ့အစည်းကမျှ ထုတ်ဖော်ပြောကြားခြင်းမရှိကြောင်း သတင်းတွင် ဖော်ပြသည်။

ယခုနှစ်ဖေဖော်ဝါရီ ၁၇ ရက်ကလည်း မြို့တော်အန်ကာရာရှိ စစ်ဘက်ဆိုင်ရာ သယ်ယူပို့ဆောင်ရေးဘတ်စ်ကားများကို ပစ်မှတ်ထားကာ ကားဗုံးဖောက်ခွဲမှုတစ်ရပ်ဖြစ်ပွားခဲ့ရာ လူ ၂၉ ဦးထက်မနည်းသေဆုံးပြီး ၈၁ ဦး ထိခိုက်ဒဏ်ရာရခဲ့သည်။

ယင်းဗုံးဖောက်ခွဲမှုမှာ ၎င်းတို့လုပ်ဆောင်ခြင်းဖြစ်ကြောင်း ကာဒစ္စတန်လွတ်လပ်သော သိမ်းငှက်များအမည်ရှိ စစ်သွေးကြွအဖွဲ့က ပြောကြားသည်။ ယင်းအဖွဲ့မှာ ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)နှင့်ဆက်နွယ်မှုရှိသည်။

တူရကီအစိုးရနှင့်ကာဒစ်အလုပ်သမားပါတီ(ပီကေကေ)အကြားရရှိထားသည့် အပစ်အခတ်ရပ်စဲရေးသဘောတူညီချက်သည် ယမန်နှစ် ဇူလိုင်လကတည်းက ပျက်ပြားခဲ့ပြီးနောက် တူရကီအစိုးရတပ်ဖွဲ့များက နိုင်ငံအရှေ့တောင်ပိုင်းဒေသရှိ ပီကေကေတပ်ဖွဲ့များအား စစ်ရေးအရ တိုက်ခိုက်မှုများပြုလုပ်လာခဲ့သည်။ တူရကီနိုင်ငံတွင်းနှင့် အီရတ်နိုင်ငံမြောက်ပိုင်းတွင် ဖြစ်ပွားသောတူရကီ လုံခြုံရေးတပ်ဖွဲ့နှင့် ပီကေကေအဖွဲ့အကြား လက်နက်ကိုင်တိုက်ခိုက်မှုများကြောင့် တူရကီ လုံခြုံရေးတပ်ဖွဲ့ဝင် ၂၆၀ ကျော်နှင့် ပီကေကေတပ်ဖွဲ့ဝင်ထောင်ချီ၍ သေဆုံးခဲ့သည်။

ဆင်ဟွာ။

သီရိလင်္ကာရှိ လျှပ်စစ်ဓာတ်အား ပို့လွှတ်ရေးစခန်းများကို စစ်ဘက်ဆိုင်ရာ လုံခြုံရေး တပ်ဖွဲ့ဝင်များ စောင့်ကြပ်မည်

ကိုလံဘို မတ် ၁၄

သီရိလင်္ကာနိုင်ငံ တစ်ဝန်းရှိ အဓိကကျသော လျှပ်စစ်ဓာတ်အား ထပ်ဆင့်ပို့လွှတ်ရေးစခန်း ၁၀၀ ကို စစ်ဘက်ဆိုင်ရာ တပ်ဖွဲ့ဝင်များက လုံခြုံရေး စောင့်ကြပ်ပေးရန် စီစဉ်လျက်ရှိကြောင်း အစိုးရတာဝန်ရှိသူများက မတ် ၁၄ ရက်တွင် ပြောကြားကြသည်။

သီရိလင်္ကာနိုင်ငံ၌ မတ် ၁၃ ရက်က နိုင်ငံတစ်ဝန်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ဆိုးဆိုးရွားရွား ဖြစ်ပွားခဲ့ပြီးနောက် လျှပ်စစ်ဓာတ်အား ထပ်ဆင့် ပို့လွှတ်ရေးစခန်းများကို လုံခြုံရေးစောင့်ကြပ်ရန် အစိုးရအဖွဲ့က စီစဉ်ဆောင်ရွက်ခြင်းဖြစ်သည်။

နှစ်ပေါင်း ၂၀ ကာလအတွင်း အဆိုးရွားဆုံးသော လျှပ်စစ်ဓာတ်အား ပြတ်တောက်မှုဖြစ်ပေါ်ရခြင်းသည် ထရန်စဖော်မာ ပေါက်ကွဲမှုကြောင့် ဖြစ်နိုင်ဖွယ်ရှိကြောင်း၊ သို့ရာတွင် ရက်သတ္တနှစ်ပတ်မှ သုံးပတ်တာကာလအတွင်း လျှပ်စစ်ဓာတ်အား ပြတ်တောက်မှု ထပ်မံဖြစ်ပေါ်ရခြင်းသည် သွေးရိုးသားရိုးကိစ္စမဟုတ်ဟု မဆိုနိုင်ဘဲ အဖျက်အမှောင့် လုပ်ရပ်ကြောင့်လည်း ဖြစ်ပေါ်ရဖွယ်ရှိကြောင်း လျှပ်စစ်ဓာတ်အားဝန်ကြီး ရန်ဂျစ်က သတင်းထောက်များကို ပြောကြားသည်။ **ရိုက်တာ။**

ထိုင်းဘဏ်တစ်ခု ဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူရှစ်ဦးသေဆုံး

ဗန်ကောက် မတ် ၁၄

ထိုင်းနိုင်ငံ ဗန်ကောက်မြို့တော်ရှိ ဘဏ်တစ်ခုတွင် မတ် ၁၃ ရက် ညက ဓာတုဓာတ်ငွေ့ယိုစိမ့်မှုကြောင့် လူရှစ်ဦးသေဆုံးခဲ့ရသည်။

ဆိုင်ယမ်း စီးပွားရေးဘဏ်တွင် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။ ဓာတ်ငွေ့ယိုစိမ့်မှုအတွင်း ကန်ထရိုက်တာ ခုနစ်ဦးနှင့် လုံခြုံရေးဝန်ထမ်းတစ်ဦးသေဆုံးခဲ့ပြီး အခြားခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့သည်။

ဘဏ်၏မြေအောက်ခန်းတွင် ကန်ထရိုက်တာများက မီးသတ်စနစ်ပြန်လည်ပြုပြင်တပ်ဆင်နေစဉ် ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားခဲ့ခြင်းဖြစ်ပြီး မီးလောင်ခြင်း သို့မဟုတ် ပေါက်ကွဲမှုဖြစ်ခြင်းများ မရှိခဲ့ပေ။

ရဲတပ်ဖွဲ့က ဓာတ်ငွေ့ယိုစိမ့်မှုဖြစ်ပွားစေသည့် မီးသတ်စနစ်ပြန်လည်ပြုပြုရေးလုပ်ငန်းစဉ်နှင့် ပတ်သက်၍ စစ်ဆေးမှုများပြုလုပ်လျက်ရှိသည်။

အင်နန်အိတ်ချ်ကေ။

စင်ကာပူဝန်ကြီးချုပ်ကို အသရေဖျက်သူ ဘလော့ဂါအား ဒဏ်ကြေးပေးဆောင်ရန် တရားရုံးအမိန့်ချမှတ်

စင်ကာပူ မတ် ၁၄

စင်ကာပူဝန်ကြီးချုပ် လီရှန်လွန်းအား အသရေဖျက်မှုကြောင့် လျော်ကြေးငွေပေးရန် ပြီးခဲ့သည့်နှစ် ဒီဇင်ဘာလက စင်ကာပူတရားရုံးချုပ်၏ အမိန့်ချမှတ်ခြင်းခံခဲ့ရသူ ဘလော့ဂါရွှင်းမှာ ဒဏ်ကြေးငွေ စင်ကာပူဒေါ်လာ ၁၅၀၀၀ (အမေရိကန်ဒေါ်လာ ၁၀၉၅၀၀ ခန့်) စတင်ပေးဆောင်ရတော့မည်ဖြစ်ကြောင်း စီအင်နန်အေသတင်းဌာနက မတ် ၁၄ ရက်တွင် သတင်းဖော်ပြသည်။

ဘလော့ဂါရွှင်းမှာ ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ်ထိ ငါးနှစ်ကြာ တစ်လလျှင် ဒဏ်ကြေးငွေ စင်ကာပူဒေါ်လာ ၁၀၀ (အမေရိကန်ဒေါ်လာ ၇၃) စတင်ပေးဆောင်၍ ဒဏ်ကြေးငွေအပြည့် ပေးဆောင်ပြီးချိန်ထိ တစ်လလျှင် စင်ကာပူဒေါ်လာ ၁၀၀၀ (အမေရိကန်ဒေါ်လာ ၇၃၀) ပေးဆောင်ရမည် ဖြစ်ကြောင်း သူ၏ရှေ့နေ ယူဂျင်းက ပြောကြားသည်။ အရစ်ကျငွေအားလုံး အချိန်မီပေးဆောင်ပါက ရွှင်း၏ဒဏ်ကြေးငွေပေးဆောင်မှုမှာ ၂၀၃၃ ခုနှစ်မတိုင်မီ ပြီးစီးမည်ဖြစ်ကြောင်း စီအင်နန်အေသတင်းဌာနကဆိုသည်။ အသက် (၃၄) နှစ်အရွယ်ရှိ ရွှင်းက ဝန်ကြီးချုပ်သည် CPF ခေါ် ပြည်သူများ၏စုဆောင်းငွေများကို အလွဲသုံးစားပြုလုပ်ခဲ့ကြောင်း ၂၀၁၄ ခုနှစ် မေလအတွင်းက ရေးသားခဲ့သည့် The Heart Truths ခေါ် ပို့စ်တစ်ခုအတွင်း လီအား အသရေဖျက်ထားသည်။

ထို့အပြင် ၎င်းက သင်းအုပ်ဆရာတစ်ဦး၏ဇနီးအား ကမ္ဘာကျော် ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်လာစေရန် ဘုရားကျောင်းရန်ပုံငွေ အမေရိကန်ဒေါ်လာ ၃၅ သန်းကျော် အလွဲသုံးစားပြုလုပ်ခဲ့သော City Harvest ဘုရားကျောင်းအကြီးအကဲများနှင့်လည်း ဝန်ကြီးချုပ်လီအား နှိုင်းယှဉ်ထားသည်။ အလားတူ ရေးသားဖော်ပြမှုများ ရပ်တန့်ရန် ရွှင်းအားတောင်းဆိုခဲ့ပြီး တရားရုံးမှ တရားဝင် အမိန့်ချမှတ်ထားသော်လည်း သူ့အနေဖြင့် CPF နှင့်အခြားကိစ္စရပ်များဘက်မှ ဆက်လက်ရပ်တည်မည်ဖြစ်ကြောင်း သူက ဘလော့ပို့စ်တစ်ခုအတွင်း နောက်ပိုင်းရေးသားခဲ့သည်။ ရွှင်းမှာ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ ကာလအတွင်းက Reform ပါတီ၏ခွင့်ပြုချက်မရဘဲ လူစုလူဝေးမှုတစ်ရပ် ပြုလုပ်ရန် စည်းရုံးမှုကြောင့် ၂၀၁၅ ခုနှစ်အတွင်း စုစုပေါင်း စင်ကာပူဒေါ်လာ ၁၉၀၀ (အမေရိကန်ဒေါ်လာ ၁၃၈၇) ဒဏ်ရိုက်ခံခဲ့ရသည်။ **ဆင်ဟွာ။**

အကျင့်ပျက်ခြစားသည့် အရာရှိ ၅၀၀၀၀ ကျော်ကို တရုတ်အရေးယူ

ပေကျင်း မတ် ၁၄

၂၀၁၅ ခုနှစ်အတွင်း အကျင့်ပျက်ခြစားမှုနှင့်ပတ်သက်၍ အစိုးရအရာရှိ ၅၄၀၀၀ ကျော်ကို တရားစွဲဆိုခဲ့ကြောင်း တရုတ်အစိုးရထိပ်တန်းရှေ့နေ တစ်ဦးက ပြောကြားသည်။

အဆိုပါကိစ္စနှင့် ပတ်သက်၍ ပြည်သူ့ဗဟိုတရားရုံးချုပ်ရှေ့နေအကြီးအကဲ ကာကျန်မင်းက ပေးကျင်မြို့တော်၌ မတ် ၁၃ ရက်က ကျင်းပသည့် အမျိုးသားပြည်သူ့ကွန်ဂရက်တွင် တင်ပြအစီရင်ခံခဲ့ခြင်းဖြစ်သည်။ လွန်ခဲ့သည့်နှစ်အတွင်း အကျင့်ပျက်ခြစားသည့် အစိုးရအရာရှိ ၅၄၀၀၀ ကျော်ကို ဖမ်းဆီးအရေးယူခဲ့ရကြောင်း ၎င်းက ပြောကြားသည်။

ကာကျန်မင်းက မကြာသေးမီက ကွမ်တုံးပြည်နယ်တွင်ဖြစ်ပွားသည့် အကျင့်ပျက်ခြစားမှုကို ရည်ညွှန်း၍ ဒေသခံအစိုးရအရာရှိများသည် ဆင်းရဲသော မိသားစုများကို အကူအညီပေးမည့် ရန်ပုံငွေများကို မိမိကိုယ်ကျိုးအတွက် တရားမဝင် အလွဲသုံးစားပြုလုပ်ခဲ့ကြသည်ဟု ဆိုသည်။

ကာကျန်မင်းက မိမိတို့သည် မကြာသေးမီကဖြစ်ပွားခဲ့သည့် အကျင့်ပျက်ခြစားမှုပြဿနာများကို ပြန်လည်သုံးသပ်လျက်ရှိကြောင်းနှင့် အစိုးရအရာရှိများ အနေဖြင့် ၎င်းတို့၏ အခွင့်အာဏာများကို အလွဲသုံးစားပြုလုပ်ခြင်းမပြုရန် တားမြစ်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။ အစိုးရရှေ့နေများအနေဖြင့် လာမည့်ငါးနှစ်အတွင်း အကျင့်ပျက်ခြစားမှုတိုက်ဖျက်ရေးကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကာကျန်မင်းက ဆက်လက်ပြောကြားသည်။

အင်နန်အိတ်ချ်ကေ။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် 13th ACDFIM တက်ရောက်မည့် အပွဲ၀င်နိုင်ငံများမှ အကြီးအကဲများနှင့် သီးခြားစီတွေ့ဆုံ

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် လာအိုပြည်သူ့ တပ်မတော်စစ်ဦးစီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့တို့ တွေ့ဆုံစဉ်။ (မြဝတီ)

နေပြည်တော် မတ် ၁၄

လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ကျင်းပမည့် (၁၃)ကြိမ်မြောက် အာဆီယံတပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ အလွတ်သဘောအစည်းအဝေး 13th ACDFIM သို့ တက်ရောက်မည့် အာဆီယံနိုင်ငံများမှ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအား တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က မတ် ၁၃ ရက် မွန်းလွဲပိုင်းတွင် Landmark Mekong Riverside Hotel ၌ သီးခြားစီတွေ့ဆုံသည်။

ထိုသို့တွေ့ဆုံရာတွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ မြန်မာ့တပ်မတော် ကိုယ်စားလှယ်အဖွဲ့ဝင်များ တက်ရောက်ကြပြီး ထိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Gen. Sommai Kaotira ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ လာအိုပြည်သူ့တပ်မတော်စစ်ဦးစီးချုပ် Maj. Gen. Souvone LEUNG-BOUNMY ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဖိလစ်ပိုင်နိုင်ငံ ဒုတိယတပ်မတော် စစ်ဦးစီးချုပ် Lt. Gen. Romeo T Tanalgo ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဗီယက်နမ်ပြည်သူ့တပ်မတော်စစ်ဦးစီးအရာရှိချုပ် Gen. Do Ba Ty ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း၊ ကမ္ဘောဒီးယားဘုရင့်တပ်မတော် ဒုတိယကာကွယ်ရေးဦးစီးချုပ် Gen. Eth Sarath ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့် လည်းကောင်း၊ ဘရူနိုင်းဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် Maj. Gen. Pehin Mohd Ta Wih Bin Abdullah ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့နှင့်လည်းကောင်း နိုင်ငံအလိုက် သီးခြားစီတွေ့ဆုံ၍ နှစ်နိုင်ငံချစ်ကြည်ရေး၊ ကာကွယ်ရေးနှင့် လုံခြုံရေးပူးပေါင်းဆောင်ရွက်မှုဆိုင်ရာကိစ္စရပ်များ ဆွေးနွေးကြသည်။

(မြဝတီ)

ပညာရေးကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့သူများအား ဂုဏ်ပြု

ရန်ကုန် မတ် ၁၄

ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်ခဲ့ကြသူများအား ဂုဏ်ပြုပွဲကို ယနေ့ နံနက် ၁၀ နာရီက ရန်ကုန်မြို့ပြည်လမ်းရှိ တက္ကသိုလ် စိန်ရတုခန်းမ၌ ကျင်းပသည်။ **(အပေါ်ပုံ)**

အခမ်းအနားတွင် အမျိုးသားပညာရေးကော်မတီဥက္ကဋ္ဌ၊ ပညာရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဒေါက်တာဒေါ်ခင်စန်းရီက နှုတ်ခွန်းဆက်စကားပြောကြားပြီး တက်ရောက်လာကြသူများအား နေ့လယ်စာဖြင့် ဂုဏ်ပြုတည်ခင်းကာ ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့သည်။

၂၀၁၁ ခုနှစ်မှစ၍ အဆင့်မြင့် ပညာကဏ္ဍ၊ အခြေခံပညာကဏ္ဍ အပါအဝင် ပညာရေးကဏ္ဍ ပြုပြင်ပြောင်းလဲမှုများကို ဆောင်ရွက်ခဲ့ပြီး အမျိုးသားပညာရေး ဥပဒေနှင့် အမျိုးသားပညာရေးဥပဒေကို ပြင်ဆင်သည့်ဥပဒေတို့ကို ပြဋ္ဌာန်းနိုင်ခဲ့သည်။ အဆိုပါဥပဒေများနှင့် မူဝါဒများ အတိုင်း အကောင်အထည်ဖော်နိုင်ရန်အတွက် ဖွဲ့စည်းပုံများ ပြုပြင်ပြောင်းလဲဆောင်ရွက်ခဲ့သည်။ ယခုအခါ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်း(၂၀၁၆-၂၀၂၁) မူဝါဒနှင့် စီမံကိန်းလုပ်ငန်း အညွှန်းဘောင်များကို အတည်ပြုထုတ်ပြန်နိုင်ခဲ့ပြီဖြစ်သည်။

အခမ်းအနားသို့ ဒုတိယဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင် ဝန်ကြီးများ၊ နိုင်ငံတော်သမ္မတ၏ ပညာရေးအကြံပေးအဖွဲ့၊ မြန်မာနိုင်ငံဝိဇ္ဇာနှင့် သိပ္ပံပညာရှင်အဖွဲ့၊ နိုင်ငံတော်သမ္မတ၏ စီးပွားရေးအကြံပေးပုဂ္ဂိုလ်၊ အမြဲတမ်း အတွင်းဝန်၊ ဌာနအကြီးအကဲများ၊ ရန်ကုန်မြို့ပေါ်ရှိ တက္ကသိုလ်များမှ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပါမောက္ခများနှင့် ဆရာ ဆရာမများ၊ ကျောင်းအုပ်ကြီးများ၊ မြန်မာနိုင်ငံ အမျိုးသားကင်းထောက်အဖွဲ့၊ မြန်မာနိုင်ငံ အမျိုးသမီးကင်းထောက်အဖွဲ့၊ ပညာရေး နှီးနွယ်အဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများနှင့် ပညာရေးကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေး ဆောင်ရွက်ခဲ့သူများ တက်ရောက်ကြသည်။

(ပညာရေး)

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနရုံး မုံရွာမြို့တွင် ဖွင့်လှစ်

မုံရွာ မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ စီးပွားရေးလုပ်ငန်းရှင်များ၊ ရင်းနှီးမြှုပ်နှံမှုဆောင်ရွက်လိုသူများနှင့် ကုမ္ပဏီဖွဲ့စည်းတည်ထောင်လိုသူများအနေဖြင့် မိမိတို့ဆောင်ရွက်လိုသည်များကို လျင်မြန်လွယ်ကူစွာဖြင့် ဆောင်ရွက်နိုင်ရန်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အထောက်အကူဖြစ်စေရန်ရည်ရွယ်၍ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးဖွင့်ပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းတွင် မုံရွာမြို့ ရုံးကြီးလမ်း ရုံးကြီးရပ်ကွက်ရှိ ခရိုင်စီမံခန့်ခွဲမှုကော်မတီရုံး၀င်းအတွင်းရှိ အဆိုပါရုံးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ တိုင်းဒေသကြီးဦးစီးမှူးရုံးအား တိုင်းဒေသကြီး စီမံကိန်းနှင့် စီးပွားရေး၀န်ကြီး ဦးစိန်မောင်းနှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန၊ ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးသာအေးက ရုံးဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

ယင်းနောက် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများ၊ လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မုံရွာမြို့ ဝင်းယူနတီဟိုတယ်ခန်းမ၌ ဆက်လက်ကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော် (အောက်ပုံ) နှင့် တိုင်းဒေသကြီး၀န်ကြီးချုပ် ဦးသာအေးတို့က အမှာစကားပြောကြားကြသည်။

ဆက်လက်ပြီး စစ်ကိုင်းတိုင်းဒေသကြီး ဦးစီးမှူးရုံးတွင် ပထမဦးဆုံး ကုမ္ပဏီမှတ်ပုံတင်သည့် Smooth Cover Company အား ဝန်ကြီးချုပ် ဦးသာအေးက ကုမ္ပဏီမှတ်ပုံတင်လက်မှတ်ချီးမြှင့်သည်။ ဆက်လက်၍ ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအောင်နိုင်ဦးက စစ်ကိုင်းတိုင်းဒေသကြီး၏ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် အလားအလာများကို လည်းကောင်း၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးသန်းအောင်ကျော်က ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ လုပ်ထုံးလုပ်နည်းများအား လည်းကောင်း ရှင်းလင်းဆွေးနွေးတင်ပြရာ တက်ရောက်လာသော စီးပွားရေးလုပ်ငန်းရှင်များမှ သိလိုသည်များကို မေးမြန်းဆွေးနွေးခဲ့ကြပြီး အခမ်းအနားကို ရုပ်သိမ်းခဲ့သည်။

စစ်ကိုင်းတိုင်းဒေသကြီးအတွင်း အဆိုပါရုံး ဖွင့်လှစ်ခြင်းဖြင့် ကုမ္ပဏီဖွဲ့စည်းမှတ်ပုံတင်ခြင်း၊ သက်တမ်းတိုးခြင်း၊ ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ သတင်းအချက်အလက်များ စုံစမ်းမေးမြန်းခြင်းတို့ကိုလည်းကောင်း၊ အနာဂတ်ကာလတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အဆိုပြုလွှာတင်သွင်းခြင်း၊ စိစစ်ဆောင်ရွက်ခြင်းလုပ်ငန်းများကို လည်းကောင်း စီးပွားရေးလုပ်ငန်းရှင်များအနေဖြင့် အဆင်ပြေချောမွေ့စွာ ဆောင်ရွက်သွားနိုင်မည်ဖြစ်ကြောင်း သိရသည်။

ဗိုးချမ်း(မုံရွာ)

အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဟီရိရှိုးမားတက္ကသိုလ်တို့ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုး

ရန်ကုန် မတ် ၁၄

ပညာရေးဝန်ကြီးဌာန အဆင့်မြင့်ပညာ ဦးစီးဌာနနှင့် ဟီရိုရှိုးမားတက္ကသိုလ်တို့အကြား ပညာရေးပူးပေါင်း ဆောင်ရွက်ရေးဆိုင်ရာ နားလည်မှုစာချွန်လွှာ လက်မှတ်ရေးထိုးပွဲကို ယနေ့ ညနေပိုင်းက အဆင့်မြင့်ပညာဦးစီးဌာန (ရန်ကုန်ရုံး) အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာသိန်းဝင်းနှင့် ဟီရိုရှိုးမား တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာမစ်ဇူအို အိုချီတို့က နှုတ်ခွန်းဆက်စကားပြောကြားပြီးနောက် နားလည်မှုစာချွန်လွှာအား လက်မှတ်ရေးထိုးကာ အပြန်အလှန် လဲလှယ်ကြသည်။ ထို့နောက် အမှတ်တရလက်ဆောင်များ ပေးအပ်ကြသည်။

ယနေ့ရေးထိုးသည့် နားလည်မှုစာချွန်လွှာတွင် လူစွမ်းအားအရင်းအမြစ် ဖလှယ်ရေးအစီအစဉ်များ၊ ပညာရေးဆိုင်ရာ ပူးပေါင်းဆောင်ရွက်မှုများ စသည်တို့ပါဝင်ကြောင်း သိရသည်။

(ပညာရေး)

○○○

AFC Cup ပြိုင်ပွဲ အုပ်စုတတိယပွဲစဉ် မတ် ၁၆ ရက်တွင် ကျင်းပမည်

ရန်ကုန် မတ် ၁၄

အာရှဘောလုံးအဖွဲ့ချုပ် (AFC) က ကြီးမှူးကျင်းပလျက်ရှိသည့် ၂၀၁၆ AFC Cup ပြိုင်ပွဲအုပ်စု တတိယပွဲစဉ်များကို မတ် ၁၆ ရက်တွင် ကျင်းပမည်ဖြစ်သည်။ အိမ်ကွင်း၌ ကစားရမည့် ရောဝတီအသင်းမှာ ဘင်ဂါလူရူးအသင်း၊ အဝေးကွင်းကစားရမည့် ရန်ကုန်အသင်းမှာ မိုဟန်ဘေဂန်အသင်းတို့နှင့် တွေ့ဆုံလျက်ရှိသည်။

ရောဝတီအသင်းမှာ အိမ်ကွင်းနှစ်ပွဲဆက် ယှဉ်ပြိုင်ရမည်ဖြစ်ပြီး ရန်ကုန်အသင်းမှာ အဝေးကွင်းထပ်မံ ကစားရမည်ဖြစ်သည်။ ရောဝတီအသင်းမှာ အိန္ဒိယကလပ် ဘင်ဂါလူရူးအသင်းနှင့် ညနေ ၄ နာရီတွင် သုဝဏ္ဏကွင်း၌ လည်းကောင်း၊ ရန်ကုန်အသင်းမှာ မြန်မာစံတော်ချိန် ည ၈ နာရီတွင် အိန္ဒိယနိုင်ငံ၌ အိန္ဒိယကလပ် မိုဟန်ဘေဂန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။

ရောဝတီအသင်းသည် အုပ်စုပွဲစဉ်များတွင် ဂျိုဟိုဒါရူးလ်(မလေးရှား)ကို ရှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့ပြီး လာအို တိုယိုတာ (လာအို)ကို လေးဂိုး-နှစ်ဂိုးဖြင့် အနိုင်ရထားသည်။ ရောဝတီနှင့် ယှဉ်ပြိုင်ရမည့် ဘင်ဂါလူရူးအသင်းမှာ နှစ်ပွဲစလုံး ရှုံးနိမ့်ထားသည်။ ရန်ကုန်အသင်းမှာ တောင်ထရာ(ဟောင်ကောင်)ကို နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရထားပြီး မာဇီယာ(မော်လ်ဒိုက်)နှင့် တစ်ဂိုးစီ သရေကျထားသည်။ **(ရွှေ့ထက်ဇော်)**

ရေနှင့် အလုပ်အကိုင်အခွင့်အလမ်း

မတ်လ ၂၂ ရက်နေ့သည် "ကမ္ဘာ့ရေနေ့" ဖြစ်ပါသည်။ ၁၉၉၂ ခုနှစ်တွင် ကမ္ဘာ့ကုလသမဂ္ဂအဖွဲ့မှ ကြီးမှူး၍ ပတ်ဝန်းကျင်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာညီလာခံကြီးကို ဘရာဇီးနိုင်ငံ ရီယိုဒီဂျီတွင် ကျင်းပခဲ့ပါသည်။ ယင်းညီလာခံကြီးကို Earth Summit ဟု လူသိများပြီး ညီလာခံတွင် နိုင်ငံပေါင်း ၁၇၀ က ပါဝင်လက်မှတ်ရေးထိုးကြကာ ပတ်ဝန်းကျင်တိုးတက်ဖွံ့ဖြိုးမှုဆိုင်ရာ ရီယိုကြေညာစာတမ်းကို ထုတ်ပြန်ခဲ့ပါသည်။ ဤကြေညာစာတမ်း၏ အကျိုးဆက်အဖြစ် ၁၉၉၃ ခုနှစ်မှစ၍ မတ်လ ၂၂ ရက်နေ့ကို "ကမ္ဘာ့ရေနေ့"ဟု သတ်မှတ်ကာ နိုင်ငံအသီးသီးတွင် ဆွေးနွေးပွဲများ၊ စာတမ်းဖတ်ပွဲများ၊ အထိမ်းအမှတ်ပွဲများကျင်းပကြပါသည်။ ၂၀၁၆ ခုနှစ် "ကမ္ဘာ့ရေနေ့"၏ ဆောင်ပုဒ်မှာ (Water and Jobs) ရေနှင့်အလုပ်အကိုင် အခွင့်အလမ်းဖြစ်ပါသည်။ ကမ္ဘာပေါ်ရှိအလုပ်တိုင်းလိုလို ရေနှင့်ကင်းကွာ၍ မရပါ။ ကမ္ဘာပေါ်ရှိ အလုပ်လုပ်သူပေါင်း၏ ထက်ဝက်ဖြစ်သော လူဦးရေ သန်း ၁၅၀၀ သည် ရေနှင့်ပတ်သက်သောလုပ်ငန်းများတွင် လုပ်ကိုင်နေကြပါသည်။ ကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့်ရေနှင့် လုံလောက်သည့်ရေပမာဏ ရရှိပါက ကမ္ဘာပေါ်ရှိလူသားများ၏ လူနေမှုဘဝနှင့် စီးပွားရေးအခွင့်အလမ်းများ ပြောင်းလဲတိုးတက်နိုင်သည်ဆိုသည့် ရည်ရွယ်ချက်ဖြင့် ၂၀၁၆ ကမ္ဘာ့ရေနေ့၏ ဆောင်ပုဒ်ကို ရွေးခဲ့ခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင်ရှိသောရေအားလုံး၏ ၉၇ ရာခိုင်နှုန်းသည် ပင်လယ်ဆားငန်ရေများဖြစ်ပြီး သုံးရာခိုင်နှုန်းသာ ရေချိုဖြစ်ပါသည်။ ၎င်းရေချိုထဲမှ နှစ်ရာခိုင်နှုန်းသည် ရေခဲအဖြစ်တည်ရှိနေပြီး တစ်ရာခိုင်နှုန်းသာ လူတို့သောက်သုံးရန်အတွက် အသုံးပြုနိုင်ပါသည်။ လူသားတို့၏ ကိုယ်ခန္ဓာကိုခွဲခြမ်းစိတ်ဖြာလျှင် ၇၅ ရာခိုင်နှုန်းသည် ရေဖြစ်ပါသည်။ လူသားတစ်ယောက်သည် အစာမစားဘဲရက် ၃၀ ခန့်နေနိုင်သော်လည်း ရေမသောက်ဘဲ ၇၊၈ရက်ထက်ပိုအသက်မရှင်နိုင်ပါ။ ထို့ကြောင့်လည်း မြန်မာတို့က ရေအသက်တစ်မနက်ဟု ဆိုကြခြင်းဖြစ်ပါသည်။

ကမ္ဘာပေါ်တွင် လူသားသန်းပေါင်း ၁၈၀၀ သည် မသန့်ရှင်းသော သောက်သုံးရေကို သောက်သုံးနေရပါသည်။ အသက် ၈၊၆ နှစ်အောက် ကလေးသူငယ် ၁၅ သန်းသည် သောက်သုံးရေမရရှိသော ရောဂါများကြောင့် နှစ်စဉ်သေဆုံးနေရပါသည်။ ၂၀၂၅ ခုနှစ်တွင် ကမ္ဘာ့လူဦးရေ၏ သန်း ၃၅၀၀ ခန့်သည် ရေရှားပါးမှု အန္တရာယ်နှင့်ကြုံတွေ့ရဖွယ်ရှိပါသည်။ အာရှတိုက်ရှိ မြစ်များသည် ကမ္ဘာပေါ်တွင် ရေညစ်ညမ်းမှုအများဆုံး မြစ်များဖြစ်ပါသည်။ လူတို့စွန့်ပစ်သော မစင်မှပေါက်ပွားသည့် ဗက်တီးရီးယားအများဆုံး ပါဝင်နေပါသည်။ တရုတ်ပြည်တွင် လူသန်းပေါင်း ၃၂၀ သည် သန့်ရှင်းသော သောက်သုံးရေကို သောက်ခွင့်မရပါ။ မြေပေါ်ရေ ၄၀ ရာခိုင်နှုန်းသည် ညစ်ညမ်းသောရေ ဖြစ်ပါသည်။ အကြောင်းရင်းမှာ စက်မှုလုပ်ငန်းများမှ စွန့်ပစ်ရေဆိုးများ၏ ၇၀ရာခိုင်နှုန်းကို မြစ်ချောင်းနှင့် ကန်များထဲသို့ စွန့်ပစ်ခြင်းကြောင့် ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ဧရာဝတီ၊ ချင်းတွင်း၊ စစ်တောင်း၊ သံလွင်၊ မဲခေါင်မြစ်ကြီးတို့နှင့် အခြားမြစ်များသည် မြောက်ဘက်မှ တောင်ဘက်သို့ စီးဆင်းပါသည်။ ဤမြစ်ကြီးများနှင့် မြစ်ဝှမ်းရှစ်ခုကြောင့် မြန်မာနိုင်ငံသည် သဘာဝရေအရင်းအမြစ်များ ပေါကြွယ်ဝပါသည်။ မြစ်ကြီးများနှင့် မြစ်ဝှမ်းများကြောင့် မြေပေါ်ရေရရှိမှုမှာ တစ်နှစ်လျှင် ရေကုဗကီလိုမီတာ ၁၀၈၁ ဒသမ ၈၈ ရှိပါသည်။ မြေအောက်ရေအရင်းအမြစ်မှာ ကုဗကီလိုမီတာ ၄၉၄ ဒသမ ၇ ရှိပါသည်။ စုစုပေါင်း ရေကုဗကီလိုမီတာ ၁၅၇၆ ဒသမ ၅၈ ရှိပါသည်။ ၎င်းတို့ထဲမှာ ရေကုဗကီလိုမီတာ ၄၄၃ သည် မြစ်ကြီးများထဲမှာ နှစ်စဉ်စီးဆင်းပျောက်ကွယ်သွားသော ရေဖြစ်ပါသည်။ ဤပမာဏသည် နှစ်စဉ်ရရှိသော မြေပေါ်ရေအရင်းအမြစ်၏ ၄၀ ရာခိုင်နှုန်းရှိပါသည်။ အာရှတိုက်တစ်ခုလုံး၏ ရေချိုအရင်းအမြစ် ၁၂ ရာခိုင်နှုန်းကို မြန်မာကပိုင်ဆိုင်ထားပြီး အာဆီယံအနေနှင့်ကြည့်ပါက ရေချိုအရင်းအမြစ် ၁၆ ရာခိုင်နှုန်းကို မြန်မာကပိုင်ဆိုင်ထားပါသည်။ **ရေအရင်းအမြစ်များ ပိုင်ဆိုင်ထားမှုထက် ရေအရင်းအမြစ်များကို အကျိုးရှိရှိ ထိရောက်အောင် စီမံခန့်ခွဲအသုံးချနိုင်မှသာ ရေကို ရေရှည်သုံးစွဲနိုင်ပါမည်။** ရေအရင်းအမြစ် စီမံခန့်ခွဲမှုဆိုသည်မှာ ဂေဟစနစ်များ၏ ရေရှည်တည်တံ့မှုကို မထိခိုက်စေဘဲ စီးပွားရေးနှင့် လူမှုရေးရလဒ်များကို အမြင့်မားဆုံးရရှိအောင် စီမံခန့်ခွဲခြင်းနှင့် သက်ဆိုင်သူအားလုံး မျှမျှတတ ခွဲဝေခံစားမှုရရှိအောင် စီမံဆောင်ရွက်သော လုပ်ငန်းစဉ်ဖြစ်ပါသည်။

ကမ္ဘာပေါ်ရှိ သက်ရှိမှန်သမျှနှင့် ဂေဟစနစ်တိုင်းသည် ရှင်သန်ရပ်တည်ရန် ရေပေါ်တွင် အမှီသဟဲပြုရပါသည်။ ရေစီမံခန့်ခွဲမှုညံ့ဖျင်းလျှင် အကျိုးဆက်အနေဖြင့် ရေရှားပါးခြင်း၊ ရောဂါထူပြောခြင်း၊ အာဟာရချို့တဲ့ခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နှေးကွေးခြင်း၊ လူမှုရေးပြဿနာများကြောင့် လူမှုရေးမတည်မငြိမ်ဖြစ်ခြင်း၊ ပဋိပက္ခများဖြစ်ပွားခြင်းနှင့် သဘာဝပတ်ဝန်းကျင်ဘေးဆိုးများ ကျရောက်နိုင်ပါသည်။ နိုင်ငံတော် သမ္မတကြီး ဦးသိန်းစိန် လက်ထက်တွင် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များကို ထိရောက်စွာ စီမံခန့်ခွဲနိုင်ရန် အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီကို ၂၀၁၃ ခုနှစ် ဇူလိုင် ၂၅ ရက်တွင် ဖွဲ့စည်းပေးခဲ့ပါသည်။ ၂၀၁၃ ခုနှစ် ဒီဇင်ဘာ ၃ ရက်တွင် အသစ်ပြောင်းလဲဖွဲ့စည်းခဲ့ပါသည်။ မြန်မာနိုင်ငံ၏ အမျိုးသားအဆင့် ရေအရင်းအမြစ် မူဝါဒကိုလည်း ထုတ်ပြန်ခဲ့ပါသည်။ မူဝါဒ၏ ရည်ရွယ်ချက်မှာ နိုင်ငံတစ်နိုင်ငံလုံးရှိ လူမှုအသိုက်အဝန်းများ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် မြန်မာနိုင်ငံရှိ ရေအရင်းအမြစ်များဖွံ့ဖြိုးတိုးတက်မှုရှိလာစေရန်၊ ရေအရင်းအမြစ်များကို ထိရောက်မျှတစွာသုံးစွဲပြီးဆင်းရဲမှုလျှော့ချနိုင်ရေးကို အထောက်အကူပြုရန်၊ နိုင်ငံအတွင်း သဘာဝပတ်ဝန်းကျင် စိမ်းလန်းစိုပြည်မှုကိုကာကွယ်ရန်နှင့် စဉ်ဆက်မပြတ်တိုးတက်ဖွံ့ဖြိုးနေရန်၊ လူမှုရေး၊ စီးပွားရေးနှင့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ လိုအပ်ချက်များအတွက် သင့်တင့်မျှတသောရေပမာဏနှင့် အရည်အသွေးပြည့်မီသည့် ရေရရှိနိုင်သည့် အခွင့်အလမ်းများကို လက်ရှိမျိုးဆက်များနှင့် အနာဂတ်ကာလမျိုးဆက်များအတွက် ဖန်တီးပေးရန်တို့ဖြစ်ပါသည်။

မြန်မာနိုင်ငံတွင် ရေဥပဒေပြဋ္ဌာန်းနိုင်ရန် "အမျိုးသားအဆင့် ရေအရင်းအမြစ်ကော်မတီ"၏ လမ်းညွှန်မှုဖြင့် ပညာရှင်များက ရေးဆွဲနေကြပါသည်။ ပြဋ္ဌာန်းမည့် ရေဥပဒေသည် စီးပွားရေးစွမ်းဆောင်ရည် (Economic Efficiency)၊ မျှတမှု (Equity)၊ သဘာဝပတ်ဝန်းကျင်ရေရှည်တည်တံ့မှု (Environmental Sustainability) ဟူသော ရေစီမံခန့်ခွဲမှု၏ ပင်မဒေါက်တိုင် သုံးခုနှင့် ပြည့်စုံပြီး လုပ်သာကိုင်သာ၊ လုပ်နိုင်ကိုင်နိုင်သော ဥပဒေဖြစ်ရန် လိုအပ်ပါသည်။ ရေသုံးစွဲသူများအကြား ပြိုင်ဆိုင်မှုများတွင် မျှတသည့် ဒိုင်သဖွယ် ဥပဒေကရပ်တည်ဖို့လိုပါသည်။ ဥပဒေရေးဆွဲသူများကလည်း အောက်ပါအချက်များကို ထည့်သွင်းစဉ်းစားရန်လိုအပ်ပါသည်-

၁။ စီးပွားရေး လျင်မြန်စွာဖွံ့ဖြိုးတိုးတက်လာမှု၊ မြို့ကြီးများသို့ လူများပြောင်းရွှေ့နေထိုင်မှု၊ မြို့ပြအိမ်ရာများ ဖွံ့ဖြိုးလာမှု၊ စက်မှုလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်လာမှုတို့က ရေလိုအပ်ချက်ကို များပြားလာစေပြီး ရေအလုံအလောက်ရရှိရန် စိန်ခေါ်မှုများဖြစ်လာခြင်း။

၂။ ရေစီမံခန့်ခွဲမှုကို အချိန်မီမလုပ်နိုင်ပါက မြေဆီလွှာများတိုက်စားခံရခြင်း၊ မြစ်များ၊ ချောင်းများ၊ ကန်များထဲသို့ နုန်းမြေကျခြင်း၊ မြေပြိုခြင်း၊ ရေကြီးခြင်း၊ မိုးခေါင်ခြင်း၊ မုန်တိုင်းတိုက်ခတ်ခြင်းစသည့် သဘာဝဘေးအန္တရာယ်များနှင့် ရင်ဆိုင်ရပါလိမ့်မည်။

၃။ ပင်လယ်ရေမျက်နှာပြင် မြင့်တက်ခြင်းနှင့် ဆားငန်ရေဝင်ရောက်ခြင်းတို့ကြောင့် မြစ်ဝကျွန်းပေါ်ဒေသများတွင် ဂေဟစနစ်များ ပျက်စီးခြင်း၊ စိုက်ပျိုးမြေများပျက်စီးခြင်း၊ လမ်းများ၊ မီးရထားလမ်းများ၊ တံတားများ ပျက်စီးနိုင်ပါသည်။

၄။ မြန်မာနိုင်ငံရှိ ဒေသအများအပြားတွင် သန့်ရှင်းသော သောက်သုံးရေမရရှိခြင်း၊ ကျန်းမာရေးနှင့် ညီညွတ်သော အညစ်အကြေးစွန့်ပစ်သည့်စနစ် မရှိခြင်းတို့ကို ထည့်သွင်းစဉ်းစားရပါမည်။

၅။ သောက်သုံးရန် သင့်လျော်သည့် ရေ၏စံနှုန်းကို သတ်မှတ်ရပါမည်။

၆။ ရေဆိုးများကို မြစ်များ၊ ချောင်းများ၊ ကန်များထဲသို့ စည်းကမ်းမဲ့စွန့်ပစ်ခြင်းကြောင့် ရေထုညစ်ညမ်းရသည်ကို ကန့်သတ်ရပါမည်။

၇။ အဝီစိတွင်းများ အလွန်အကျွံတူးခြင်း၊ ခွင့်ပြုချက်မရဘဲတူးခြင်းများကို ဥပဒေဖြင့် ကန့်သတ်ရပါမည်။

၈။ အများအသုံးပြုရန်အတွက် အစိုးရက ရေထုတ်ယူသုံးစွဲသည့်အခါ ဒေသခံများနှင့် ဦးစွာဆွေးနွေးညှိနှိုင်းရန်လိုကြောင်း ဥပဒေဖြင့် ကန့်သတ်သင့်ပါသည်။

၉။ မြစ်ကြောင်းများ၏ တစ်စိတ်တစ်ဒေသကို ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် ဂေဟစနစ် ရေရှည်တည်တံ့ရေးအတွက် ဥပဒေဖြင့် ထိန်းသိမ်းရပါမည်။

၁၀။ ဧရာဝတီမြစ်ကို တစ်နှစ်ပတ်လုံး ရေကြောင်းသွားလာနိုင်အောင် လိုအပ်သည့်အခြေခံအဆောက်အအုံများ တည်ဆောက်ရပါမည်။

၁၁။ မိုးရေခံပြီး ရေစုဆောင်းမှုကို တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်ရပါမည်။

၁၂။ ရေကို အောက်ပါဦးစားပေးစနစ်ဖြင့် စီမံခန့်ခွဲသင့်ပါသည်-
(က) သောက်သုံးရေ၊
(ခ) တစ်ကိုယ်ရေသန့်ရှင်းရေးအတွက် ကျေးရွာနှင့် မြို့ပြတွင် သုံးသောရေ၊
(ဂ) အစားအသောက်ဖူလုံရေးအတွက် အသုံးပြုသောရေ၊
(ဃ) အခြားရေလိုအပ်ချက်များ။

၁၃။ သစ်တောကဏ္ဍသည် ရေနှင့် ဆက်စပ်နေပါသည်။ သစ်တောများပြုန်းတီးခြင်းသည် မြေဆီလွှာများ တိုက်စားခံရခြင်း၊ နုန်းများပို့ချခြင်း၊ ရာသီဥတု ဖောက်ပြန်ခြင်းတို့ကို ဖြစ်စေပါသည်။ ၂၀၁၄ ခုနှစ် ဧပြီလ ၁ ရက်နေ့မှစ၍ နိုင်ငံခြားသို့ သစ်အလုံးလိုက် တင်ပို့မှုကို ရပ်ဆိုင်းခဲ့သော်လည်း သစ်တောများပြုန်းတီးမှုမှာ လျော့ကျမသွားပါ။ သစ်တောများ ရေရှည်တည်တံ့မှုသည် ရေရရှိမှုနှင့် ဆက်စပ်နေပါသည်။

၁၄။ ၂၀၁၅ ခုနှစ် ဇူလိုင်မှစတင်ခဲ့သော ရေကြီးမှုကြောင့် တိုင်းဒေသကြီးနှင့် ပြည်နယ် ၁၂ ခု ထိခိုက်ပျက်စီးခဲ့ပြီး လူပေါင်းတစ်သန်းကျော် ရေကြီးမှုဒဏ်ကို ခံရပါသည်။ ရာသီဥတုပြောင်းလဲလာခြင်း၏ ဆိုးကျိုးဖြစ်ပါသည်။

၁၅။ မြန်မာနိုင်ငံအလယ်ပိုင်း ပူပြင်းခြောက်သွေ့သည့် ဒေသများတွင် မြေဆီလွှာခန်းခြောက်လာပြီး စိုက်ပျိုးရန် ခက်ခဲသည့်မြေအဖြစ် ပြောင်းလဲနေခြင်းများကို အမြန်ဆုံးအကူအညီပေးရန်လိုပါသည်။

၁၆။ မြန်မာနိုင်ငံတွင် အိမ်နီးချင်းနိုင်ငံများနှင့် မျှဝေသုံးစွဲရသော မြစ်များရှိပါသည်။ အကြမ်းအားဖြင့်
(က) မြန်မာနိုင်ငံ တစ်ဦးတည်းပိုင်မြစ် (ဥပမာ-ရောဝတီ)၊
(ခ) နိုင်ငံတကာမြစ် (ဥပမာ-သံလွင်မြစ်)၊
(ဂ) ဖြတ်ကျော်မြစ် (ဥပမာ-မဲခေါင်မြစ်)။

ရောဝတီသည် ကျွန်တော်တို့ နိုင်ငံတစ်ခုတည်းပိုင်မြစ်ဖြစ်၍ ရောဝတီ၏ ရေရှည်တည်တံ့မှုသည် ကျွန်တော်တို့နိုင်ငံအတွက် အလွန်အရေးပါပါသည်။

နိုင်ငံတကာမြစ်ဖြစ်သော သံလွင်မြစ်၏ အထက်ပိုင်းတွင် အကြီးစားရေလှောင်တမံကြီးများ ဆောက်ရန် အိမ်နီးချင်းနိုင်ငံများက စီစဉ်နေပါသည်။ မြန်မာနိုင်ငံ အရှေ့ဘက်ရှိ ဖြတ်ကျော်မြစ်များနှင့် ပတ်သက်၍လည်း ရေခွဲဝေသုံးစွဲမှုနှင့် ပတ်သက်ပြီး အိမ်နီးချင်းနိုင်ငံများနှင့် အနာဂတ်တွင် စကားပြောရန်လိုလာပါလိမ့်မည်။

ရေအရင်းအမြစ်ကို ခွဲဝေသုံးစွဲမှုနှင့် ပတ်သက်၍ ကျွန်တော်တို့နိုင်ငံတွင် ဝန်ကြီးဌာန ၁၀ ခု၊ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် ၁၄ ခုမှ အစိုးရအဖွဲ့နှင့် ပုဂ္ဂလိကအဖွဲ့အစည်းအချို့တို့ ပါဝင်ပတ်သက်နေပါသည်။ အဖွဲ့အစည်းအားလုံးသည် ရေအရင်းအမြစ်ကို အကျိုးရှိရှိအသုံးချရန် ကိုယ့်နည်းကိုယ့်ဟန်နှင့် ဆောင်ရွက်နေသော်လည်း တစ်ဖွဲ့နှင့်တစ်ဖွဲ့ ပူးပေါင်းဆောင်ရွက်မှုအားနည်းမှုများ ရှိတတ်ပါသည်။

နိဂုံးချုပ်အနေဖြင့် ရေသည် အလုပ်အကိုင်အခွင့်အလမ်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး ဖွံ့ဖြိုးတိုးတက်မှုတို့နှင့် ဆက်စပ်နေပါသည်။ ထို့ကြောင့်လည်း ရေရှားပါးသည့်ဒေသမှ ပြည်သူများက ရွှေကိုမလို ရေကိုသာလိုသည်ဟု ဆိုကြခြင်းဖြစ်ပါသည်။ ရေအရင်းအမြစ်များကို အကျိုးရှိရှိ ထိထိရောက်ရောက် စီမံခန့်ခွဲအသုံးချနိုင်ရန် ကျွန်တော်တို့ နိုင်ငံသူ နိုင်ငံသားတိုင်းက ပူးပေါင်းပါဝင်ဆောင်ရွက်ကြဖို့ တိုက်တွန်းနှိုးဆော်လိုက်ပါသည်။

"ရေကို ချွေတာပါ၊ အနာဂတ်သေချာမည်။
ရေကို စုပါ၊ ငွေစုတာထက် အကျိုးရှိမည်။
ရေသန့်စင်ရေးအလေးပေးပါ၊ ကျန်းမာချမ်းသာဘဝဌေးမည်"

ကိုးကား

၁။ ဒုတိယသမ္မတ မိန့်ခွန်း (အမျိုးသားအဆင့် ရေညီလာခံ ၂၀၁၄)
၂။ Assesment of the National Water Policy of Myanmar

ကောင်းမွန်၍ အရည်အသွေးပြည့်ဝသည့်ရေနှင့် လုံလောက်သည့် ရေပမာဏရရှိပါက ကမ္ဘာပေါ်ရှိလူသားများ၏ လူနေမှုဘဝနှင့် စီးပွားရေးအခွင့်အလမ်းများ ပြောင်းလဲတိုးတက်နိုင်သည်။ ။ ။ ။ ။

ကျော်ကျော်လှိုင် (SMART)

ပြည်ထောင်စုလွှတ်တော်နာယက မန်းဝင်းခိုင်သန်း။ (သတင်းစဉ်)

✪ ရှေ့ဖုံးမှ

အိန္ဒိယသမ္မတနိုင်ငံ အထက်လွှတ်တော်ဥက္ကဋ္ဌ H. E. Mr. Mohammad Hamid Ansari ထံမှ ပေးပို့သည့် ဝမ်းမြောက်ကြောင်းသဝဏ်လွှာနှင့် ကိုရီးယားဒီမိုကရက်တစ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Choe Tae Bok ထံမှ ပေးပို့လာသည့် ဝမ်းမြောက်ကြောင်း သဝဏ်လွှာတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ထို့နောက် မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်အတွင်းရှိ ကျေးရွာ(၂)ရွာ တိုးချဲ့ပြင်ဆင်ဖွဲ့စည်းခြင်းနှင့် ပြင်ဦးလွင်ခရိုင် သပိတ်ကျင်းမြို့နယ်အတွင်းရှိ ကျေးရွာ(၂)ရွာအား နယ်နိမိတ်ဧရိယာ ပြင်ဆင်ဖွဲ့စည်းခြင်း၊ ဧရာဝတီတိုင်းဒေသကြီးတွင် ရပ်ကွက်(၄)ရပ်ကွက် ပါဝင်သော လပွတ္တာ (၃)မိုင်မြို့နှင့် ကျေးရွာ(၁၆)ရွာ တိုးချဲ့ဖွဲ့စည်း၍ ရပ်ကွက်(၃)ရပ်ကွက် အမည်ပြောင်းလဲဖွဲ့စည်းခြင်းတို့ကို လွှတ်တော်က မှတ်တမ်းတင်သည်။

ယင်းနောက် ပြည်ထောင်စုလွှတ်တော်နာယက ကလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့ အသီးသီးကတင်ပြသည့် ဒုတိယသမ္မတများနှင့်စပ်လျဉ်း၍ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းနှင့် ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့၏တွေ့ရှိချက်ကို လွှတ်တော်သို့ တင်ပြရာတွင် ဒုတိယသမ္မတသုံးဦးကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ နည်းဥပဒေ ၂၇ နှင့်အညီ နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများ ပြည့်စုံခြင်း ရှိ၊ မရှိ စိစစ်ရေးအဖွဲ့က စိစစ်ရွေးချယ်ခဲ့ပြီးဖြစ်ပါကြောင်း။

အဆိုပါ စိစစ်ချက်အကျဉ်းချုပ်အရ ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရာတွင် အဖွဲ့ဝင်များဖြစ်သော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ ရွေးကောက်ခံ ပြည်သူ့လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမျိုးအောင်နှင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်အစုအဖွဲ့မှ ဦးဘာမျိုးသိန်းတို့က ထောက်ခံပါကြောင်း။

တပ်မတော်သားလွှတ်တော်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ထောက်ခံခြင်း၊ ကန့်ကွက်ခြင်းမပြုပါကြောင်း၊ ဦးထင်ကျော်သည် လွှတ်တော်ကိုယ်စားလှယ်တစ်ဦးမဟုတ်သူဖြစ်၍ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ပုဒ်မ ၃ ပုဒ်မခွဲ (ဆ) တွင် လွှတ်တော်ရွေးကောက်ပွဲနှင့် ရွေးကောက်ခံပိုင်ခွင့် အတွက် သတ်မှတ်ထားသည့် အရည်အချင်းများကိုစိစစ်ရန်လိုအပ်မည်ဟု ဆွေးနွေးပါကြောင်း။

စိစစ်ရေးအဖွဲ့ဝင် ၇ ဦးရှိသည့်အနက် ၆ ဦးက ထောက်ခံသဖြင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးထင်ကျော်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရာတွင် အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမျိုးအောင်နှင့် အမျိုးသားလွှတ်တော် အစုအဖွဲ့မှ ဦးဘာမျိုးသိန်းတို့က ထောက်ခံပါကြောင်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှဗိုလ်ချုပ်သန်းစိုးက ကန့်ကွက်ပါကြောင်း၊ ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံခြားဌ် မိသားစုနှင့်အတူ ၆ နှစ်ခန့်နေထိုင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ခွင့်ပြုချက်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးသို့ မေးမြန်းသင့်ပါကြောင်း၊ ၎င်းကိုယ်တိုင်နှင့်ဇနီးဖြစ်သူတို့သည် နိုင်ငံခြားဌ် မည်သည့်အစီအစဉ်ဖြင့် နေထိုင်သည်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

စိစစ်ရေးအဖွဲ့ဝင် ၇ ဦးရှိသည့်အနက် ၆ ဦးက ထောက်ခံသဖြင့် ရွေးကောက်ခံပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးထင်ကျော်သည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်များအစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်ရယူရာတွင် အဖွဲ့ဝင်များဖြစ်ကြသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ၊ ပြည်သူ့လွှတ်တော်ဒုတိယဥက္ကဋ္ဌ၊ အမျိုးသားလွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ရွေးကောက်ခံပြည်သူ့လွှတ်တော်အစုအဖွဲ့မှ ဒေါက်တာမျိုးအောင်နှင့် အမျိုးသားလွှတ်တော် အစုအဖွဲ့မှ ဦးဘာမျိုးသိန်းတို့က ထောက်ခံပါကြောင်း။

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ကန့်ကွက်ပါကြောင်း၊ ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံခြားဌ် မိသားစုနှင့်အတူ ၆ နှစ်ခန့်နေထိုင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ခွင့်ပြုချက်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးသို့ မေးမြန်းသင့်ပါကြောင်း၊ ၎င်းကိုယ်တိုင်နှင့်ဇနီးဖြစ်သူတို့သည် နိုင်ငံခြားဌ် မည်သည့်အစီအစဉ်ဖြင့် နေထိုင်သည်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ စ ပါအကြောင်းအရာများအတွက် စိစစ်သင့်သည်ဟု ယူဆပါကြောင်း၊ ၎င်းအနေဖြင့် သမ္မတလောင်းသည် အထက်ပါအကြောင်းအရာများနှင့် ငြိစွန်းသည်ဟု ဆွေးနွေးပါကြောင်း။

သမ္မတလောင်းအား စိစစ်ရေးအဖွဲ့ဝင် ၇ ဦးရှိသည့်အနက် ၆ ဦးက ထောက်ခံသဖြင့် ရွေးကောက်ခံအမျိုးသားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

တပ်မတော်သား လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က အဆိုပြုသော သမ္မတလောင်း၏ အရည်အချင်းကို ဥပဒေနှင့်အညီ စိစစ်ရေးအဖွဲ့၏ ဆုံးဖြတ်ချက်များရယူရာတွင် တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်များ အစုအဖွဲ့၏ သမ္မတလောင်းအဖြစ် အဆိုပြုခြင်းခံရသော ဦးမြင့်ဆွေသည် နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ပါ နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများအတွက် သတ်မှတ်ထားသော အရည်အချင်းနှင့် ပြည့်စုံသူဖြစ်သည်ဟု ဆုံးဖြတ်ပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့က ဥပဒေ၊ နည်းဥပဒေနှင့်အညီ ရွေးချယ်တင်ပြထားသည့် ဒုတိယသမ္မတသုံးဦးသည် နိုင်ငံတော်သမ္မတအတွက် သတ်မှတ်ထားသည့် အရည်အချင်းများနှင့် ပြည့်စုံကြောင်းစိစစ်ရေးအဖွဲ့ဝင်အများစုက ထောက်ခံတင်ပြထားပါကြောင်း၊ စိစစ်ရေးအဖွဲ့ဝင်တစ်ဦးက သမ္မတလောင်းဆိုင်ရာ အချက်အလက်အချို့ကို ပြန်လည်စိစစ်သင့်သည်ဟု တင်ပြထားပါကြောင်း၊ စိစစ်သင့်ကြောင်း ဆွေးနွေးချက်ကိုလည်း စိစစ်ရေးအဖွဲ့တွင် မှတ်တမ်းတင်ထားပြီး ဆက်လက်ဆောင်ရွက်ရန် ဆုံးဖြတ်ထားပါကြောင်း ဖတ်ကြားတင်ပြသည်။

ထို့နောက် ပြည်ထောင်စုလွှတ်တော်နာယက ကနိုင်ငံတော်သမ္မတ ရွေးချယ်တင်မြှောက်ပွဲကို မတ်(၁၅)ရက်နံနက် (၁၀)နာရီတွင် ကျင်းပမည်ဖြစ်ကြောင်း ကြေညာသည်။

ဒုတိယအကြိမ် ပြည်ထောင်စုလွှတ်တော် ပထမပုံမှန်အစည်းအဝေး အဌမနေ့ကို မတ် (၁၅)ရက် နံနက် (၁၀) နာရီတွင် ကျင်းပမည်ဖြစ်သည်။ (သတင်းစဉ်)

တပ်မတော်သားလွှတ်တော်ကိုယ်စားလှယ်အစုအဖွဲ့မှ ဗိုလ်ချုပ်သန်းစိုးက ကန့်ကွက်ပါကြောင်း၊ ဦးဟင်နရီဗန်ထီးယူသည် နိုင်ငံခြားဌ် မိသားစုနှင့်အတူ ၆ နှစ်ခန့်နေထိုင်ခြင်းနှင့် စပ်လျဉ်း၍ နိုင်ငံတော်၏ ခွင့်ပြုချက်ဟူသော စကားရပ်ကို အဓိပ္ပာယ်ဖွင့်ဆိုနိုင်ရန် နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ဆိုင်ရာခုံရုံးသို့ မေးမြန်းသင့်ပါကြောင်း၊ ၎င်းကိုယ်တိုင်နှင့်ဇနီးဖြစ်သူတို့သည် နိုင်ငံခြားဌ် မည်သည့်အစီအစဉ်ဖြင့် နေထိုင်သည်ကို နိုင်ငံတော်သမ္မတနှင့် ဒုတိယသမ္မတများ ရွေးချယ်တင်မြှောက်ခြင်းဆိုင်ရာ ဥပဒေပုဒ်မ ၃ ပုဒ်မခွဲ စ ပါ အကြောင်းအရာများအတွက် စိစစ်သင့်သည်ဟု ယူဆပါကြောင်း၊ ၎င်းအနေဖြင့် သမ္မတလောင်းသည် အထက်ပါအကြောင်းအရာများနှင့် ငြိစွန်းသည်ဟု ဆွေးနွေး

ပြည်ထောင်စုလွှတ်တော်နာယက ပြန်လည်ထွက်ခွာစဉ်။ (သတင်းစဉ်)

မြန်မာနိုင်ငံစာရေးဆရာအသင်း အလုံမြို့နယ်အမှုဆောင်အဖွဲ့ရွေးချယ်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ စာရေးဆရာအသင်း အလုံမြို့နယ် မျက်နှာစုံညီအစည်းအဝေးနှင့် အမှုဆောင်သစ်ရွေးချယ်ပွဲကို မတ် ၁၃ ရက် မွန်းလွဲ ၁ နာရီခွဲက အလုံမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မြန်မာနိုင်ငံစာရေးဆရာအသင်းဗဟိုမှ ဆရာမ မနှင်းဖွေး၊ မြို့နယ်စာရေးဆရာအသင်းဂုဏ်ထူးဆောင်နာယက ဦးခိုင်မောင်ရည်(အလုံ)နှင့် မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးအရာရှိ ဒေါ်တင်တင်ချိုနှင့် မြို့နယ်စာရေးဆရာအသင်းဝင်များ စုံလင်စွာတက်ရောက်ကြသည်။

သဘာပတိအဖြစ် ဂုဏ်ထူးဆောင်နာယက ဦးခိုင်မောင်ရည်က အမှာစကားပြောကြားသည်။ ထို့နောက် ဗဟိုမှ ဆရာမ မနှင်းဖွေး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းနိုင်တို့က အသီးသီး အမှာစကားပြောကြားပြီး အမှုဆောင်ဟောင်းများ နုတ်ထွက်ခြင်း၊ အမှုဆောင်သစ်များ တင်မြှောက်ခြင်း၊ ရွေးချယ်ခြင်း၊ ဘဏ္ဍာရေးရှင်းတမ်းများ အတည်ပြုခြင်းများပြုလုပ်သည်။ ၂၀၁၆ ခုနှစ် အမှုဆောင်သစ်များအဖြစ် ဥက္ကဋ္ဌ ဦးထွန်းရည် (မြို့တော်ထွန်းရည်)၊ ဒုတိယဥက္ကဋ္ဌ ဒေါ်အေးမြင့်(အေး/ရန်ကုန်တက္ကသိုလ်)၊ အတွင်းရေးမှူး စောရန်နောင်၊ တွဲဖက်အတွင်းရေးမှူး နေမင်းလုလင်၊ ဘဏ္ဍာရေးမှူး ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များအဖြစ် ဦးမောင်မောင်၊ ဦးစိုးမြင့်တို့ကို အများသဘောတူရွေးချယ်ကြပြီး ညီလာခံကိုယ်စားလှယ်များအဖြစ် ဒေါ်ချိုချိုသန်းနှင့် ဒေါ်အေးမြင့်တို့အား ရွေးချယ်ကြောင်း သိရသည်။

(ရွှေမြို့တော်)

ငွေရတုအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲ ကျင်းပမည်

ရန်ကုန် မတ် ၁၄

မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဦးဆောင်လမ်းညွှန်မှုဖြင့် မြန်မာ့ပိုက်ကျော်ခြင်းမိသားစု ပရဟိတအသင်းမှ ကြီးမှူးပြီး Sponsor အချိုရည်မှ အဓိကပံ့ပိုးကူညီသော မြန်မာနိုင်ငံ ပိုက်ကျော်ခြင်းအဖွဲ့ချုပ် (၂၅)နှစ်မြောက် ငွေရတုအထိမ်းအမှတ် ပိုက်ကျော်ခြင်းပြိုင်ပွဲကို မတ် ၂၉ ရက်မှ ဧပြီ ၃ ရက်ထိ ရန်ကုန်မြို့ သုဝဏ္ဏပိုက်ကျော်ခြင်းအားကစားရုံ၌ ကျင်းပမည်ဖြစ်သည်။

ပိုက်ကျော်ခြင်း သုံးယောက်တွဲပြိုင်ပွဲများအတွက် ဆုရရှိသည့်အသင်းများကို ပထမ ကျပ်ရှစ်သိန်း၊ ဒုတိယ ကျပ်ငါးသိန်း၊ တတိယ ကျပ်သုံးသိန်းနှင့် စတုတ္ထ ကျပ်နှစ်သိန်း ချီးမြှင့်မည်ဖြစ်ပြီး ပြိုင်ပွဲဖွင့်ပွဲနေ့တွင် ပိုက်ကျော်ခြင်းအားကစားတိုးတက်ရေးအတွက် အဘက်ဘက်မှ ဦးဆောင်ပံ့ပိုးခဲ့သည့် အဖွဲ့ချုပ်တာဝန်ရှိသူများအား ဂါရဝပြုကန်တော့ကြမည်ဖြစ်ကြောင်း သိရသည်။

(နေသစ်ဦး)

သတ္တမအကြိမ် (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့ကျင်းပ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်

ရန်ကုန် မတ် ၁၄

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ သတ္တမအကြိမ် (၄၇)ပါးစုံညီ ဒသမအစည်းအဝေး ဒုတိယနေ့ကို ယနေ့နံနက် ၈ နာရီတွင် ရန်ကုန်မြို့ သီရိမင်္ဂလာ ကမ္ဘာအေးကုန်းမြေရှိ ဝိဇယမင်္ဂလာ ဓမ္မသဘင်၌ ကျင်းပရာ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ အမှူးပြုသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဝင်ဆရာတော်ကြီးများ ကြွရောက်တော်မူကြပြီး သာသနာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစိုးဝင်းနှင့် တာဝန်ရှိသူများ တက်ရောက်ကြည်ညိုကြသည်။**(အပေါ်ယာဝုံ)**

အစည်းအဝေးတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ မန္တလေးမြို့ ဗန်းမော်ကျောင်းတိုက်ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာ ဘိဝံသက သဘာပတိအဖြစ် ဆောင်ရွက်တော်မူပြီး တွဲဖက်အကျိုးတော်ဆောင်ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဓမ္မပါလာဘိဝံသက အခမ်းအနားမှူးအဖြစ် ဆောင်ရွက်တော်မူပြီး သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့(ပထမအဖွဲ့ခွဲ)၏ တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက်များအနက် ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာ ဆောင်ရွက်ချက်များအပေါ် အဖွဲ့ဝင်ဆရာတော်များက ဝေဖန်ဆွေးနွေးတော်မူကြသည်။

ဆက်လက်၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် စပ်လျဉ်း၍ ဆွေးနွေးဆုံးဖြတ်တော်မူကြသည်။

သတ္တမအကြိမ် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ (ပထမအဖွဲ့ခွဲ)၏ တတိယအကြိမ် တာဝန်ကျရာ ကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာ ဝေဖန်ဆွေးနွေးချက်များနှင့်စပ်လျဉ်း၍ ဝိနိစ္ဆယရေးရာ၊ သာသနာ့ရေးရာ၊ ပညာရေးရာများနှင့် ဆောင်ရွက်ချက်များကို အဖွဲ့ဝင်ဆရာတော်များက ပြန်လည်ရှင်းလင်း လျှောက်ထားတော်မူကြသည်။

ထို့နောက် တတိယအကြိမ် တာဝန်ကျရာကာလအတွင်း ဆောင်ရွက်ချက် အစီရင်ခံစာကို တွဲဖက်အကျိုးတော်ဆောင် ဆရာတော် အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တ ဓမ္မပါလာဘိဝံသက အတည်ပြုချက်ရယူပြီး အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသည့် ဆရာတော်များက ဇယန္တော ဗောဓိယာမူလေ အစချီသော နှစ်ဂါထာကို သုံးကြိမ်ရွတ်ဆိုတော်မူပြီး သာဓု သုံးကြိမ်ခေါ်ဆိုကာ သတ္တမအကြိမ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ (၄၇)ပါးစုံညီ ဒသမအစည်းအဝေးကို မွန်းလွဲပိုင်းတွင် အောင်မြင်စွာကျင်းပပြီးစီးခဲ့သည်။

ယနေ့အစည်းအဝေးသို့ ကြွရောက်တော်မူလာကြသော နိုင်ငံတော်သံဃမဟာနာယက ဆရာတော်ကြီးများအား အလျှုရှင် ကျိုက္ကဆံ ဝေဠုဝန်ကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ မာနိတနှင့် တပည့်ဒါယကာ၊ ဒါယိကာမများက (သတ္တရသမ) အကြိမ်မြောက် နေ့ဆွမ်းဆက်ကပ်လှူဒါန်းခဲ့သည်။

(သတင်းစဉ်)

ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး၏ အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကျင်းပမည်

နေပြည်တော် မတ် ၁၄

အဌမအကြိမ်မြောက် ဗုဒ္ဓပူဇနိယဘုရားပွဲတော်ကြီးကို နိုင်ငံကျော်ရုပ်ရှင်ဂီတအနုပညာရှင်များ၊ ဇာတ်သဘင်အဖွဲ့ကြီးများဖြင့် တပေါင်းလဆန်း ၉ ရက်မှ တပေါင်းလပြည့်နေ့ထိ (၁၇-၃-၂၀၁၆ မှ ၂၃-၃-၂၀၁၆) ရက်နေ့ထိ (၇)ညတိုင် ရဟန်းရှင်လူ ပြည်သူအများ အခမဲ့ကြည့်ရှုနိုင်ရေး၊ ဇာတ်ပွဲကြီးများ၊ အငြိမ့်ပွဲများ၊ ပျော်ပွဲရွှင်ပွဲများ၊ ချား၊ ရဟတ်၊ ပျော့ပျော့အိအိ ကလေးကစားကွင်းများ စုံလင်စွာဖြင့် အထူးတလည်ကျင်းပမည်ဖြစ်သည်။

ဘုရားပွဲတော်ရက်အတွင်း ကပြမည့်ဇာတ်သဘင်အဖွဲ့များမှာ မတ် ၁၇ ရက်မှ ၁၉ ရက်ထိ သစ္စာမေတ္တာရွှေမန်းသဘင် တင်မောင်ဆန်းမင်းဝင်းကတဲ့ဇာတ်ပွဲ၊ မတ် ၂၀ ရက်မှ ၂၂ ရက်ထိ ရုပ်ရှင်နှင့် ဗီဒီယိုသရုပ်ဆောင်ဟာသလူရွှင်တော်များ မဟာရန်ကုန် အင်ပါယာအငြိမ့်ကပွဲ၊ မတ် ၂၂ ရက်မှ ၂၃ ရက်ထိ မင်းမြတ်စွမ်းကတဲ့ စွမ်းသဘင်အဖွဲ့တို့က အခမဲ့ဖျော်ဖြေသွားမည်ဖြစ်ကြောင်း သိရသည်။

(သတင်းစဉ်)

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာ ဖြေဆို

နေပြည်တော် မတ် ၁၄

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ဓာတုဗေဒဘာသာအား ယနေ့ဖြေဆိုကြရာ မြန်မာနိုင်ငံတစ်ဝန်း တိုင်းဒေသကြီး၊ ပြည်နယ်များနှင့် နိုင်ငံခြားစာစစ်ဌာန စုစုပေါင်း ၁၄၄၂ ခုတွင် ကျောင်းသား ကျောင်းသူများ စည်းကမ်းတကျ ဖြေဆိုကြသည်ကိုတွေ့ရသည်။

ယခုနှစ်တွင် တက္ကသိုလ်ဝင်စာမေးပွဲတွင် ဓာတုဗေဒဖြေဆိုရန် စာရင်းပေးသွင်းထားသူ ကျောင်းသား ကျောင်းသူ ၆၁၁၁၄၁ ဦးတွင် ယနေ့ဖြေဆိုသူပေါင်း ၅၇၈၁၄၅ ဦးရှိပြီး စတင်ဖြေဆိုသည့်နေ့မှ ယနေ့အထိ ဖြေဆိုရန် ပျက်ကွက်သူပေါင်း ၃၂၉၉၆ ဦး ဖြစ်သည်။ သို့ဖြစ်၍ ယနေ့ဖြေဆိုသူစုစုပေါင်း ၉၄ ဒသမ ၆၀ ရာခိုင်နှုန်းနှင့် ပျက်ကွက်သူ စုစုပေါင်း ၅ ဒသမ ၄၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာနမှ သိရသည်။

(သတင်းစဉ်)

ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက်တွင် သန့်စင်ကျင်းတူးရာမှ ငွေဒင်္ဂါးပြားများတွေ့ရှိ

အင်းတော် မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ထီးချိုင့်မြို့ အမှတ်(၂)ရပ်ကွက် ဈေးကုန်းရပ်နေ ဦးအောင်ကြည်+ဒေါ်ကြည်ကြည်ဝင်း နေအိမ်ခြံဝင်းအတွင်း သန့်စင်ကျင်းအဖြစ် မြေကျင်းတူးရာ ဒေါင်းပုံပါနှင့် ဗစ်တိုးရီးယားအမှတ်ပုံပါ ငွေဒင်္ဂါးပြားများကို မတ် ၁၃ ရက် နံနက် ၁၀ နာရီခွဲခန့်က တူးဖော်တွေ့ရှိခဲ့ကြောင်း သိရသည်။

အဆိုပါငွေဒင်္ဂါးပြားများမှာ ရှေးနှစ်ပေါင်း ၁၀၀ ကျော်ခန့်က ဒေါင်းပုံပါနှင့် ဗစ်တိုးရီးယားအမှတ်ပုံပါ ငွေဒင်္ဂါးပြားများဖြစ်ကြောင်း သိရပြီး ၁၂၁၄ ခုနှစ်မှ ၁၈၈၆ ခုနှစ်အမှတ်ပါ ငါးပြား၊ ၁၈၆၂ ခုနှစ်အမှတ်ပါ ၂၁ ပြား၊ ၁၈၇၅ ခုနှစ်အမှတ်ပါ နှစ်ပြား၊ ၁၈၈၂ ခုနှစ်အမှတ်ပါ ခြောက်ပြား၊ ၁၈၈၁ ခုနှစ်အမှတ်ပါ တစ်ပြား၊ ၁၈၈၀ ခုနှစ်အမှတ်ပါ နှစ်ပြား၊ ၁၈၈၃ ခုနှစ်အမှတ်ပါ နှစ်ပြား၊ ၁၈၈၄ ခုနှစ်အမှတ်ပါ တစ်ပြား စုစုပေါင်း ၃၉ ပြားနှင့် ဗစ်တိုးရီးယားအမှတ်တံဆိပ်ပါ ၁၈၈၅ ခုနှစ်အမှတ်ပါ ခုနစ်ပြား၊ ၁၈၇၇ ခုနှစ်အမှတ်ပါ ၁၀ ပြား၊ ၁၈၇၉ ခုနှစ်အမှတ်ပါ တစ်ပြား၊ ၁၈၇၄ ခုနှစ်အမှတ်ပါ တစ်ပြား၊ ၁၈၇၆ ခုနှစ်အမှတ်ပါ တစ်ပြား၊ ၁၈၇၈ ခုနှစ်အမှတ်ပါ တစ်ပြား စုစုပေါင်း ၆၁ ပြားတို့အား ရရှိသည်။ ငွေဒင်္ဂါပြားများမှာ တစ်လက်မအပိုင်းပတ်လည်ရှိကြောင်း သိရသည်။

အဆိုပါဒင်္ဂါးပြားများအား ထီးချိုင့်မြို့ အမှတ်(၂)ဈေးကုန်းရပ်ကွက်နေ ဦးအောင်ကြည်+ဒေါ်ကြည်ကြည်ဝင်းတို့က နိုင်ငံတော်သို့အပ်နှံရန် ထီးချိုင့်မြို့မရဲစခန်းသို့ စာရင်းများပြုစု၍ အပ်နှံပေးခဲ့ကြောင်း သိရသည်။

(မောင်ချစ်လင်း)

တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဓာတုဗေဒဘာသာရပ် ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆို

ရန်ကုန် မတ် ၁၄

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့အဖြစ် ယနေ့နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီထိ ဓာတုဗေဒဘာသာရပ်ကို မြန်မာတစ်နိုင်ငံလုံးရှိ စာစစ်ဌာနများ၌ ကျောင်းသား ကျောင်းသူများ အေးချမ်းပျော်ရွှင်စွာ ဖြေဆိုခဲ့ကြကြောင်း မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

၂၀၁၆ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ စာရင်းရှိ ၆၁၁၁၄၁ ဦးရှိပြီး ပဉ္စမနေ့ ဓာတုဗေဒ ဘာသာရပ်တွင် စာဖြေသူ ၅၇၈၁၄၅ ဦး ဝင်ရောက်ဖြေဆိုခဲ့၍ တစ်နိုင်ငံလုံးတွင် ဖြေဆိုရန် ပျက်ကွက်သူ ၃၂၉၉၆ ဦးရှိရာ ဖြေဆိုသူဦးရေ ၉၄ ဒသမ ၆၀ ရာခိုင်နှုန်းရှိကြောင်း ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံစာစစ်ဦးစီးဌာနမှ သိရသည်။

ရန်ကုန်ပြည်သူ့ဆေးရုံကြီး စာစစ်ဌာနတွင် လူနာဖြေဆိုသူ လေးဦးထပ်မံတိုးလာ၍ စုစုပေါင်း ၁၄ ဦး ကိုယ်တိုင်ဖြေဆိုကြသည်။ မြောက်ဥက္ကလာပ ဆေးရုံကြီး စာစစ်ဌာနတွင် လူနာစာဖြေ ၈ဦးဦးတိုးလာပြီး စုစုပေါင်းခုနစ်ဦး ဖြေဆိုလျက်ရှိသည်။ ဗဟိုအမျိုးသမီးဆေးရုံကြီး(ရန်ကုန်)စာစစ်ဌာန၌ လူနာစာဖြေသူ တစ်ဦးရှိပြီး မြောက်ဥက္ကလာပ (ဝေဘာဂီ) ကူးစက်ရောဂါကုဆေးရုံစာစစ်ဌာနတို့တွင် ဖြေဆိုသူမရှိကြောင်းသိရသည်။

အင်းစိန်ဗဟိုအကျဉ်းထောင်စာစစ်ဌာနတွင် အကျဉ်းသား/အချုပ်သား ၁၉ ဦးမှာ ယခင်နေ့များကအတိုင်း ဖြေဆိုလျက်ရှိကြောင်းသိရသည်။

တက္ကသိုလ်ဝင်စာမေးပွဲ ပဉ္စမနေ့ ဓာတုဗေဒဘာသာရပ်ကို အတွဲ(၁) ဓာတုဗေဒ၊ ရူပဗေဒ၊ ဘောဂဗေဒ၊အတွဲ(၅) ဓာတုဗေဒ၊ ရူပဗေဒ ၊သမိုင်း၊ အတွဲ(၆) ဓာတုဗေဒ၊ ရူပဗေဒ၊ စိတ်ကြိုက်မြန်မာစာ၊ အတွဲ(၇) ဓာတုဗေဒ၊ ရူပဗေဒ၊ ဇီဝဗေဒနှင့် အတွဲ(၈)ဓာတုဗေဒ၊ ရူပဗေဒ၊ ပထဝီဝင် ဘာသာတွဲယူကြသည့် ကျောင်းသား ကျောင်းသူများ ဖြေဆိုကြကြောင်းသိရသည်။

(ရီရီမြင့်၊ ဥမ္မာသန်း)

နမ္မတူမြို့တွင် တောမီးမှတစ်ဆင့် ဂိုဒေါင်တစ်လုံးမီးလောင်

ကျောက်မဲ မတ် ၁၄

ရှမ်းပြည်နယ် ကျောက်မဲခရိုင် နမ္မတူမြို့တွင် ယနေ့ မွန်းလွဲ ၁ နာရီ ၄၅ မိနစ်က တောမီးမှတစ်ဆင့် ဂိုဒေါင်တစ်လုံး မီးလောင်ခဲ့သည်။

နမ္မတူမြို့ ဂေါက်ကွင်းအနီးတွင် ယနေ့ မွန်းလွဲ ၁ နာရီခန့်က တောမီးလောင်ကျွမ်းခဲ့ပြီး မီးမှာတဖြည်းဖြည်းကြီးလာကာ ဦးကျော်ဝင်း၏ တောင်ယာအတွင်းရှိ ဆောက်လုပ်ထားသော ဂိုဒေါင်တစ်လုံးအား ကူးစက်လောင်ကျွမ်းခဲ့သည်။ နမ္မတူမြို့နယ်မှ မီးသတ်ကားနှင့် မီးသတ်ဝန်ထမ်းများ ရောက်ရှိလာပြီး မီးငြိမ်းသတ်ခဲ့ရာ မွန်းလွဲ ၂ နာရီတွင် မီးငြိမ်းသွားခဲ့သည်။ ယင်းဂိုဒေါင်တွင် ဦးကျော်ဝင်းနှင့် သားသုံးယောက် နေထိုင်ကြောင်းသိရသည်။

(မြင့်အောင်)

ပြည်တွင်းရေးရာ

✱ ကျောင်းမှ

"အစဉ်အလာကြီးမားခဲ့တဲ့ နတ်မောက်စက်မှုအထက်တန်းကျောင်းကြီးကို ပြန်လည်နိုးထအောင် ဆောင်ရွက်ပေးတဲ့သူက သမ္မတကြီးဖြစ်ပါတယ်။ ၂၀၁၄ ခုနှစ်မှာ သမ္မတကြီးက စင်ကာပူသမ္မတနဲ့ တွေ့ဆုံခဲ့တဲ့အချိန် ကျောင်းကြီးကို အဆင့်မြှင့်တင်ပြီး ဖွင့်လှစ်နိုင်အောင် ကမ်းလှမ်းမှုကြောင့် စင်ကာပူသမ္မတကြီးကလည်း ဝမ်းပန်းတသာနဲ့လက်ခံပြီး စင်ကာပူ-မြန်မာသက်မွေးပညာသင်ကျောင်းအဖြစ် ဖွင့်လှစ်ခဲ့တာဖြစ်ပါတယ်" ဟု ဒုတိယကျောင်းအုပ်ဆရာမကြီး ဒေါက်တာမျိုးသီတာက ပြောပြသည်။

ကျောင်းဖွင့်လှစ်ရခြင်း၏ အဓိကရည်ရွယ်ချက်မှာ နိုင်ငံဖွံ့ဖြိုးတိုးတက်လာသည်နှင့်အညီ အရည်အချင်းပြည့်ဝသည့် လုပ်သားကောင်းများမွေးထုတ်ကာ လူငယ်များအတွက် အနာဂတ်သစ်ကို ဖော်ဆောင်ရန်ဖြစ်သည်။ နှစ်ပေါင်း ၆၀ ကျော် ကြာမြင့်ခဲ့ပြီဖြစ်သည့် ကျောင်းကြီးအတွက် အကြီးစားပြုပြင်မွမ်းမံမှုများနှင့် လက်တွေ့သင်ခန်းစာအသီးသီးအတွက် သင်ထောက်ကူပစ္စည်းများအားလုံးကို စင်ကာပူအစိုးရနှင့် စင်ကာပူအခြေစိုက် အဖွဲ့အစည်းများ၊ စီးပွားရေးလုပ်ငန်းရှင်များက ထောက်ပံ့ပေးထားသည်။

"ပထမဆုံးသင်တန်းကို ၂၀၁၅ နှစ်လယ်ပိုင်းမှာ စတင်ဖွင့်လှစ်နိုင်ခဲ့ပါတယ်။ တစ်နှစ်ကျော်ကြာအောင် ကျောင်းရဲ့ လိုအပ်တဲ့ ပစ္စည်းတွေနဲ့ ပြုပြင်တာတွေကို လုပ်ခဲ့ကြပြီး သင်ကြားရေးအတွက် ဆရာတွေကိုလည်း လိုအပ်တဲ့ အဆင်မြင့်သင်တန်းတွေကို ကျောင်းမှာရော၊ စင်ကာပူမှာပါ သွားရောက်ဖြည့်ဆည်းခဲ့ရပါတယ်။ မထင်မှတ်ထားတဲ့ ကျောင်းသား ကျောင်းသူဦးရေနဲ့ လျှောက်လွှာတွေကို လက်ခံရရှိခဲ့ပါတယ်။ ကျောင်းမှာ အင်ဂျင်နီယာဘာသာရပ် ခြောက်မျိုးနဲ့ ဟိုတယ်နှင့်ခရီးသွားဘာသာရပ်လေးမျိုးမှာ တစ်မျိုးကို ကျောင်းသားအရေအတွက် ၄၀ စီ လက်ခံသင်ကြားပေးနေတာပါ။ ဟိုတယ်/ခရီးအတွက်မှာ လျှောက်ထားသူ ၇၀၀ နီးပါးအနက်က ရွေးချယ်ခဲ့ရသလို အင်ဂျင်နီယာဘာသာရပ်တွေမှာလည်း လက်ခံနိုင်တဲ့ ဦးရေထက် ကိုးဆကျော် လျှောက်ခဲ့ကြပါတယ်။ ကျွန်မတို့အနေနဲ့ အင်္ဂလိပ်စာအခြေခံကောင်းမွန်သူတွေနဲ့ ပြည်တွင်းက အလုပ်အကိုင်အခွင့်အလမ်းတွေအပေါ်မှာ စိတ်အားထက်သန်စွာနဲ့ မျှော်လင့်မယ့်ကလေးတွေကို စိစစ်လက်ခံပေးတဲ့အတွက် ပထမအပတ်စဉ်မှာ သင်တန်းသား ၄၀၀ ကို လက်ခံသင်ကြားပေးခဲ့ပါတယ်"ဟု ဒေါက်တာမျိုးသီတာက ပြောကြားသည်။

အဆိုပါကျောင်းကြီးကို ၁၉၅၄ ခုနှစ် ဇွန်လ ၈ ရက်တွင် စတင်အုတ်မြစ်ချခဲ့ပြီး ၁၉၅၆ ခုနှစ် ဇူလိုင် ၁၆ ရက်တွင် ဖွင့်လှစ်ခဲ့ခြင်းဖြစ်သည်။ ထိုနေရာသည် ကျောင်းကြီးမတည်ဆောက်မီက တောထူထပ်ခဲ့သည့် နေရာတစ်ခုလည်းဖြစ်သည့်အတွက် မဆောက်လုပ်မီ မြေအနိမ့်အမြင့်၊ နေသွားလမ်းကြောင်းများကို တွက်ချက်ကာ အင်္ဂလန်မှ Partners London၊ Rangoon Ragian Square Art အဖွဲ့တို့က ဒီဇိုင်းရေးဆွဲခဲ့ကြခြင်းဖြစ်သည်။ ထိုကျောင်းကြီးကိုမူ Tayler Wood Row ဆောက်လုပ်ရေးအဖွဲ့(လန်ဒန်) နှင့် United Burmese Engineering ကုမ္ပဏီတို့က နှစ်နှစ်ကျော်ကြာ အချိန်ယူတည်ဆောက်ခဲ့ကြောင်း ကျောင်းတော်ကြီး၏ ညာဘက်အဝင်ပေါက်ဝ နံရံအတွင်းမြှုပ်၍ ထည့်သွင်းထားသည့် သမိုင်းမော်ကွန်းစာအရ သိရသည်။ ကျောင်းကြီးကို လျှုဒါန်းသူမှာ အမေရိကန်ပြည်ထောင်စု FORD ဖောင်ဒေးရှင်းမှဖြစ်ပြီး လိုအပ်ချက်မရှိ ပြီးပြည့်စုံခဲ့သည့် နိုင်ငံတကာအဆင့်အတန်းမီ အရှေ့တောင်အာရှ၏ အားကျစံဖြစ်ဖွယ် ကျောင်းကြီးတစ်ကျောင်း ဖြစ်ခဲ့သည်။

"ကျောင်းတက်ရတာကို ဂုဏ်ယူစရာအလွန်ကောင်းတယ်။ သင်ကြားမှုပိုင်းမှာလည်း စနစ်ကျလွန်းတာကြောင့် နတ်မောက်အထက်တန်းကျောင်းထွက် လူညံ့ကို မရှိဘူး" ဟု ကျောင်းသားဟောင်း ဦးစိုးလွင်က ပြောပြသည်။ ကျောင်းသားဘဝအမှတ်တရများတွင် ကျောက်စီပန်းချီကားကြီးများသည် အရေးပါလွန်းလှပြီး အချင်းချင်း ဆုံရပ်အဖြစ်ပန်းချီကားများကို အမှတ်သညာပြုကြသည်။ နံရံပြည့်ကပ်ထားသည့် ကျောက်စီပန်းချီများကို ကျောင်းကြီး၏ အတွင်းအပြင် နံရံများပေါ်တွင် မြင်တွေ့ရပြီး ကျောင်းဆောက်လုပ်စဉ်က ထိုနံရံပန်းချီများကို ပြိုင်ပွဲပြုလုပ်ကာ ရွေးချယ်ပြင်ဆင်ခဲ့ခြင်းဖြစ်သည့်အတွက် ဆုရပန်းချီကျော်၏ ကျောက်စီလက်ရာများမှာ အံ့မခန်းသပ်ရပ်လှပမှုကို ယနေ့တိုင်မြင်ရသည်။ ကျွန်းသစ်များကို ဆွဲယူလာသည့် ဆင်လိမ္မာနှင့် လှေပေါ်မှ ကုန်များကိုချကာ လှည်းပေါ်သို့ တင်နေဟန်၊ သစ်များကို ခွဲစိတ်နေဟန်၊ ရှင်ဘုရင်တိုင်းခန်းလှည့်လည်နေဟန်၊ အုတ်သယ်ယူနေသည့် အလုပ်သမားများဟန်တို့ကို လက်ရာရှင် ပန်းချီဦးစံဝင်းနှင့်အဖွဲ့က ရေးဆွဲထားခြင်းဖြစ်သည်။ ထို့ပြင် ကျောင်းရှေ့နှင့် ကျောင်းအလယ်တို့တွင် ကျောင်းသားနှင့် ဆရာတို့၏ချစ်ခင်ရင်းနှီးမှုကိုဖော်ပြသည့်အနေဖြင့် အပြန်အလှန်ရေပက်ဖျန်းနေသည့် ရုပ်တုနှင့် ကျောင်းသား၊ ဆရာ လက်တွဲကာ အလံကိုင်၍ ချီတက်နေသည့် ရုပ်တုများ ပုံဖော်ထားသည်ကို မြင်တွေ့ရပြီး ထိန်းသိမ်းစောင့်ရှောက်မှုကြောင့် အကောင်းပကတိမြင်တွေ့ရသည်။

သာယာလှပခြင်း၊ ယဉ်ကျေးသိမ်မွေ့ခြင်း၊ ရိုင်းပင်းကူညီခြင်း၊ စည်ပင်ဝပြောခြင်း စသည့်အဓိပ္ပာယ်တို့ကို ထိုပန်းချီကားများတွင် လှစ်ဟထားပြီး ယနေ့တိုင် မပျက်မယွင်းတည်ရှိနေခြင်းကပင် ဂုဏ်ယူဖွယ်ဖြစ်ကြောင်း နတ်မောက် စက်မှုလက်မှု အထက်တန်းကျောင်းသားဟောင်းများအသင်းမှ အတွင်းရေးမှူး ဦးကိုကိုမော်က ပြောပြသည်။

ယခုပထမအပတ်စဉ်မှ ဟိုတယ်နှင့်ခရီး သင်တန်းလေးခုမှာ စာမေးပွဲများ ဖြေဆိုပြီးစီးခဲ့သဖြင့် ဧပြီလတွင် အောင်စာရင်းထွက်ရှိမည်ဖြစ်ကြောင်း၊ အင်ဂျင်နီယာသင်တန်းများမှာမူ မကြာမီပြီးစီးမည်ဖြစ်သဖြင့် ဒုတိယအသုတ် သင်တန်းများဖွင့်လှစ်ရန် စတင်လက်ခံပေးနေပြီဖြစ်ကြောင်း သိရသည်။

"မူလ နတ်မောက်ကျောင်းကြီးရဲ့သင်ရိုးက အတော်စနစ်ကျပါတယ်။ ကျွန်မတို့အခုပေးနိုင်တာက အသိအမှတ်ပြု လက်မှတ်အဆင့်ဖြစ်ပြီး ကာလက ခြောက်လပဲ သင်ကြားပေးတာပါ။ မူလကျောင်းတော်ကြီးတုန်းက ကျောင်းသားတွေကို ရှစ်တန်းကနေ စလက်ခံပေးတယ်။ သုံးနှစ်တက်ရတယ်။ အဲဒီကနေမှ ဂျီတီအိုင်ကို ပေါင်းကူးရတယ်။ ဂျီတီအိုင်ကနေမှ အာရ်အိုင်တီကို ချိတ်ဆက်သင်ကြားနိုင်ကြတယ်။ အခု စင်ကာပူနိုင်ငံရဲ့ အင်ဂျင်နီယာသင်ကြားမှုကျောင်းတွေက အဲဒီပုံစံအတိုင်း သွားနေကြတာတွေ့ရပါတယ်။ ကျွန်မတို့ ဆရာသမားတွေ ပြောကြားချက်အရဆိုရင် ပြည်ထောင်စုကျောင်းကြီးလို့ ပြောနိုင်ပါတယ်။ ဒေသပေါင်းစုံက ကျောင်းသားတွေအားလုံးထဲကနေ ရွေးချယ်ပြီး စေလွှတ်လို့ အင်ဂျင်နီယာသင်ကြားခွင့်ရသူတွေဖြစ်ပါတယ်။ အခုကျွန်မတို့အနေနဲ့လည်း စင်ကာပူရဲ့ပုံပိုးမှုအတွက် အများကြီးကျေးဇူးတင်ဖို့ကောင်းသလို လက်ရှိကျောင်းသစ်ရဲ့ထူးခြားချက်က အင်္ဂလိပ်စာဘာသာနဲ့ အဓိကသင်ကြားပေးနေတာဖြစ်ပြီး မြန်မာစကားလုံးဝမပြောသလောက်ရှိပါတယ်။ ပိုပြီးတင်းကျပ်ထားတဲ့ စည်းကမ်းက ကျောင်းခေါ်ချိန်ကို ၉၀ ရာခိုင်နှုန်းမပြည့်ရင် စာမေးပွဲဖြေခွင့်မပေးပါဘူး။ လက်တွေ့ပိုင်းသင်ကြားတာက အဓိကဆိုတော့ ပိုပြီး တင်းကျပ်ထားရတယ်"ဟု ဒေါက်တာမျိုးသီတာက ပြောပြသည်။

နိုင်ငံ၏ လုပ်သားအင်အားလိုအပ်ချက်ကို ဖြည့်စွမ်းပေးနိုင်သည့် သက်မွေးပညာသင်တန်းကျောင်းများ ပေါများစွာ ထွက်ပေါ်လာရေးအတွက် ပိုမိုလိုအပ်နေပြီး လာရောက်လျှောက်ထားသူ ဦးရေများပြားမှုကြောင့် ပိုမိုတိုးချဲ့ဖွင့်လှစ်ပေးရန် လိုအပ်နေကြောင်း ဟိုတယ်ဝန်ဆောင်မှုပညာများကို သင်ကြားပေးနေသည့် ဆရာမတစ်ဦးက ပြောကြားသည်။ သင်တန်းပြီးဆုံးပါက အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန်အတွက်လည်း ဟိုတယ်လုပ်ငန်းများနှင့် ချိတ်ဆက်ဆောင်ရွက်လျက်ရှိပြီး ဟိုတယ်များကလည်း သင်ကြားမှုတွင် ကူညီထောက်ပံ့ပေးသည့်အတွက် ကလေးများ အနာဂတ်အလုပ်အကိုင်အခွင့်အလမ်းများ ဖြည့်ဆည်းပေးနိုင်ကြောင်း သိရသည်။

"အလုပ်အကိုင် ၁၀၀ ရာခိုင်နှုန်းရမယ်လို့ အာမခံနိုင်ပေမယ့် ကလေးတွေအများစုကို အလုပ်အကိုင် အလွယ်တကူနဲ့ရရှိနိုင်အောင် ဖြည့်ဆည်းပေးပြီး အလုပ်အကိုင်တွေနဲ့လည်း ချိတ်ဆက်ပေးနေပါတယ်။ ကျွန်မတို့က အခြေတည်စဆိုတော့ အခက်အခဲတွေ အများကြီးရှိပါတယ်။ နှစ်နိုင်ငံ အစိုးရ၊ အဖွဲ့အစည်းတွေ၊ လုပ်ငန်းတွေ အားလုံးနဲ့ချိတ်ဆက်ဆောင်ရွက်ရတာကြောင့် ညှိနှိုင်းမှုတွေကို အဆင့်ဆင့်ပြုလုပ်ရတယ်။ ဒါပေမယ့် ကျွန်မအလွန်ကျေနပ်အားရဖြစ်မိတယ်။ ကလေးတွေရဲ့ စွမ်းရည်တွေ မြင့်လာတာကို မြင်ရတယ်။ ဒီအဆောက်အအုံကြီးပြောင်းလဲတောက်ပလာတယ်။ ကလေးတွေအတွက် သောကြာနေ့တိုင်း အားကစားအချိန်အဖြစ် သတ်မှတ်ပေးတာရှိပါတယ်။ ဘောလုံး၊ ခြင်းလုံး၊ စားပွဲတင်တင်းနစ်၊ စစ်တုရင်နဲ့ ဘတ်စကက်ဘော ကစားတာတွေကို ခွင့်ပြုပေးထားတယ်။ ကလေးတွေ ပျော်ပျော်ရွှင်ရွှင်နဲ့ သင်ယူနေကြခွင့်ရတာနဲ့ယှဉ်ရင် ကျွန်မတို့ ဖြေရှင်းညှိနှိုင်းပူးပေါင်းနေတဲ့ ပင်ပန်းစရာအခက်အခဲတွေက ဘာမှမဟုတ်လောက်အောင်ဖြစ်သွားပြီး ပီတိဖြစ်ရတယ်"ဟု ဒေါက်တာမျိုးသီတာက ပြောကြားသည်။

နတ်မောက်စက်မှုလက်မှု အထက်တန်းကျောင်းသည် စက်မှုလုပ်ငန်းရှင်ပေါင်းများစွာ၊ နိုင်ငံ့ဝန်ထမ်း အင်ဂျင်နီယာပေါင်းများစွာနှင့် နိုင်ငံ့တကာအထိ ခြေဆန့်နိုင်ခဲ့သော အင်ဂျင်နီယာပညာရှင်ပေါင်းများစွာကို မွေးထုတ်ပေးနိုင်ခဲ့ပြီး နတ်မောက်ကျောင်းသားဘဝသည် အလွန်ဂုဏ်ယူဖွယ်ရာ ကျောင်းသားဘဝ တစ်ဆစ်ချိုးပင်ဖြစ်ခဲ့ရကြောင်း၊ ယနေ့အသစ်ထွက်ပေါ်လာသည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းကြီးသည်လည်း အနာဂတ်ပညာရှင်များစွာကို မွေးထုတ်ပေးမည့် ကျောင်းတော်ကြီးဖြစ်သည်။

"ကျွန်တော်တို့လောကမှာ စကြတဲ့ စကားတစ်ခွန်းရှိပါတယ်။ တရားသူကြီးက မကောင်းမှုတွေများမှ ဝင်ငွေတိုးတာ၊ ဆရာဝန်က နေမကောင်းတဲ့သူရှိမှ ဝင်ငွေရတာ၊ အင်ဂျင်နီယာက နိုင်ငံနဲ့လူမျိုး ကြီးပွားလေလေ ဝင်ငွေတိုးလေလေဆိုတော့ အင်ဂျင်နီယာဘဝကို မြတ်နိုးမိတယ်။ ကျွန်တော်တို့နိုင်ငံက တိုးတက်မြင့်မားလေလေ ကျွန်တော်တို့ အင်ဂျင်နီယာတွေအတွက် အလုပ်အကိုင်အခွင့်အလမ်းတွေ ပေါလေလေဖြစ်လာမှာမို့ ကလေးတွေကို ကြိုးစားပြီး သင်ယူကြပါလို့ အကြံဉာဏ်ပေးချင်တယ်။ အထူးသဖြင့် ကျွန်တော်တို့ နတ်မောက်ကျောင်းကြီးက သမိုင်းဂုဏ်တင့်ခဲ့တဲ့ ကျောင်းကြီးပါ။ စက်မှုလက်မှုလုပ်ငန်းတွေမှာ တိုင်းရင်းသားလုပ်ငန်းရှင်ကြီးတွေအများစုဟာ နတ်မောက်ကျောင်းကြီးရဲ့ ရင်ငွေ့လှုံခဲ့သူတွေ များတယ်။ ဒါကြောင့် အစဉ်အလာကို ဆက်ထိန်းကြပါလို့ ပြောချင်တယ်" ဟု နတ်မောက် စက်မှုလက်မှုကျောင်းသားဟောင်းများ အသင်းဝင် ဦးစိုးလွင်က ပြောကြားသည်။

သင်တန်း၏ ဒုတိယအပတ်စဉ်ဖွင့်လှစ်ရန် လျှောက်လွှာများစတင်လက်ခံတော့မည်ဖြစ်ပြီး တက္ကသိုလ်ဝင်တန်းအောင်မြင်သူ အသက် (၁၆) နှစ်ပြည့်ပြီး သက်မွေးပညာသင်ကြားလိုသူတိုင်း တက်ရောက်နိုင်သည်။ သင်တန်းကာလသည် နံနက် ၉ နာရီမှ ညနေ ၅ နာရီထိ ခြောက်လတိတိ အချိန်ပြည့်တက်ရောက်ရသည့် သင်တန်းလည်းဖြစ်သည်။ သင်တန်းပြီးဆုံးအောင်မြင်သူများကို သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာနမှ အသိအမှတ်ပြုသည့် သက်မွေးပညာကျွမ်းကျင်လက်မှတ်ကို ပေးအပ်ချီးမြှင့်မည်ဖြစ်ပြီး နောက်ပိုင်းတွင် ညနေပိုင်းသင်တန်းများနှင့် မော်တော်ကားလုပ်ငန်းသင်တန်းများကိုလည်း တိုးချဲ့ဆောင်ရွက်သွားရန်လျာထားကြောင်း စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းမှ သိရသည်။

ကျောင်းကြီး၏ တစ်နေ့တာလှုပ်ရှားမှုများသည် ညနေ ၅ နာရီအရောက် ကျောင်းဆင်းခေါင်းလောင်းသံနှင့်အတူ ပြီးဆုံးသွားသည်။ အပြာနုရောင် တူညီဝတ်စုံရှင်များက ကျောင်းတော်ကြီး၏ လေ့ကားထစ်များဆီ အလုအယက်ဆင်းခြင်းဖြင့် အိမ်ပြန်ကြတော့မည်။ ဒုတိယကျောင်းအုပ်ဆရာမကြီးက ကလေးများကို ကြည့်ရင်း ဝမ်းသာပီတိဖြစ်သည့် မျက်လုံးများဖြင့် ကျောင်းတော်ကြီး ပြန်လည်နိုးထလာသည့်အကြောင်းကိုရှင်းပြနေသည်။ မကြာမီ အနာဂတ်တွင် မြန်မာလူငယ်များ၏ တက်ကြွသော အစွမ်းသတ္တိများနှင့် အရည်အသွေးတို့ကို ယခင်နတ်မောက်စက်မှုအထက်တန်းကျောင်းသားဟောင်းများ၏ စံနမူနာအတိုင်း ပြန်လည်မြင်တွေ့ကြရတော့မည်။ "သမ္မတကြီးရဲ့ ကျေးဇူးကြောင့် ကျွန်တော်တို့ နတ်မောက်ကျောင်းကြီး ပြန်ရှင်သန်လာပြီ" ဟု အသက် (၅၁)နှစ်အရွယ်ရှိ အီလက်ထရွန်နစ်အင်ဂျင်နီယာ ကိုတင်မိုးက ဖြေကြားသည်နှင့်အပြိုင် ကျောင်းပြန်ဆင်းလာသည့် စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းမှ သင်တန်းသား မောင်ရဲလေးကလည်း "နေ့တိုင်းမရိုးနိုင်တဲ့ လက်တွေ့သင်ခန်းစာတွေက ကျွန်တော့်အိပ်မက်တွေကို ပြည့်လာစေတယ်"ဟု ဖြေကြားရင်း သူငယ်ချင်းများရှိရာ ကျောင်းကင်တင်းသို့ ပြေးဝင်သွားသည်။

မည်သို့ပင်ဆိုစေ ကျောင်းတော်ကြီးက အရည်အချင်းပြည့်ဝသည့် အနာဂတ်လူငယ်များကို နိုင်ငံတော်အတွက် ပြန်လည်မွေးထုတ်ပေးခွင့်ရသည့်အတွက် ဂုဏ်ယူစွာဖြင့် နှစ်ပေါင်း ၆၀ ကျော်ကာလကို ဖြတ်သန်းနေပြီဖြစ်ပါကြောင်း။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်း၏ မျက်နှာစာကို တွေ့ရစဉ်။

စင်ကာပူ-မြန်မာ သက်မွေးပညာသင်ကျောင်းတွင် ကျောင်းသား ကျောင်းသူများ သီအိုရီပိုင်းဆိုင်ရာများကို စာတွေ့သင်ကြားနေစဉ်။

နှစ်(၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်မှုအကျိုးကျေးဇူးများ သာတူညီမျှရရှိရေး ရည်မှန်းဖော်ဆောင်

မုံရွာ မတ် ၁၄

တိုင်းရင်းသားလူမျိုးစုများ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ပညာရေး၊ လူမှုရေးနှင့် ကိုယ်ပိုင်ယဉ်ကျေးမှုစသည့် လူမှုစီးပွား နယ်ပယ်အသီးသီးတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်မြှင့်တင်ပေး၍ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှု အကျိုးကျေးဇူးများကို သာတူညီမျှရရှိစေရန်စသည့် ရည်မှန်းချက်ဖြင့် နှစ် (၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်းကို အတည်ပြုချမှတ်ဆောင်ရွက်လျက် ရှိကြောင်း အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်ထံမှ သိရသည်။

"မြန်မာနိုင်ငံရဲ့ လက်ရှိကျင့်သုံးနေတဲ့ဖွံ့ဖြိုးမှု မူဝါဒဟာ ပြည်သူ့ဗဟိုပြု ဖွံ့ဖြိုးမှုမူဝါဒ (People Centered Development)ဖြစ်ပြီး အဲဒီမူဝါဒကို အကောင်အထည်ဖော်ရေးအတွက် အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း (National Comprehensive Development Plan- NCDP)ကို အတည်ပြု ချမှတ်နိုင်ခဲ့ပါတယ်။ နှစ် (၂၀) အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းမှာ ငါးနှစ်စီမံကိန်း လေးခုပါဝင်ပြီး ၂၀၁၁-၂၀၁၂ ဘဏ္ဍာနှစ်ကနေ ၂၀၃၀-၂၀၃၁ ဘဏ္ဍာနှစ်အထိ နှစ်(၂၀) နှစ်ရှည်စီမံကိန်းဖြစ်ပါတယ်။ နိုင်ငံတော်ကို ဘက်စုံဖွံ့ဖြိုးတိုးတက်အောင်ကြိုးပမ်းဆောင်ရွက်ရာမှာ တိုင်းရင်းသားလူမျိုးစုများ နေထိုင်ရာနယ်မြေဒေသတွေ ဖွံ့ဖြိုးတိုးတက်မှုကိုလည်း အခြားတိုင်းဒေသကြီး ပြည်နယ်များ နည်းတူ တစ်ပြေးညီဖွံ့ဖြိုးတိုးတက်မှုရရှိရေးကို ဆောင်ရွက်နေကြတာဖြစ်ပါတယ်" ဟု ဒေါက်တာကံဇော်က ပြောသည်။

တိုင်းဒေသကြီးနှင့် ပြည်နယ်စီမံကိန်းများသည်မြန်မာနိုင်ငံ၏ တိုးတက်မှုနှင့် အသွင်သဏ္ဌာန်ပြောင်းလဲမှု၏ မောင်းနှင်အားဖြစ်ပြီး တိုင်းဒေသကြီးများနှင့် ပြည်နယ်များ၏ကာလရှည်ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းများသည်လည်း အမျိုးသားဘက်စုံဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းတွင် ပါဝင်သည့် မဟာဗျူဟာအချို့နှင့် ကိုက်ညီရမည်ဖြစ်ပြီး ခရိုင်အဆင့်နှင့် မြို့နယ်အဆင့်၏ ဒေသဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု စီမံကိန်းရေးဆွဲရာတွင် အထောက်အကူဖြစ်စေသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ကာလတိုငါးနှစ်စီမံကိန်း၏ နှစ်စဉ်ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်းများအတွက် မဟာဗျူဟာမူဘောင်ကို ချမှတ်ပေးထားခြင်းဖြစ်ကြောင်း သိရသည်။

"နိုင်ငံတော်ရဲ့ ပြုပြင်ပြောင်းလဲမှုများအနေနဲ့ ပထမအဆင့် နိုင်ငံရေးပြုပြင်ပြောင်းလဲမှု၊ ဒုတိယအဆင့် စီးပွားရေးပြုပြင်ပြောင်းလဲမှု၊ တတိယအဆင့် အုပ်ချုပ်ရေးနှင့် စီမံခန့်ခွဲမှုစနစ်ပြုပြင်ပြောင်းလဲမှုနှင့် စတုတ္ထအဆင့် ပဂ္ဂလိကကဏ္ဍဖွံ့ဖြိုးတိုးတက်ရေး ပြုပြင်ပြောင်းလဲမှုဆိုပြီး ပြုပြင်ပြောင်းလဲမှုများကို အဆင့်ဆင့် အရှိန်အဟုန်နဲ့ ဆောင်ရွက်ခဲ့ရာမှာ ပဂ္ဂလိကကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ကုမ္ပဏီများ တည်ထောင်တာကို အားပေးနေသလို အစုစပ်လုပ်ငန်းများနဲ့ အများပိုင်ကုမ္ပဏီများ တည်ထောင်လုပ်ကိုင်ခွင့်တို့ကို အားပေးမြှင့်တင်ဆောင်ရွက်နေပါတယ်"ဟု ဒေါက်တာကံဇော်က ပြောသည်။

စစ်ကိုင်းတိုင်းဒေသကြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနဖွင့်ပွဲကို မတ် ၁၄ ရက် နံနက်ပိုင်းက မုံရွာမြို့ ရုံးကြီးရပ်ကွက် မုံရွာခရိုင်စီမံခန့်ခွဲရေးကော်မတီ ရုံးဝင်းအတွင်းကျင်းပရာ အမျိုးသားစီမံကိန်းနှင့် စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဝန်ကြီးဌာနပြည်ထောင်စုဝန်ကြီး ဒေါက်တာကံဇော်နှင့် ဝန်ကြီးဌာနတာဝန်ရှိသူများ၊ တိုင်းဒေသကြီးဝန်ကြီးချုပ်ဦးသာအေးနှင့် အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းနှင့် ညီနောင်အသင်းအဖွဲ့များ၊ စီးပွားရေးလုပ်ငန်းရှင်များ တက်ရောက်သည်။ ရုံးဖွင့်ပွဲအပြီးတွင် ရင်းနှီးမြှုပ်နှံမှုဆိုင်ရာ အခြေအနေများနှင့် လုပ်ထုံးလုပ်နည်းများ ရှင်းလင်းဆွေးနွေးခြင်း အခမ်းအနားကို မုံရွာမြို့ ဝင်းယူနတီဟော်တယ်ဧည့်ခန်းမ၌ ကျင်းပသည်။

မျိုးဝင်းထွန်း(မုံရွာ)

◆ ◆

အယ်နီညိုကာကွယ်ရေး အသိပညာပေးလုပ်ငန်း သန်လျင်၌ဆောင်ရွက်

ရန်ကုန် မတ် ၁၄

အယ်နီညိုရာသီဥတု ကာကွယ်ရေး အသိပညာပေးရေးလုပ်ငန်းကို ရန်ကုန်တောင်ပိုင်းခရိုင် သန်လျင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့မစျေးအနီးရှိ မြေစိုက်ဘုတ်တွင် ဓာတ်ပုံ၊ နံရံကပ်စာစောင်များအား ပြည်သူများ အသိပညာဗဟုသုတရရှိရေးအတွက် ပြသထားသည်။

ထို့အပြင် အသိပညာပေး နံရံကပ်စာစောင်နှင့် ဟောပြောပွဲများကို ကွင်းဆင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သန်းဝင်း(သန်လျင်)

မင်းဘူးမြို့ ရပ်ကွက်နေပြည်သူများ သောက်သုံးရေဖူလုံစွာရရှိရေး တိုးချဲ့ဆောင်ရွက်

မင်းဘူး မတ် ၁၄

မင်းဘူးမြို့သည် မြို့ပေါ်ရပ်ကွက် လေးရပ်ကွက်ရှိပြီး အိမ်ခြေ ၅၂၀၅ အိမ်၊ လူဦးရေ ၂၉၈၈၆ ဦး မှီတင်းနေထိုင်လျက်ရှိသည်။ မြေအောက် ရေတွင်းတူးသော်လည်း ကျောက်ကြောများခံနေခြင်း၊ အနက်ပေများစွာတူးသော်လည်း ရေမထွက်ရှိခြင်း၊ မြေပြန့်ရပ်ကွက်များတွင် မြေအောက်ရေတွင်းတူးဖော်၍ ရေထွက်ရှိသော်လည်း ရေငန်များဖြစ်နေခြင်းနှင့် ထုံးဓာတ်များနေခြင်းတို့ကြောင့် သောက်သုံးရေ အခက်အခဲရှိခဲ့ရာမှ ယခုအချိန်ထိ မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ရေပေးရေးလုပ်ငန်းများဖြစ်သည့် ကျောက်တန်းရေပေးရေး၊ မန်းရေနံရေပေးရေးနှင့် တာဘိုင်ရေပေးရေးတို့မှ သောက်သုံးရေရရှိရေး စီမံဆောင်ရွက်ပေးလျက်ရှိသည်။ လက်ရှိမြို့ရေပေးရေးမှ မြို့ပေါ်လေးရပ်ကွက်တွင် အိမ်သွယ်ရေတိုင်ပေါင်း ၁၇၈၉ တိုင်၊ အများသုံးရေတိုင် ၃၇ တိုင်၊ နေ့စဉ် ရေဖြန့်ဝေသည့် ဂါလန်ပေါင်း ၅ သန ၆ သိန်း ခန့် ဖြန့်ဝေပေးလျက်ရှိသည်။

၂၀၁၅ ခုနှစ်တွင် ကျပ်သိန်းပေါင်း ၁၆၀၀ ကျော် ခွင့်ပြုခဲ့ပြီး ထိုခွင့်ပြုငွေဖြင့် မင်းဘူးမြို့ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်း စတင်အကောင်အထည်ဖော်ဆောင်ရွက်ရန် တိုင်းဒေသကြီးအစိုးအဖွဲ့၏ ဦးဆောင်လမ်းညွှန်မှုဖြင့် လုပ်ငန်းများအလိုက် တင်ဒါများခေါ်ယူဆောင်ရွက်ခဲ့သည်။ တင်ဒါရရှိခဲ့သော လျှပ်စစ်သွယ်တန်းခြင်းလုပ်ငန်းများကို တိုင်းဒေသကြီး လျှပ်စစ်ဖြန့်ဖြူးရေးလုပ်ငန်းမှလည်းကောင်း၊ ရေတင်ပန့်များ တပ်ဆင်ခြင်းလုပ်ငန်းကို ဟန်စိန်သန့်ကုမ္ပဏီမှ လည်းကောင်း၊ ရေတင်၊ ရေဖြန့်ဝေ ပိုက်လိုင်းသွယ်တန်းခြင်းလုပ်ငန်းကို WWW ကုမ္ပဏီမှ လည်းကောင်း၊ ရေသန့်စင်တည်ဆောက်ရေးလုပ်ငန်းများကို ပွင့်ဦးကုမ္ပဏီမှလည်းကောင်း တာဝန်ယူဆောင်ရွက်လျက်ရှိသည်။ အဆိုပါ မြို့တိုးချဲ့ရေပေးရေးလုပ်ငန်းများ ပြီးစီးပါက တာဘိုင်ရေစက်ရုံ၊ လိပ်တောင်ရေလှောင်ကန်၊ အောင်မြေရေလှောင်ကန်နှင့် အမှတ်(၂)ရပ်ကွက်ရှိ မြစ်ရေတင်တို့မှတစ်ဆင့် သောက်သုံးရေဖူလုံစွာ ဖြန့်ဝေပေးနိုင်မည်ဖြစ်သည်။

အဆိုပါကုမ္ပဏီများမှ မတ် ၁၅ ရက်တွင် လုပ်ငန်းများ အပြီးဆောင်ရွက်၍ မင်းဘူးမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်းပေးရမည်ဖြစ်ပြီး ယင်းလုပ်ငန်းများအား မြို့နယ်စည်ပင်သာယာရေးအဖွဲ့မှ ဆောင်ရွက်ခြင်းမဟုတ်ဘဲ ကုမ္ပဏီများမှသာ တာဝန်ယူဆောင်ရွက် လုပ်ကိုင်လျက်ရှိသည်။ ကဏ္ဍများအလိုက် တာဝန်ယူဆောင်ရွက်လျက်ရှိသော ကုမ္ပဏီမှ လုပ်ငန်းများပြီးစီးပါက အဆိုပါ လုပ်ငန်းများကို မြို့နယ်စည်ပင်သာယာရေးအဖွဲ့သို့ လွှဲပြောင်း/လက်ခံရယူပြီးမှသာ မြို့ပေါ်ရပ်ကွက်များရှိ အိမ်သွယ်ရေတိုင်များကို စတင်သွယ်တန်းပေးသွားမည်ဖြစ်သည်။

မင်းဘူးမြို့ တိုးချဲ့မြို့ရေပေးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုနှင့် ပတ်သက်၍ မြို့ပေါ်လေးရပ်ကွက်နေပြည်သူများအား မြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း ဦးဆောင်သော မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ အမှုဆောင်အရာရှိ မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌနှင့် မြို့နယ်ဖွံ့ဖြိုးရေး အထောက်အကူပြုကော်မတီဥက္ကဋ္ဌတို့က တွေ့ဆုံရှင်းလင်းဆွေးနွေးပွဲများ ဆောင်ရွက်ခဲ့ပြီး အိမ်သွယ်ရေတိုင်များ လျှောက်ထားနိုင်ရေး အသိပေးရှင်းလင်းခဲ့ရာ မတ် ၁၄ ရက်အထိ အိမ်သွယ်ရေတိုင်လျှောက်လွှာ ၆၀၀ ကျော်ခန့် လက်ခံရယူ၍ အိမ်သွယ်ရေတိုင်များ ဆက်သွယ်ဆောင်ရွက်ပေးနေလျက်ရှိသည်။

အိမ်သွယ်ရေတိုင် တစ်တိုင်အတွက် ကျသင့်ငွေမှာ ရေမီတာနှင့် ဆက်စပ်ပစ္စည်းတန်ဖိုး ကျပ် ၄၂၀၀၀၊ မှတ်ပုံတင်ကြေး ကျပ် ၃၀၀၀၀၊ ဆပ်မိန်းကိရိယာနှင့် လုံခြုံရေးတပ်ဆင်ခ ကျပ် ၂၅၀၀၀၊ စုစုပေါင်းကုန်ကျငွေမှာ ကျပ် ၉၇၀၀၀ ဖြစ်ကြောင်းနှင့် သွယ်တန်းရမည့် လမ်းအနေအထားအကွာအဝေးပေါ်မူတည်၍ ပိုက်များ သွယ်တန်းခြင်းအတွက် တစ်ပေလျှင် ကျပ် ၄၀ နှုန်းဖြင့်လည်းကောင်း မြေတူးခတစ်ပေလျှင် ကျပ် ၃၀၀ နှုန်းဖြင့်လည်းကောင်း၊ ကျသင့်မည်ဖြစ်သည်။ အိမ်ရှင်ကိုယ်တိုင် မြေတူးခြင်းလုပ်ငန်းများကိုလည်း ဆောင်ရွက်ခွင့်ရှိကြောင်း၊ မှတ်ပုံတင်ကြေးပေးသွင်းငွေ ကျပ် ၃၀၀၀၀ ကိုသာ အဖွဲ့ငွေစာရင်း (ဘဏ်)သို့ ပေးသွင်းရမည်ဖြစ်ပြီး ကျန်ကုန်ကျငွေများမှာ ကိုယ်ပိုင်ရေတိုင် ဆက်သွယ်သည့်နေရာတွင်သာ အကုန်သုံးစွဲသွားမည်ဖြစ်ကြောင်းနှင့် စုစုပေါင်းကုန်ကျငွေ ၉၇၀၀၀ ကျပ်အား တစ်ကြိမ်တည်းပေးသွင်း၍သော်လည်းကောင်း၊ လေးကြိမ်ခွဲ၍ ပေးသွင်းခြင်းဖြင့်လည်းကောင်း လက်ခံဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျော်သူ၏ ပြောပြချက်အရ သိရသည်။ **တင်ထွန်းဦး(မင်းဘူး)**

မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်း တိမ်ကောလုနီးပါးဖြစ်လာ

မန္တလေး မတ် ၁၄

နည်းပညာတိုးတက်လာပြီး စက်မှုလုပ်ငန်းများဝင်ရောက်လာခြင်းနှင့်အတူ မြန်မာ့ရိုးရာ လက်မှုလုပ်ငန်းတချို့ တိမ်ကောပယောက်သွားမည့် အခြေအနေတစ်ခု ကြုံတွေ့နေရသည်။ ထိုအထဲတွင် မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်းလည်း ပါဝင်သည်။ မြေသပိတ်လုပ်ငန်းကို မန္တလေးတိုင်းဒေသကြီး အမရပူရမြို့နယ် ဘုန်းတော်နိုင်ငံကျေးရွာတွင် ရှေးအစဉ်အဆက်ကတည်းက လုပ်ကိုင်ခဲ့သည်။ မြေသပိတ်လုပ်သည့်ရပ်ကွက်ကို သပိတ်တန်းဟုပင် ယနေ့တိုင်ခေါ်ဝေါ်လျက်ရှိသည်။

လက်ရှိကာလတွင် ဘုန်းတော်နိုင်ငံကျေးရွာတွင် မိရိုးဖလာသပိတ်လုပ်သူ နည်းသွားပြီး ဖိုက်ဘာသပိတ်၊ သံသပိတ်များကို အသုံးများသည့်အတွက် မြေသပိတ်လုပ်ငန်း တိမ်ကောလုနီးပါးဖြစ်နေသည်။

မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်းတွင် ကျွမ်းကျင်မှုနှင့်အတူ သဘာဝနည်းပညာတို့ကို အသုံးပြုကြသည်။ မြေသပိတ်ပြုလုပ်ရန်အတွက် ဘုန်းတော်နိုင်ငံရွာပိုင် မြေဒေသအခေါ်သပိတ်ကျင်းမှ မြေများကို ရယူကြရသည်။ သပိတ်လုပ်သည့်မြေကိုယူရာတွင် အပေါ်ယံမြေလွှာကို ဖယ်ကာ အောက်ပိုင်းမှမြေများကို အရယူကြရသည်။ ထိုမြေကိုဒေသအခေါ် ကမ္ဘာမြေဟုတင်စားခေါ်ဝေါ်ကြသည်။ ကမ္ဘာမြေနှင့်မှ မြေသိပ်လုပ်ကိုင်နိုင်ပြီး အခြားမြေဖြင့်လုပ်ကိုင်၍မရနိုင်ပေ။ သပိတ်ကျင်းမြေသည် ဘုန်းတော်နိုင်ငံကျေးရွာအရှေ့ဘက် လက်ရွေးရွာအနီးမှ ယူကြရသည်။ ရွာပိုင်မြေဖြစ်သည့်အတွက် လုပ်အားသာစိုက်ရပြီး မြေဖိုးပေးစရာမလိုပေ။ မြေသပိတ်လုပ်သည့်မြေများကို ထော်လာဂျီများဖြင့်သယ်ယူကြရသည်။ ထော်လာဂျီတစ်စီးလျှင် ငွေကျပ် ၇၀၀၀ ပေးကြရသည်။

သပိတ်လုပ်သည့် ကမ္ဘာမြေရရှိလာပါက အခြောက်လှန်းကာ အမှုန့်ဖြစ်အောင်ခြေကြရသည်။ ရရှိလာသော မြေကိုရေဖြင့်နှုန်းကာ ရေစစ်ပြီးအခြောက်လှန်းပေးထားရသည်။ ရွှံ့ဖြစ်သည့် အနေအထားတွင်ဒေသအခေါ် စက်ပြင်ဟုခေါ်သော အိုးလုပ်သည့်လက်လှည့်ကိရိယာပေါ်တင်ကာ ပုံသွင်းပေးကြရသည်။ ပုံမသွင်းမီသပိတ်တစ်လုံးစာ ရွှံ့အလုံးကလေးများ ပြုလုပ်ပြီး သပိတ်ပုံစံသွင်းကြရသည်။ ပုံသွင်းပြီးသပိတ်များကို စက်ပြင်ပေါ်တွင် သပိတ်ပုံပြုလုပ်ပြီးပါက အနည်းငယ်ခြောက်အောင် နေလှန်းထားရသည်။ နေလှန်း၍ အနည်းငယ် မစိုအခြောက်အခြေအနေတွင် သံပြားဖြင့်ခြစ်ကာ မြေသပိတ်စောင်းများကိုသပ်၍ အချောကိုင်ပေးရသည်။ စောင်းသပ်ပြီးသည်နှင့် ကျောက်ဖြင့် မြေသပိတ်ကို ချောအောင်ပွတ်ပြီး မြေသပိတ်အကြမ်းထည် ရအောင် ပြုလုပ်ပေးရသည်။

မြေသပိတ်အကြမ်းများရရှိလာပါက စုထားပြီး မြေသပိတ်ဖိုအတွင်းထည့်ကာ မီးဖုတ်ပေးကြရသည်။ သပိတ်တစ်ဖိုလျှင် မြေသပိတ်အလုံး ၅၀၀ ကျော်ဝင်ဆံ့သည်။ မြေသပိတ်မီးကျက်သည်နှင့် သပိတ်အနက်ရောင်ဖြစ်ရေး သဘာဝနည်းဖြင့် ကျွန်းမှိုင်းခံပေးရသည်။ ကျွန်းမှိုင်းခံခြင်းတွင် ပညာပါပြီး မှိုင်းပေါက်ပါက သပိတ်သည်အနက်ရောင်မဖြစ်ဘဲ အနီကွက်များ ကွက်နေတတ်သည်။ ကျွန်းမှိုင်းခံပြီး နက်လာပြီဆိုသည်နှင့် မြေသပိတ်တစ်လုံးရရှိပြီဖြစ်သည်။

ဘုန်းတော်နိုင်ငံကျေးရွာတွင် နေအိမ်တစ်အိမ်သာ မိရိုးဖလာမြေသပိတ်လုပ်ငန်းကို ထိန်းသိမ်းကာ လုပ်ကိုင်လျက်ရှိသည်။ မြေသပိတ်ဈေးကွက်မှာ ပခုက္ကူနှင့်ညောင်ဦးသာလျှင် ရှိသည်။ဈေးကွက်မရှိသည့်အတွက် မြန်မာ့ရိုးရာမြေသပိတ်လုပ်ငန်း တိမ်ကောလုနီးပါး ရှိလာပြီဖြစ်ကြောင်း သိရသည်။ **(တိမ်တမန်)**

ဒလမြို့နေ ပြည်သူများအား သောက်ရေသန့်ဂါလန် ၁၄၀၀၀ ပေးဝေ

ဒလ မတ် ၁၄

နွေရာသီရောက်တိုင်း သောက်ရေရှားပါးသော ဒလမြို့နယ်တွင် မတ် ၁၃ ရက် ညနေ ၃နာရီက မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်၊ မြန်မာနိုင်ငံမွေးမြူရေးလုပ်ငန်းအဖွဲ့ချုပ်နှင့် ကျောက်မျက်ရတနာလုပ်ငန်းရှင်များ အသင်းချုပ်တို့မှ ဝန်ထမ်းများနှင့် စေတနာရှင်များ စုပေါင်းအဖွဲ့က ကျန်စစ်သားရပ်ကွက် ဒလ- တွံတေးကားလမ်း၌ သောက်ရေသန့်များ ပေးဝေလျှောက်ထားနေသည်ကို တွေ့ရှိရသည်။

အဆိုပါ ပရဟိတအဖွဲ့မှ ဦးတင်နုက "အဲ့ကြီးအနောက်နဲ့ လမ်းတစ်လျှောက်ရပ်ကွက်တွေရယ်၊ ကျန်စစ်သားရပ်ကွက်ရယ်၊ နောက်ပြီးမှော်စက်၊ တပင်ရွှေထီးနဲ့ ကမာကသွယ်ရပ်ကွက်တွေမှာ ကျွန်တော်တို့အဖွဲ့တွေ သောက်ရေသန့်ဂါလန် စုစုပေါင်း ၁၄၀၀၀ ကိုပေးဝေလျှောက်ထားခဲ့ပါတယ်။ ဒီအလျှပ္ပဲက ကျွန်တော်တို့အဖွဲ့ရဲ့ ပဋ္ဌမမြောက်အလျှပါ"ဟု ပြောသည်။

စေတနာအလင်းတန်း ပရဟိတအဖွဲ့သည် သောက်ရေသန့်ဂါလန် စုစုပေါင်း ၁၄၀၀၀ ကို ရေသယ်ယာဉ်ကြီး ခုနစ်စီးဖြင့် တင်ဆောင်လာပြီး စုစုပေါင်းယာဉ် ၁၁ စီးဖြင့် ဒလမြို့တွင် သောက်ရေသန့်များ လာရောက်ပေးဝေလျှောက်ထားခဲ့ခြင်းဖြစ်သည်။ ယခုနှစ်အတွင်း ရန်ကုန်မြို့ရှိ သုခရိပ်မြို့၊ ပဲခူးမြို့ အောင်စေတီကျောင်းတိုက်၊ သန်လျင်မြို့ ရှမ်းကြီးတောရကျောင်းတိုက်နှင့် လှည်းကူးမြို့ ဇေယျာရွှေတောင် ကျောင်းတိုက်များတွင်လည်း အလားတူ သွားရောက်လျှောက်ထားခဲ့ပြီးဖြစ်ကြောင်းနှင့် ယခုလို သောက်ရေသန့်လာရောက်လျှောက်ထားခဲ့သောကြောင့် ဒလပြည်သူများက အလွန်ဝမ်းသာပြီး ကျေးဇူးတင်လျက်ရှိကြောင်း သိရသည်။

သန်းဌေး(ဒလ)

ဝါးခယ်မမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုများ အခမဲ့ဆောင်ရွက်

ဝါးခယ်မ မတ် ၁၄

ရောဝတီတိုင်းဒေသကြီး ဝါးခယ်မမြို့နယ် ပြည်သူ့ဆေးရုံကြီးတွင် တရုတ်(တိုင်ပေ)မှ ချစ်မေတ္တာဖောင်ဒေးရှင်း၏ စီစဉ်မှုဖြင့် နိုင်ငံခြားသား အထူးကုဆရာဝန်ကြီးများသည် ဒေသရှိပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုများကို မတ် ၁၃ ရက်မှ ၁၄ ရက်အထိ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

နိုင်ငံခြားသား အထူးကုဆရာဝန်ကြီးများ၏ ကျန်းမာရေးစောင့်ရှောက်မှုတွင် သွားနှင့်ခံတွင်းရောဂါများ၊ အစာအိမ်အူလမ်းကြောင်း၊ သားဖွားမီးယပ်အပါအဝင် ရိုးရာအပ်စိုက်ကုထုံးများဖြင့်ပါ ကုသပေးပြီး မြို့နယ်အတွင်းရှိ ရပ်ကွက်၊ ကျေးရွာများမှ ပြည်သူများ လာရောက်၍ ကုသမှုခံယူကြကြောင်း သိရသည်။

အဆိုပါ ကျန်းမာရေးစောင့်ရှောက်မှုများကို မြို့နယ်ပြည်သူ့ဆေးရုံရှိ ကျန်းမာရေးဝန်ထမ်းများနှင့် တာဝန်ရှိသူများက ပါဝင်ကူညီဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

လွှမ်းသီဟ (ဝါးခယ်မ)

မူဆယ်မြို့၌ စက်သုံးဆီအရောင်းဆိုင်များအား စစ်ဆေး

မူဆယ် မတ် ၁၄

မူဆယ်မြို့နယ် မီးဘေးကြိုတင်ကာကွယ်ရေးအတွက် မူဆယ်မြို့ မိုင်းယုကျေးရွာ (၁၀၅မိုင်) ကုန်သွယ်ရေးဇုန်နှင့် အနီးရှိ စက်သုံးဆီအရောင်းဆိုင် ၁၂ ဆိုင်ကို မတ် ၁၃ ရက် နံနက် ၉ နာရီခွဲခန့်က စစ်ဆေးခဲ့သည်။

မူဆယ်မြို့နယ် အုပ်ချုပ်ရေးမှူး ဦးကိုကိုဇော်၊ မြို့နယ်ရဲတပ်ဖွဲ့မှူးရဲမှူးစိုးသန်း၊ ဒု-ရဲမှူးဝင်းနိုင်၊ စည်ပင်သာယာရေးဌာန အမှုဆောင်အရာရှိ ဦးမျိုးမြင့်အောင် စသည့်မြို့နယ်အဆင့် ဌာနဆိုင်ရာများ ပူးပေါင်းပါဝင်သောအဖွဲ့သည် မိုင်းယုကျေးရွာ အုပ်ချုပ်ရေးမှူးအဖွဲ့နှင့်အတူ စက်သုံးဆီဆိုင်များ ရောင်းချမှုလိုင်စင်နှင့် ဆီကန်သိုလှောင်ထားရှိမှုကို လိုက်လံစစ်ဆေးခဲ့သည်။

မီးသတ်တပ်ဖွဲ့ဝင်များက မီးသတ်ဆေးဘူးအသုံးပြုပုံကို စက်သုံးဆီဆိုင် အရောင်းဝန်ထမ်းများအား သရုပ်ပြသင်ကြားပြသပေးခဲ့ပြီး အရောင်းဆိုင်များတွင် မီးသတ်ရေကန်၊ သဲကန်၊ မီးချိတ်၊ မီးကပ်ထားရှိရန်နှင့် မီးလောင်စဉ် အရေးပေါ်အခြေအနေတွင် ဦးစွာဆောင်ရွက်ရမည့် အချက်များကို ရှင်းလင်းမှာကြားခဲ့ကြောင်း သိရသည်။

ဆရာမောင် (မူဆယ်)

ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့်မှတ်တမ်းများ ပြုစုထိန်းသိမ်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေး

နေပြည်တော် မတ် ၁၄

တိုင်းဒေသကြီး၊ ပြည်နယ်များရှိ စိုက်ပျိုးရေးဦးစီးဌာနမှ ဝန်ထမ်းရေးရာကိုင်တွယ်သည့် ဝန်ထမ်းများအား ဝန်ထမ်းရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ထမ်းမှတ်တမ်းများ ပြုစုထိန်းသိမ်းမှုဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲကို ဒကွိုဏာခရိုင် ပျဉ်းမနားမြို့နယ်ရှိ စိုက်ပျိုးရေးသိပ္ပံကျောင်းခန်းမ၌ ယနေ့ နံနက် ၉ နာရီတွင် ကျင်းပသည်။

ရှေးဦးစွာ စိုက်ပျိုးရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးတင်စိန်က အဖွင့်အမှာစကား ပြောကြားသည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲကို ရုံးချုပ်ဌာနခွဲများ၊ တိုင်းဒေသကြီး၊ ပြည်နယ်အသီးသီးမှ ဝန်ထမ်း ၅၀ တက်ရောက်ပြီး မတ် ၁၄ ရက်မှ မတ် ၁၈ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ကျိုက်လတ်(ပြန်/ဆက်)

စတော့ရှယ်ယာဝယ်ယူရင်းနှီးမြှုပ်နှံနည်း ရှင်းလင်းဟောပြော

မန္တလေး မတ် ၁၄

မြန်မာနိုင်ငံတွင် ပထမဆုံးအကောင်အထည်ဖော်မည့် စတော့ရှယ်ယာစျေးကွက်တွင် ဝယ်ယူရင်းနှီးမြှုပ်နှံခြင်းဆိုင်ရာများ ရှင်းလင်းပွဲ အခမ်းအနားကို မတ် ၁၃ ရက်မွန်းလွဲ ၁ နာရီက မန္တလေးမြို့ ချမ်းအေးသာစံမြို့နယ် (၇၈) လမ်းနှင့် လမ်း (၃၀) ထောင့်ရှိ Hotel Marve ရှိ အမရပူရခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ မန္တလေးတိုင်း ဒေသကြီး ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်း ဒုတိယဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ မန္တလေးမြို့ရှိ အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဘဏ္ဍာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ် လုပ်ငန်းကြီးကြပ်ရေးကော်မရှင် ဥက္ကဋ္ဌ ဒေါက်တာမောင်မောင်သိမ်းက စတော့ရှယ်ယာ ဝယ်ယူရင်းနှီးမြှုပ်နှံနည်းများ ရှင်းလင်းဟောပြော ဆွေးနွေးသည်။ မြန်မာနိုင်ငံ၏ ပထမဆုံးစတော့ရှယ်ယာလုပ်ငန်းကို ၂၀၁၅ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖွင့်လှစ်ခဲ့ပြီး ငွေကြေးခိုင်မာမှုရှိပြီး အရည်အချင်းနှင့် စည်းကမ်းစနစ်ကောင်းမွန်သော ကုမ္ပဏီခြောက်ခုကို စတော့ရှယ်ယာရောင်းချခွင့် ရွေးချယ်ထားပြီး မတ်၂၅ ရက်မှ စတင်ကာ အဆိုပါကုမ္ပဏီများမှ အများပြည်သူများအား စတော့ရှယ်ယာများကို စတင်ရောင်းချပေးမည်ဖြစ်သည်။

ငွေကြေးခိုင်မာမှုရှိသဖြင့် ငွေပိုငွေလျှံရှိသော ပြည်သူများအနေဖြင့် စတော့ရှယ်ယာစျေးကွက်တွင် ရင်းနှီးမြှုပ်နှံသင့်ကြောင်း ဒုတိယဝန်ကြီး ဒေါက်တာမောင်မောင်သိမ်းက အကြံပြုဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသူများ၏ မေးမြန်းချက်များကို ဒုတိယဝန်ကြီးက ပြန်လည်ဆွေးနွေးဖြေကြားခဲ့ကြောင်း သိရသည်။

သီဟကိုကို(မန္တလေး)

ပဲတီစိမ်းဖြိုင်ဖြိုင်ပေါ်ပြီး စျေးနှုန်းကျဆင်းသဖြင့် သုံးခွမြို့နယ် တောင်သူများအခက်ကြုံ

သုံးခွ မတ် ၁၄

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ်တွင် ပဲတီစိမ်းအသစ်များ စျေးကွက်အတွင်း စတင်ရောက်ရှိချိန်က တစ်တင်း (ပိသာ ၂၀) လျှင် ကျပ် ၄၂၀၀၀ ရှိရာမှ ပဲတီစိမ်းများ ဖြိုင်ဖြိုင်ပေါ်လာပြီး မတ် ၁၃ ရက်တွင် ကျပ် ၃၆၅၀၀ ဖြစ်သဖြင့် တစ်တင်း ကျပ် ၅၅၀၀ ကွာခြားသွားရာ တောင်သူများ အခက်ကြုံနေရကြောင်း သိရသည်။

ပဲစျေးနှုန်းများ ကျဆင်းရခြင်းမှာ ဒေါ်လာစျေးကျခြင်း၊ ထိုင်းနိုင်ငံတွင် ယခုနှစ် ပဲတီစိမ်းစိုက်ပျိုးမှုများလာပြီး စျေးနှုန်းသက်သာခြင်း၊ ပဲရင့်မှည့်ချိန်နှင့် ဆွတ်ခူးချိန်တို့တွင် အချိန်အခါမဟုတ် မိုးများရွာသွန်းသဖြင့် ပဲတီစိမ်းများ အရည်အသွေးကျဆင်းမှုကြောင့်နှင့် အခြားအကြောင်းများကြောင့် ဖြစ်နိုင်ကြောင်း ပဲကုန်သည်တစ်ဦးက သုံးသပ်ပြောကြားသည်။

ပဲဒိုင်တွင် ပဲလာရောက်ရောင်းချသူ မိချောင်းဂေါင်းကျေးရွာမှ ကိုပိုင်စိုးဦးက "တောင်သူအချို့ပဲစျေး ကျပ် ၄၂၀၀၀ စျေးကို ရောင်းဖို့မီလိုက်တယ်။ စျေးထပ်တက်ဦးမယ် ထင်ပြီး စောင့်လိုက်တာ စျေးကကျသွားတော့ စိတ်မကောင်းစရာဖြစ်ရတယ်။ အခုတော့ မစောင့်နိုင်တော့ဘူး။ ရတဲ့စျေးနဲ့ ရောင်းရတယ်။ သူများဆီကယူထားတဲ့ မြေဆီဖိုး၊ ပိုးသတ်ဆေးဖိုး၊ ထွန်ယက်ခတွေ ပေးရဦးမယ်။ ဘဏ်ချေးငွေကလည်း ဆပ်ရဦးမယ်။ ဒီနှစ်ကပဲစျေးကက္ပ၊ အထွက်နှုန်းကလျော့၊ အထွေထွေကုန်ကျစရိတ်ကများတော့ သိပ်အဆင်မပြေဘူး" ဟု ပြောသည်။

သုံးခွမြို့နယ်တွင် ၂၀၁၅-၂၀၁၆ ခုနှစ် ဆောင်းသီးနှံပဲတီစိမ်းများ စိုက်ကေ ၁၃၀ ၄၃၀၊ ပဲလွမ်း ၃၇၀ စုစုပေါင်း ၁၃၀၈၀၀ ကေ စိုက်ပျိုးထားကြောင်း သိရသည်။

ကိုကျော်(သုံးခွ)

ဝင်ငွေ အကောင်းဆုံးဖြစ်နေဆဲ "Zootopia"

ဒစ်စနေ ရုပ်ရှင်ထုတ်လုပ်ရေးက ထုတ်လုပ်ထားပြီး လတ်တလောမှာ မြန်မာနိုင်ငံ၌လည်း ရုံတင်ပြသလျက်ရှိတဲ့ ရုပ်သံဖန်တီးမှုရုပ်ရှင် "Zootopia" ဟာ ယခုသီတင်းပတ်အတွင်း မြောက်အမေရိကန်မှာ ရုံတင်ပြသလျက်ရှိတဲ့ ရုပ်ရှင်တွေထဲမှာ ဝင်ငွေအကောင်းဆုံး ရုပ်ရှင်အဖြစ် ရပ်တည်လျက်ရှိကြောင်း သိရပါတယ်။

ယူပီအိုင်ဒေါ့ကွန်းက ဖော်ပြချက်များအရ ယင်းရုပ်ရှင်ဟာ ယခုသီတင်းပတ်မှာ ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့သလို ပြီးခဲ့တဲ့သီတင်းပတ်အတွင်းကလည်း ဝင်ငွေအရ ထိပ်ဆုံးကရပ်တည်နိုင်ခဲ့ပြီး သီတင်းပတ်နှစ်ပတ်အထိ ဝင်ငွေအများဆုံးရုပ်ရှင်အဖြစ်ရပ်တည်နိုင်ခဲ့တဲ့ အောင်မြင်တဲ့ ရုပ်ရှင်တစ်ကား ဖြစ်လာခဲ့ပါတယ်။

ယခုသီတင်းပတ်အတွင်း ရရှိခဲ့တဲ့ "Zootopia"ရဲ့ ဝင်ငွေဟာ ယခင်သီတင်းပတ်အတွင်း ရရှိခဲ့တဲ့ ဝင်ငွေကိုတော့ မမီပါဘူး။ ပြီးခဲ့တဲ့ မတ် ၄ ရက်က စတင်ရုံတင်ခဲ့ပြီး ပထမသီတင်းပတ်အတွင်း ဝင်ငွေ အမေရိကန်ဒေါ်လာ ၇၃ ဒသမ ၇သန်းနဲ့ ဝင်ငွေအများဆုံး ရုပ်ရှင်အဖြစ်ရပ်တည်နိုင်ခဲ့ပေမယ့် ယခုသီတင်းပတ်အတွင်းမှာတော့ ဝင်ငွေ အမေရိကန်ဒေါ်လာ သန်း ၅၀ သာ ရရှိခဲ့တာ ဖြစ်ပါတယ်။

အဆိုပါရုပ်သံဖန်တီးမှု စွန့်စားခန်းရုပ်ရှင်မှာ ရာဇဝတ်ကောင်တွေကို ဖမ်းဆီးနိုင်ဖို့ ကြိုးပမ်းနေတဲ့ ယုန်လေးတစ်ကောင်နဲ့ သူ့ကို ကူညီလျက်ရှိတဲ့ ရဲမေယုန်မလေးတို့ရဲ့ အချစ်ဇာတ်လမ်းကို သည်းထိတ်ရင်ဖိုစွန့်စားခန်းတွေနဲ့အတူ တွေ့မြင်ခံစားရမှာ ဖြစ်ပါတယ်။

ယခုသီတင်းပတ်အတွင်း ဒုတိယဝင်ငွေအကောင်းဆုံးရုပ်ရှင်ကတော့ "10 Colourful Lane" ဖြစ်ပြီး လက်မှတ်ရောင်းရငွေ စုစုပေါင်း အမေရိကန်ဒေါ်လာ ၂၅ ဒသမ ၂ သန်း ရရှိခဲ့ပါတယ်။ တတိယနေရာမှာတော့ သီတင်းပတ်သုံးပတ်ခန့် ဝင်ငွေအကောင်းဆုံးဖြစ်ခဲ့တဲ့ရုပ်ရှင် "Deadpool"က ဝင်ငွေအမေရိကန်ဒေါ်လာ ၁၀ ဒသမ ၈ သန်းနဲ့ရပ်တည်လျက်ရှိကြောင်း သိရပါတယ်။

ရုပ်မြင်သံကြားအစီအစဉ်များ

[၁၅ - ၃ -၂၀၁၆ (အင်္ဂါနေ့)]

မြန်မာ့ရုပ်မြင်သံကြား Entertainment Channel

၆:၀၀	အဖွင့်
	-မိုးလေဝသအစီအစဉ်
	-တေးဂီတအစီအစဉ်
၆:၃၀	ပြည်သူ့နီတိ "အချက်မသိတော့"
၇:၀၀	ကိုရီးယားဇာတ်လမ်းတွဲ "လျှို့ဝှက်သော ပုဋ္ဌာ" (အပိုင်း-၁)
၇:၅၀	ကိုရီးယားဇာတ်လမ်းတွဲ "အချစ်စစ်ရဲ့ အလှတရား" (အပိုင်း-၁)
၈:၄၀	ကာတွန်းအစီအစဉ် "BEN 10 ALIEN FORCE (Part-XI)"
၉:၀၀	တေးဂီတအစီအစဉ်
၉:၁၀	ဆရာကြီးမင်းသုဝဏ် အစီအစဉ် (အပိုင်း-၄)
၉:၄၀	မြန်မာဗွီဒီယိုဇာတ်လမ်း "အချစ်နတ် ဖမ်းစားတယ်"
၁၂:၀၀	အစီအစဉ်ပြီး၏။

တစ်နေ့(၆)နာရီစာ (၄)ကြိမ်ပြသပါမည်။

MRTV- 4

၅:၀၀	ပဌာန်းပါဠိတော်+မေတ္တာသုတ်
၅:၄၀	"ဒုတိယပါမောက္ခချုပ်ဆရာတော် ဒေါက်တာဘဒ္ဒန္တ စန္ဒာဝရာဘိဝံသ" (ကျိုက္ကလေ့ဆရာတော်) ဟောကြားတော်မူသော တရားတော်
၆:၄၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၂)
	စား၀ဝ "မင်္ဂလာပါ" The Morning Show
၉:၃၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅)
၁၀:၁၀	ခေတ်သစ်ပျိုမေ
၁၀:၅၅	အနုပညာမိုးကောင်းကင်
၁၀:၄၅	Forever Music Tribute ထူးအိမ်သင် (အပိုင်း-၃) (ဒုတိယပိုင်း)
၁၂:၁၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၃)
၂:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၀)
၃:၀၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူ"
၄:၄၀	Cartoon Series (Welcome To Sky Ville)
၄:၅၅	ရန်ကုန်မြင်ကွင်းကျယ် (Smobile Communication With Satellite Expo 2016 နှင့် ဆက်သွယ်ရေးနည်းပညာပြပွဲ)
၆:၁၀	Health Fix
၆:၁၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ထာဝရချစ်သူသည်သာ" (အပိုင်း-၃)
၇:၂၀	မြန်မာရုပ်သံဇာတ်လမ်းတွဲ "မေတ္တာအသည်းမြွှာ" (အပိုင်း-၄၁)
၈:၁၅	ရသစုံညွှန်းတမ်းများ
၈:၃၅	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အိမ်ရှင်မတို့ချစ်စကား" (အပိုင်း-၅၂)
၉:၂၀	MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ဂန္ဓဝင်ကုန်သည်" (အပိုင်း-၃၄)
၉:၅၅	အနုပညာမိုးကောင်းကင်
၁၀:၁၅	MRTV-4 Stage
၇:၁၅	World of Knowledge (Witness-Japan Disaster)

မြဝတီ

၆:၀၃	တရားတော်
၆:၁၅	မေတ္တာပို့
၆:၂၀	ဓမ္မပူဇာတေး
၆:၂၅	ကိုယ်လက်လှုပ်ရှားအားကစား
၆:၃၅	မျိုးချစ်တပ်မတော်
၆:၄၅	မှတ်တမ်း
၆:၅၅	မြန်မာသံစဉ်ချိန်ခွားဝင်
၇:၀၀	အမျိုးသားရေးတေးကဗျာ
၇:၂၅	သင့်အတွက်တစ်နေ့တာ
၈:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၈:၀၄	အမျိုးသားရေးတေးကဗျာ
၈:၁၀	စိုက်ပျိုးသုတ
၈:၂၅	မြတ်နိုးစရာရိုးရာလက်မှုပညာ
၈:၃၅	ခရီးလည်းသွားစကားလည်းဆို
၈:၄၅	မြဝတီနေ့စဉ်သတင်း
၉:၀၀	တည်ဆောက်ပြုပြင် ဖြိုတော်တစ်ခွင်
၄:၀၈	တစ်ပတ်အတွင်း စိုက်ပျိုးရေးသတင်း
၄:၂၀	မျိုးချစ်တပ်မတော်
၄:၂၅	အလွမ်းတေးပန်းချီချစ်သူဆီ
၄:၃၅	အင်္ဂလိပ်စာသုတ
၄:၄၅	မြန်မာသံစဉ်ချိန်ခွားဝင်
၅:၀၀	သာယာဦးကြွေးခေတ်ဆန်းတေး
၅:၁၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - မင်းသမီးနဲ့ကျွန်တော်
	အပိုင်း(၄)
၅:၃၅	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - အရှုဏ်ဦးရဲ့ချစ်ပန်းသခင် အပိုင်း(၃)
၆:၀၀	မြဝတီရုပ်မြင်သံကြားသတင်း
၆:၀၅	အမျိုးသားရေးတေးကဗျာ
၆:၁၀	Let's Go
၆:၃၀	Dream Team
၇:၀၀	ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ချစ်သောကေရီ အပိုင်း(၁၀)
	-မြဝတီရုပ်မြင်သံကြားသတင်း
	-နိုင်ငံတကာသတင်း
	-မိုးလေဝသသတင်း
	VOA အင်္ဂလိပ်စာသင်ခန်းစာ
	ဟာသရုပ်စုံ
	ယနေ့အတွက်
	မြဝတီ၏တေးလက်ဆောင် (၇၁)နှစ်မြောက်တပ်မတော်နေ့
	ဂုဏ်ပြုအစီအစဉ်
	နှလုံးသားမဲ့ကောင်းကင် (ဇာတ်သိမ်းပိုင်း)
	ရန်အောင်၊မြတ်သစ်၊ ထက်ထက်မိုးဦး၊ ဟန်နီထွန်းနှင့် သရုပ်ဆောင်များ
	ဒါရိုက်တာ ပေါက်(ပန်းသာ)

mitv

07:26	Insight Myanmar "Role of MNHRC" (Episode-I)
07:46	Civic Duty
08:26	A Snake Catcher
08:37	Pet Fish Biz
08:50	Myanmar Harpist
09:26	Archery Session (from Ramayana Play)
09:47	Today Myanmar: EL NIÑO PHENOMENON & FIRE PREVENTION
10:26	Myanmar National Poet And Literary Icon; Prolific Writer of Poems & Prose - Min Thu Wun (Ep-4) Political Life & Remembrance
10:52	Myanmar Chef (Japanese)
07:26	A Day Out With Sarah (EP-5)
07:52	Independent Filmmaker
08:26	Discovering Tribes "Lisu: Their Life and Customs" (Part- I)
08:48	Lady Pilot

မက္ကဆီကိုက အိမ်ခြေယာမဲ့တွေအတွက် မိဘမဲ့ဂေဟာဖွင့်လှစ်ပေးခဲ့တဲ့ မာ့ခ်အန်သိုနီ

အမေရိကန် အဆိုတော် မာ့ခ်အန်သိုနီက မကြာသေးမီက မက္ကဆီကိုနိုင်ငံမှာရှိတဲ့ အိမ်ခြေယာမဲ့ မိန်းကလေးတွေအတွက် မိဘမဲ့ဂေဟာဖွင့်ပွဲအခမ်းအနားကို တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း အတည်ပြုပြောကြားခဲ့တယ်လို့ ယူပီအိုင်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

မာ့ခ်အန်သိုနီက သူ့ရဲ့လူမှုကွန်ရက်မီဒီယာတစ်ခုဖြစ်တဲ့ အင်စတာဂရမ်စာမျက်နှာပေါ်မှာလည်း ယခုလို မိဘမဲ့ကလေးတွေအတွက် ဂေဟာတွေဖွင့်လှစ်ပေးနိုင်ခဲ့ခြင်းဟာ သူ့ရဲ့စိတ်ဆန္ဒတွေကို ပြည့်ဝသွားစေခဲ့ကြောင်းနဲ့ ယခုလို သူကိုယ်တိုင် တက်ရောက်ဖွင့်လှစ်ပေးနိုင်ခဲ့တဲ့အတွက် အလွန်ကိုပျော်ရွှင်မိကြောင်း ရေးသားဖော်ပြခဲ့ပါတယ်။

ဆက်လက်ပြီး သူက "မက္ကဆီကိုနိုင်ငံ တိုလူကာမြို့က မိန်းကလေးခုနစ်ဆယ်မှာ ယခုဆို နေထိုင်ခိုလှုံစရာအိမ်ရှိသွားခဲ့ပါပြီ။ ယခုပဲ သူတို့အတွက် မိဘမဲ့ဂေဟာဖွင့်ပွဲ ကျင်းပခဲ့တာပါ"လို့ အဆိုပါ မိဘမဲ့ဂေဟာအတွင်း လှည့်ပတ်ကြည့်ရှုခဲ့တဲ့ သူ့ရဲ့ပုံရိပ်တွေနဲ့အတူ ရေးသားဖော်ပြခဲ့ကြောင်းလည်း သိရပါတယ်။

ယခုဖွင့်လှစ်ခဲ့တဲ့ မိဘမဲ့ဂေဟာဟာ ၂၀၁၂ ခုနှစ်က အန်သိုနီ တည်ထောင်ထားတဲ့ "The Maestro Cares" ဖောင်ဒေးရှင်းက ထောက်ပံ့လှူဒါန်းခဲ့တဲ့ စတုတ္ထမြောက်မိဘမဲ့ဂေဟာ ဖြစ်ပါတယ်။

မာ့ခ်အန်သိုနီဟာ ဂရမ်မီဆုကို နှစ်ကြိမ်ရရှိခဲ့တဲ့ အောင်မြင်တဲ့အဆိုတော်တစ်ဦးဖြစ်တဲ့အပြင် သရုပ်ဆောင်နဲ့ ထုတ်လုပ်သူတစ်ဦးအဖြစ်ပါ ကျော်ကြားသူပါ။ သူ့မှာ အိမ်ထောင်သုံးဆက်ရှိခဲ့ဖူးပြီး သားသမီး ငါးဦးထွန်းကားခဲ့ပါတယ်။ နာမည်ကျော် ပေါ့ပ်အဆိုတော် ဂျနီဖာလိုပက်ဇ်ဟာ အန်သိုနီရဲ့ ဒုတိယအိမ်ထောင်ဖက် ဖြစ်ပါတယ်။

အေးပြည့် - စုစည်းသည်

"Big Bang" ဂျပန်နိုင်ငံသို့ ဇူလိုင်လအတွင်း သွားရောက်ဖျော်ဖြေမည်

တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ အမျိုးသားတေးဂီတ အဖွဲ့တစ်ဖွဲ့ဖြစ်တဲ့ "Big Bang"က လာမယ့် ဇူလိုင်လ အတွင်းမှာ ဂျပန်နိုင်ငံ အိုဆာကာ မြို့မှာ တေးဂီတဖျော်ဖြေပွဲတစ်ခုကို နှစ်ရက်ကြာ ကျင်းပသွားမှာဖြစ်ကြောင်း မကြာသေးမီက ထုတ်ဖော်ပြောကြားခဲ့ပါတယ်။

တောင်ကိုရီးယား၌ သာမကနိုင်ငံတကာမှာပါ ကျော်ကြားတဲ့ အဆိုပါတေးဂီတအဖွဲ့ဟာ ယခုနှစ်အတွင်း အဖွဲ့တည်ထောင်ခြင်း ဆယ်နှစ်ပြည့်အထိမ်းအမှတ်အဖြစ် နယ်လှည့်ဖျော်ဖြေပွဲများ ကျင်းပလျက်ရှိကာ ဂျပန်နိုင်ငံက ပရိသတ်တွေအတွက်လည်း ယခုလို သွားရောက်ဖျော်ဖြေပေးဖို့ စီစဉ်ခဲ့တာဖြစ်ကြောင်း ကေပေါ့ပ်စတားဇ်ဒေါ့ကွန်းက ဖော်ပြခဲ့ပါတယ်။

"BigBang 10th Anniversary Stadium Live 2016 in Japan"လို့ အမည်ပေးထားတဲ့ အဆိုပါဖျော်ဖြေပွဲကို ဇူလိုင် ၃၀ ရက်နဲ့ ၃၁ ရက်မှာ အိုဆာကာမြို့ရှိ ယန်မာဘောလုံးကွင်း၌ ကျင်းပသွားမှာဖြစ်ပြီး ယင်းဖျော်ဖြေပွဲမတိုင်မီ ဧပြီနဲ့ မေလ အတွင်းမှာလည်း ဆောင်းရာသီအထူးဖျော်ဖြေပွဲအနေနဲ့ ဂျပန်နိုင်ငံကို လာရောက်ဖျော်ဖြေဖို့ စီစဉ်ထားတာတွေရှိကြောင်းလည်း သိရပါတယ်။

ချန်ပီယံလီဂ်သတင်းများ

ဘာစီလိုနာရော ဘိုင်ယန်မြူးနစ်ပါ ရီးယဲလ်မက်ဒရစ်အတွက် ကြောက်စရာမဟုတ်ဟုဆို

စပိန်ကလပ်ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် ချန်ပီယံလီဂ်ပြိုင်ပွဲတွင် မည်သည့်အသင်းနှင့် ထိပ်တိုက်ဆုံတွေ့စေကာမူ စိုးရိမ်စရာမလိုကြောင်းနှင့် ဥရောပ၏ထိပ်တန်းအဆင့်ရှိအသင်းတွေဖြစ်သော လာလီဂါပြိုင်ဘက် ဘာစီလိုနာရော ဘိုင်ယန်မြူးနစ်ကိုပါ ကြောက်စရာအသင်းအဖြစ် သတ်မှတ်ထားခြင်းမရှိကြောင်း ရီးယဲလ်မက်ဒရစ် နောက်တန်းကစားသမား အာဘီလိုအာက ပြောကြားလိုက်သည်။

ချန်ပီယံလီဂ် (၁၆) သင်းအဆင့်ပြိုင်ပွဲများသည်လည်း ပြီးဆုံးကာနီးနေပြီဖြစ်သောကြောင့် မတ် ၁၈ ရက်တွင် ချန်ပီယံလီဂ်ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်များကို မဲခွဲဆုံးဖြတ်တော့မည်ဖြစ်သည်။ ထိုသို့ မဲခွဲဆုံးဖြတ်ချိန်တွင် ဘာစီလိုနာအသင်း၊ ဘိုင်ယန်မြူးနစ်အသင်းတို့ ထိပ်တိုက်ဆုံတွေ့ခဲ့လျှင်လည်း စိုးရိမ်စရာမလိုကြောင်း အာဘီလိုအာက ထုတ်ဖော်ပြောကြားလိုက်ခြင်းဖြစ်သည်။

ရီးယဲလ်မက်ဒရစ်အသင်းသည် အုပ်စုအဆင့်တွင် အဆင့်(၁)ဖြင့် နောက်တစ်ဆင့်သို့ တက်လှမ်းလာခဲ့သည့်အပြင် ချန်ပီယံလီဂ်(၁၆)သင်းအဆင့်တွင်လည်း အီတလီစီးရီးအေကလပ် ရိုးမားအသင်းကို လေးဂိုးပြတ်ဖြင့် အနိုင်ရရှိထားခဲ့ပြီးဖြစ်သောကြောင့် ကွာတားဖိုင်နယ်ဝင်ခွင့်တစ်နေရာအတွက် သေချာနေခဲ့သည့်အသင်းလည်း ဖြစ်သည်။

နောက်တန်းကစားသမား အာဘီလိုအာက ရီးယဲလ်မက်ဒရစ်အသင်းအနေဖြင့် မည်သည့်အသင်းကိုမျှ ကြောက်စရာမလိုကြောင်း ပြောကြားခဲ့သော်လည်း မြို့ခံပြိုင်ဘက်အက်သလက်တီကိုမက်ဒရစ်အသင်းမှာ ဥရောပ၏ထိပ်တန်းအဆင့်ရှိအသင်းကြီးများကို ခြိမ်းခြောက်နိုင်စွမ်းရှိသည့်အသင်းဖြစ်ကြောင်း ဝန်ခံပြောကြားခဲ့သည်။

"ချန်ပီယံလီဂ်ကွာတားဖိုင်နယ်မှာ ဘယ်အသင်းကိုမဆို ကြောက်စရာမလိုပါဘူး။ ဘယ်ပြိုင်ဘက်အသင်းပဲဖြစ်ဖြစ် ရင်ဆိုင်ယှဉ်ပြိုင်ဖို့ အသင့်အနေအထားမှာရှိနေပြီးသားပါ။ ဘာစီလိုနာ ဒါမှမဟုတ် ဘိုင်ယန်မြူးနစ်လို အသင်းမျိုးကိုတောင် ရင်ဆိုင်ဖို့အသင့်ဖြစ်နေပါပြီ။ (၁၆)သင်းအဆင့်မှာ အက်သလက်တီကိုမက်ဒရစ်က ပီအက်စ်ဂီကို ရှုံးခဲ့ရင်တော့ ကျန်တဲ့ချန်ပီယံလီဂ်အသင်းအားလုံးအတွက် သတင်းကောင်းလို့လည်း ဆိုရမှာပါ"ဟု ရီးယဲလ်မက်ဒရစ် နောက်ခံကစားသမား အာဘီလိုအာ၏ ပြောကြားချက်ကို ကိုးကား၍ အေအက်စ်သတင်းဌာနက သတင်းဖော်ပြသည်။ **(ဌေးကြယ်)**

ချန်ပီယံလီဂ်ကိုသာ ပိုမိုဦးစားပေးတော့မယ့် မန်စီးတီး

မန်စီးတီးအသင်းအနေဖြင့် ချန်ပီယံလီဂ်ပြိုင်ပွဲများအတွက်သာ ပိုမိုအာရုံစိုက် ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း မန်စီးတီးကွင်းလယ်ကစားသမား ဖာနန်ဒင်ဟိုက ဖွင့်ဟပြောကြားခဲ့သည်။ မန်စီးတီးသည် ပရီမီယာလီဂ်ပွဲစဉ် (၂၉)တွင် နေ့ဂုဏ်ချိအသင်းနှင့် ဂိုးမရှိသရေသာ ကစားနိုင်ပြီးနောက် နောက်ဆုံးကစားခဲ့သည့် ငါးပွဲတွင် တစ်ပွဲသာအနိုင်ရရှိခဲ့သည်။ ထို့ကြောင့် မန်စီးတီးအနေဖြင့် ပရီမီယာလီဂ်ထက် ချန်ပီယံလီဂ်ဘက်သို့သာ ဦးစားပေး ယှဉ်ပြိုင်တော့မည်ဖြစ်ကြောင်း ဖာနန်ဒင်ဟိုက ပြောကြားခဲ့ခြင်းဖြစ်သည်။

မန်စီးတီးသည် ချန်ပီယံလီဂ်ပြိုင်ပွဲတွင် ဒိုင်နမိုကိဝ်အား အဝေးကွင်းတွင် သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ကစားထားရာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ရန် အနီးစပ်ဆုံးအခြေအနေတစ်ရပ်ကို ပိုင်ဆိုင်ထားပြီးဖြစ်သည်။ ယခုနှစ်ဘောလုံးရာသီတွင် ချန်ပီယံလီဂ်၌ အင်္ဂလန်ကိုယ်စားပြုအသင်းများဖြစ်သည့် မန်ယူ၊ ချယ်လ်ဆီး၊ မန်စီးတီးနှင့် အာဆင်နယ်တို့ ဝင်ရောက်ယှဉ်ပြိုင်ကစားခဲ့ကြရာ မန်ယူအသင်းမှာ အုပ်စုအဆင့်မှပင် ထွက်ခဲ့ရပြီး ချယ်လ်ဆီးမှာလည်း (၁၆)သင်းအဆင့်ရှုံးထွက်ပွဲစဉ်မှာပင် ပြိုင်ပွဲအား လက်ပြနှုတ်ဆက်ခဲ့ရပြီးဖြစ်သည်။ အာဆင်နယ်အသင်းမှာလည်း ဘာစီလိုနာအသင်းနှင့် ထိပ်တိုက်တွေ့ဆုံနေပြီး ပထမအကျော့တွင်လည်းနှစ်ဂိုးပြတ်အရေးနိမ့်ထားရာ နောက်တစ်ဆင့် တက်ရောက်ရန် မလွယ်ကူတော့ပေ။ ထို့ကြောင့် မန်စီးတီးတစ်သင်းသာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်နိုင်မည့် တစ်ခုတည်းသော အင်္ဂလန်အသင်းဖြစ်ရန် အလားအလာကောင်းနေခြင်းဖြစ်သည်။

ဖာနန်ဒင်ဟိုက မန်စီးတီးမှာ ချန်ပီယံလီဂ်တွင် ဗိုလ်စွဲနိုင်ရန်အထိ ရည်မှန်းထားသောအသင်းဖြစ်ကြောင်း၊ ဘာစီလိုနာ၊ ဘိုင်ယန်မြူးနစ်နှင့် ရီးယဲလ်မက်ဒရစ်တို့သာ မဟုတ်ဘဲ မန်စီးတီးမှာလည်း ချန်ပီယံလီဂ်တွင် ဗိုလ်စွဲနိုင်သည့် အသင်းပင်ဖြစ်ကြောင်း ပြောကြားခဲ့သည်။ အင်္ဂလန်ကိုယ်စားပြုအသင်းများသည် လတ်တလော ဥရောပအောင်မြင်မှုများ ဝေးကွာနေပြီး ချန်ပီယံလီဂ်နှင့် ယူရိုပါလီဂ်တို့တွင် နောက်ဆုံးဗိုလ်စွဲခဲ့သည့်အသင်းမှာ ချယ်လ်ဆီးချန်ပီယံလီဂ် ၂၀၁၂ ခုနှစ်၊ ယူရိုပါလီဂ် ၂၀၁၃ ခုနှစ် ဖြစ်သည်။ **(မေလွဲသင်း)**

ဘာစီလိုနာခရီးစဉ်တွင် မဖြစ်နိုင်သည်ကို ဖြစ်အောင်လုပ်ပြမည်ဟု ဝင်းဂါးပြောကြား

အာဆင်နယ်အသင်းသည် ဘာစီလိုနာအသင်း၏ အိမ်ကွင်းနှုးကမ်ကွင်းသို့ သွားရောက်ရင်ဆိုင်ရမည့် ချန်ပီယံလီဂ် ဒုတိယအကျော့ပွဲစဉ်တွင် မဖြစ်နိုင်သည်ကိုဖြစ်အောင်လုပ်ပြ၍ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခွင့်ရရန် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း အာဆင်နယ်နည်းပြ ဝင်းဂါးက ထုတ်ဖော်ပြောကြားလိုက်သည်။ ဝင်းဂါးက ဝက်ဖြူဒ်အားနှစ်ဂိုး-တစ်ဂိုးဖြင့် ရှုံးနိမ့်ခဲ့သည့် အက်ဖ်အေဖလားကွာတားဖိုင်နယ်ပွဲစဉ်အပြီးတွင် ယခုကဲ့သို့ ပြောကြားခဲ့ခြင်းဖြစ်သည်။ အာဆင်နယ်သည် ဘာစီလိုနာအသင်းကို ပထမအကျော့တွင် အိမ်ကွင်း၌ပင် နှစ်ဂိုးပြတ်ဖြင့် အရေးနိမ့်ခဲ့သော်လည်း ဒုတိယအကျော့ပွဲစဉ်တွင် မည်သည့်အင်အားကြီးပြိုင်ဘက်ကိုမဆို အနိုင်ယူ၍ နောက်တစ်ဆင့်သို့ တက်ရောက်နိုင်အောင် ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ဝေဖန်မှုများနှင့်ပတ်သက်၍ ဝင်းဂါးက တုံ့ပြန်စကားဆိုခဲ့သည်။

အာစင်ဝင်းဂါးက "ကျွန်တော်တို့အသင်းက အမြဲတမ်းအကောင်းဆုံး တုံ့ပြန်မှုတွေ ပြုလုပ်နိုင်တယ်ဆိုတာ အကြိမ်ကြိမ်အခါခါ သက်သေပြခဲ့ပြီးဖြစ်ပါတယ်။ ကျွန်တော်တို့အသင်းဟာ စိတ်ဓာတ်ကောင်းရှိတဲ့ အသင်းဖြစ်တာကြောင့် မဖြစ်နိုင်ဘူးဆိုတဲ့ အရာတွေကို ဖြစ်အောင်လုပ်ပြနိုင်စွမ်းရှိပါတယ်။ ဘယ်ကစားသမားကိုလည်း အနားပေးမှာ မဟုတ်သလို အရှုံးအတိုင်း ပြိုင်ပွဲကနေထွက်ခွာသွားဖို့ အစီအစဉ်မရှိပါဘူး။ အက်ဖ်အေဖလားမှာ ကွာတားဖိုင်နယ်အဆင့်က ထွက်ခွာခဲ့ရလို့ တကယ့်ကိုဝမ်းနည်းမိပါတယ်"ဟု ဆိုလိုက်သည်။

အာဆင်နယ်အသင်းသည် ပရီမီယာလီဂ်တွင် အမှတ်ပေးဇယားထိပ်ရှိ လက်စတာအသင်းနှင့် ရှစ်မှတ်အထိ ကွာဟနေပြီဖြစ်ပြီး ချန်ပီယံလီဂ်တွင်လည်း ဘာစီလိုနာကဲ့သို့ အသင်းမျိုးနှင့် တွေ့ဆုံနေရသဖြင့် နောက်တစ်ဆင့် တက်ရောက်ရန် မလွယ်ကူတော့ပေ။

(မေလွဲသင်း)

မာရှယ်လ်၏နောက်ကျချေပဂိုးကြောင့် မန်ယူနှင့် ဝက်စ်ဟမ်းတို့ သရေကျ
ပြန်ကန်ပွဲစဉ်တွင် မန်ယူအားသေချာပေါက်အနိုင်ယူကာ အကြိုဗိုလ်လုပွဲသို့ တက်ရောက်မည်ဟု ဘီလစ်ယုံကြည်

မန်ယူအသင်းဘက်သို့ ဝက်စ်ဟမ်းကွင်းလယ်လူ ပါယက် အလွတ်တည်ကန်ဘောမှတစ်ဆင့် အဖွင့်ဂိုးသွင်းယူလိုက်စဉ်။

မန်ယူအသင်းနှင့် ဝက်စ်ဟမ်းအသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် အက်ဖ်အေဖလား ကွာတားဖိုင်နယ်ပွဲစဉ်တွင် တစ်ဖက်တစ်ဂိုးစီ သရေပွဲဖြစ်ခဲ့သောကြောင့် ပြန်ကန်ပွဲစဉ် ကစားရတော့မည်ဖြစ်သည်။ ဝက်စ်ဟမ်းအသင်းသည် ပရီမီယာလီဂ်အင်အားကြီးအသင်းများကို အနိုင်ကစားနိုင်ခဲ့သည့် အစဉ်အလာအတိုင်း မန်ယူဘက်သို့ အသာစီးရအောင် ထိုးဖောက်ကစားနိုင်ခဲ့သည်ကို တွေ့ရသည်။ မန်ယူအသင်းသည် ဘောလုံးပိုင်ဆိုင်မှုအသာစီးရရှိခဲ့သော်လည်း ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှု ဖန်တီးနိုင်စွမ်းလျော့နည်းနေခဲ့သည်။ ဝက်စ်ဟမ်းအသင်းတိုက်စစ်မှူးအန်ဒီကာရိုး၏ ခေါင်းတိုက်ချက်မှ ဝက်စ်ဟမ်းတို့ အဖွင့်ဂိုးရရန် နီးစပ်ခဲ့သေးသော်လည်း ဂိုးအဖြစ်ပြောင်းလဲနိုင်ခြင်းမရှိခဲ့ပေ။ ဒုတိယပိုင်းတွင်လည်း တစ်ဖက်နှင့်တစ်ဖက် အပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုများ ပိုမိုပြုလုပ်လာနိုင်ပြီး ဝက်စ်ဟမ်းကွင်းလယ်လူ ပါယက်အား မန်ယူနောက်ခံလူ မားကို့စ်ရိုဂျီ ပင်နယ်တီ၈ရိယာအတွင်း ကြမ်းတမ်းစွာ ဖျက်ထုတ်ခဲ့သော်လည်း ဒိုင်လူကြီး မာတင် အက်ကန်ဆန်က ပင်နယ်တီပြစ်ဒဏ် ပေးရန်လျစ်လျူရှုခဲ့ခြင်းကြောင့် ဝက်စ်ဟမ်းတို့ နစ်နာခဲ့ရသည်။ ဝက်စ်ဟမ်း၏ ရှေ့နောက်အလယ်ချိတ်ဆက်မှု ပုံစံသေသပ်ခဲ့သဖြင့် မန်ယူနောက်တန်း မကြာခဏ ပြိုဆင်းသွားခဲ့ပြီး ပြစ်ဒဏ်ကျူးလွန်မှုများ ခပ်စိပ်စိပ်ဖြစ်လာခဲ့သည်။ ပွဲချိန် ၆၈ မိနစ်တွင် ရရှိသောအလွတ်တည်ကန်ဘောမှတစ်ဆင့် ဝက်စ်ဟမ်းအသင်းကွင်းလယ်လူ ပါယက်က ဝက်စ်ဟမ်းအတွက် အဖွင့်ဂိုး စတင်သွင်းယူခဲ့သည်။

မန်ယူနည်းပြ ဗန်ဟားလ်က ဖယ်လိုင်နီနေရာ ရှဝိန်းစတိုင်ဂါအား လူစားလဲကစားစေခဲ့ပြီးနောက် မန်ယူအသင်း ကစားပုံသိသိသာသာတက်လာခဲ့သည်ကို တွေ့ရသည်။ ဦးဆောင်ဂိုးသွင်းယူပေးခဲ့ရပြီးနောက် မန်ယူအသင်းတိုက်စစ်မြှင့်တင်လာရာ ဟာရဲရား၏ ဖန်တီးပေးပို့မှုမှတစ်ဆင့် မန်ယူတိုက်စစ်မှူး မာရှယ်လ်က ပွဲချိန် ၈၃ မိနစ်တွင် ချေပဂိုး ပြန်လည်သွင်းယူပေးနိုင်ခဲ့၍သာ မန်ယူအသင်း အသက်ရှူချောင်သွားခဲ့ရခြင်းဖြစ်သည်။ အက်ဖ်အေဖလား ကွာတားဖိုင်နယ် အဆင့်ပွဲစဉ်များတွင် ပရီမီယာလီဂ်အင်အားကြီး အသင်းများဖြစ်သည့် အာဆင်နယ်၊ ချယ်လ်ဆီး တို့သည်လည်း ပြိုင်ပွဲမှ ထွက်ခဲ့ရပြီဖြစ်သည်။

အက်ဖ်အေဖလား
ကွာတားဖိုင်နယ်အဆင့် ပွဲစဉ်ရလဒ်များ

ရက်ဒင်း	၀ - ၂	ခရစ္စတယ်ပဲလေ့စ်
အဲဗာတန်	၂ - ၀	ချယ်လ်ဆီး
အာဆင်နယ်	၁ - ၂	ဝက်ဖြူဒ်
မန်ယူ	၁ - ၁	ဝက်စ်ဟမ်း

ဝက်စ်ဟမ်းနည်းပြ ဘီလစ်က ပြန်ကန်ပွဲစဉ်တွင် ဝက်စ်ဟမ်းအသင်းက မန်ယူအသင်းအား သေချာပေါက်အနိုင်ကစားကာ အကြိုဗိုလ်လုပွဲအဆင့်သို့ တက်ရောက်ရန် ယုံကြည်မှုအပြည့်ရှိကြောင်း ပွဲအပြီးတွင် ပြောကြားလိုက်သည်။ ထို့အပြင် ဘီလစ်က ဒိုင်လူကြီး၏ ဆုံးဖြတ်ချက်ကြောင့်သာ ဝက်စ်ဟမ်းအသင်း အကြိုဗိုလ်လုပွဲအဆင့်သို့ စောစောစီးစီးတက်ရောက်ခွင့် လွဲချော်ခဲ့ခြင်းဖြစ်ကြောင်း ဝေဖန်ပြောကြားခဲ့သည်။ မန်ယူအသင်းမှာ အိမ်ကွင်း အိုးထရက်ဖို့ဒ်တွင် ကစားခဲ့ရခြင်းဖြစ်သော်လည်း ပွဲချိန်တော်တော်များများတွင် ဝက်စ်ဟမ်း၏ ကစားကွက်အောက်သာ ရောက်ရှိနေခဲ့သည်။

ဝက်စ်ဟမ်းသည် လာမည့်ဘောလုံးရာသီတွင် အိုလံပစ်ကွင်းသစ်ကြီးအား အိမ်ကွင်းအဖြစ် ပြောင်းလဲအသုံးပြုတော့မည်ဖြစ်ရာ အက်တန်ပါ့ခ်ကွင်းတွင် မန်ယူအားအနိုင်ယူ၍ သမိုင်းဝင်အောင်ပွဲရယူသွားမည်ဖြစ်ကြောင်း ဘီလစ်က ကတိပြုခဲ့သည်။ အက်ဖ်အေဖလား အကြိုဗိုလ်လုပွဲနှင့် ဗိုလ်လုပွဲ ပွဲစဉ်များကို ဝင်ဘလေကွင်းတွင်သာ ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

(မေလွဲသင်း)

ပန်းမောက်မြို့နယ်တွင် ဘိန်းဖြူနှင့် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

ပန်းမောက် မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ပန်းမောက်မြို့နယ် ဟော်ယောကျေးရွာတွင် ဘိန်းဖြူနှင့် ပန်းရောင်စိတ်ကြွဆေးပြား ၅၀၀၀ ကျော်အား မတ် ၁၂ ရက် ညနေပိုင်းက သိမ်းဆည်းရမိခဲ့ကြောင်း ကသာခရိုင်ရဲတပ်ဖွဲ့မှူးရုံးမှ သိရသည်။

ဖြစ်စဉ်မှာ မတ် ၁၂ ရက် ညနေ ၄ နာရီခန့်က မူးယစ်တပ်ဖွဲ့စု(၆)ကသာမှ တပ်ဖွဲ့စုမှူး ဒု-ရဲမှူး ရန်နိုင်ထွန်းနှင့် ပူးပေါင်းအဖွဲ့သည် ဟော်ယောကျေးရွာရှိ ဦးစံပြည့်၏ နေအိမ်အား သတင်းအရ ဝင်ရောက်စစ်ဆေးရှာဖွေရာ ဒေါ်မြဝင်းနှင့် မူးယစ်ဆေးဝါးဝယ်ယူရန် ရောက်ရှိနေသော စိန်ဝင်းနှင့်ရွှေသန်းတို့အား တွေ့ရှိရပြီး ပန်းရောင်စိတ်ကြွဆေးပြား ၅၂၅၀ နှင့် ဘိန်းဖြူ ၅ ဒသမ ၆ ဂရမ်၊ မူးယစ်ဆေးဝါးရောင်းချရငွေဟု ယူဆရသည့် ငွေကျပ် ၃၈ သိန်းတို့အား သိမ်းဆည်းရမိခဲ့သည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်မြဝင်း(၅၃)နှစ်၊ ရွှေသန်း(၃၈)နှစ်နှင့် စိန်ဝင်း(၄၃)နှစ်တို့အား ပန်းမောက်မြို့နယ် မံစီကြီးနယ်မြေရဲစခန်းက အမှုဖွင့်အရေးယူ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုနိုင်(အင်းတော်)

ပြည်မြို့ ကိုးသောင်းဈေးအနီး၌ မီးလောင်မှုဖြစ်ပွား

မြည် မတ် ၁၄

ပြည်မြို့ ကိုးသောင်းရပ်ကွက် ပဒေသာ(၁)လမ်းတွင် ယမန်နေ့ ညနေ ၃ နာရီခန့်က မီးလောင်မှုဖြစ်ပွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ ကိုးသောင်းရပ် ပဒေသာ(၁)လမ်းရှိ (၁၅×၁၅×၁၅)ပေ သွပ်မိုး၊ အုတ်ကာ၊ ပျဉ်ခင်း နှစ်ထပ် နေအိမ်အောက်ထပ်ရှိ လျှပ်စစ်မီးခလုတ် အပူလွန်ကဲရာမှ မီးစတင်လောင်ကျွမ်းမှုဖြစ်ပွားရာ မီးငြိမ်းသတ်ယာဉ်သုံးစီး၊ သန္ဓေမီးသတ်တပ်ဖွဲ့ဝင် ၂၀၊ အရန်မီးသတ်တပ်ဖွဲ့ဝင် ၄၀ တို့ ပိုင်းဝန်းငြိမ်းသတ်ခဲ့သဖြင့် ညနေ ၃ နာရီ ၁၀ မိနစ်ခန့်တွင် မီးငြိမ်းသတ်နိုင်ခဲ့ပြီး ဖြစ်စဉ်နှင့်ပတ်သက်၍ ဒေါ်နီနီ (၅၅)နှစ်အား ပြည်မြို့ မြို့မရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(သူရအောင်)

မြို့ရွာတစ်ခွင် သာစေချင် မီးတွင်မပေါ့နှင့်

နေပြည်တော် မတ် ၁၄

နေပြည်တော် ပျဉ်းမနားမြို့နယ် ကျီးအင်းရွာနှင့် ပုရွတ်ဆိတ်ကုန်းရွာကြား ရန်ကုန်-မန္တလေးမြို့ရှောင်လမ်းပေါ် ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သတင်းအရ ပျဉ်းမနားမြို့မရဲစခန်းမှ တပ်ဖွဲ့ဝင်များက မတ် ၁၂ ရက် နံနက် ၅ နာရီ မိနစ် ၅၀ ခန့်တွင် သွားရောက်စစ်ဆေးခဲ့သည်။

စစ်ဆေးချက်အရ ပျဉ်းမနားဘက်မှ သာဝတ္ထိဘက်သို့ ပဲခူးတိုင်းဒေသကြီး ရေတာရှည်မြို့နယ် မြို့လှမြို့ ရွှေမြိုင်ရပ်ကွက်နေ ပေါက်စ(၂၉)နှစ်မောင်းနှင်ပြီး ကြံ့ခင်းလုပ်သားများ လိုက်ပါလာသည့် ၃က/--- JMC ယာဉ်သည် တိုက်မိခဲ့ရာ ဒေါ်မြခင်၊ သိန်းလွင်နှင့် ကိုကိုလွင်တို့တွင် ဒဏ်ရာများ ရရှိခဲ့ကြပြီး မမြင့်မြင့်ဌေးမှာ သေဆုံးသွားခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်နှင့်ပတ်သက်၍ အောင်ဝင်းနှင့် သိန်းလွင်တို့အား မြင်းမူမြို့မရဲစခန်းက အမှုဖွင့်အရေးယူထားကြောင်း သိရသည်။

(၆၂၄)

ယာဉ်နှစ်စီးမျက်နှာချင်းဆိုင်တိုက်မိ၍ သေဆုံး/ဒဏ်ရာရ

မြင်းမူ မတ် ၁၄

မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီးတွင် မတ် ၁၄ ရက် နံနက်ပိုင်းက ယာဉ်တိုက်မှုဖြစ်ပွားကြောင်း သိရသည်။

ဖြစ်စဉ်မှာ ယင်းနေ့ နံနက် ၇ နာရီ ၃၅ မိနစ်ခန့်က မြင်းမူမြို့နယ် အလ္လကပ္ပကျေးရွာအနီး မိုင်တိုင်(၅၃/၂-၃) အကြားတွင် မုံရွာမှ ရန်ကုန်ဘက်သို့ မုံရွာမြို့နေ အောင်ဝင်း(၅၃)နှစ် မောင်းနှင်ပြီး ဒေါ်မြခင်(၇၈)နှစ်လိုက်ပါလာသော YGN/---- CROWN အဖြူရောင်ယာဉ်နှင့် မန္တလေးမှ မုံရွာဘက်သို့ အောင်မြေသာဇံမြို့နယ်နေ သိန်းလွင် (၄၇)နှစ် မောင်းနှင်ပြီး မမြင့်မြင့်ဌေး(၅၁)နှစ်၊ ကိုကိုလွင် (၁၄)နှစ် တို့လိုက်ပါလာသော MDY/--- အဖြူရောင်ယာဉ်တို့ မျက်နှာချင်းဆိုင်

အရှိန်မထိန်းနိုင်သောယာဉ် တစ်ဖက်ယာဉ်ကြောမှယာဉ်အား ဝင်ရောက်တိုက်မိ၍ သေဆုံး/ဒဏ်ရာရ

အရှိန်မထိန်းနိုင်ဘဲ တစ်ဖက်ယာဉ်ကြောသို့ရောက်ရှိကာ ရှမ်းပြည်နယ် ရွာငံမြို့ ဈေးတန်းရပ်ကွက်နေ အောင်ပြည့်ဖြိုး(၂၂)နှစ် မောင်းနှင်လာသော NISSAN (၁၂)ဘီးယာဉ်အား ဝင်ရောက်တိုက်မိခဲ့ကြောင်း သိရသည်။

ထိုသို့တိုက်မိမှုကြောင့် ၃က/--- JMC ယာဉ်ပေါ်ပါ ရေတာရှည်မြို့နယ် မြို့လှမြို့ ရွှေမြိုင်ရပ်ကွက်နေ ကိုဝင်းသိန်း(၄၂)နှစ်တွင် ဒဏ်ရာများရရှိကာ သေဆုံးသွားပြီး ယာဉ်မောင်းပေါက်စ၊ ရွှေမြိုင်ရပ်ကွက်နေ ဒေါ်အေးအေးသန်း(၄၁)နှစ် ပါ ၁၀ ဦးနှင့် NISSAN ယာဉ်ပေါ်ပါ ရွာငံမြို့နေ လှမျိုးဦး(၁၈)နှစ်တို့တွင် ဒဏ်ရာများ အသီးသီးရရှိခဲ့သဖြင့် နေပြည်တော် ခုတင်(၁၀၀၀)ပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ပေးခဲ့ပြီး ပေါက်စအား ပျဉ်းမနားမရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

(ကြေးမုံ)

ရွှေထူးလွင် (မော်တာင်စွန်း၊ ငွေဆောင်)ချောင်းသာ၊ စားဗာညနိုင်ငံ-၃၀၀၀၀/- ကခေလး(ကချေ)၊ နံပ်ခရက်နမ်(ဟားဗေ)(၇)ရက် အင်းစတော်ကြီး ခရေပရောဇာရာ(ခ)ဝမေ(မလီမြေမ်ထုံ) ပြန်ကြေပြီနာ၊ (ခရွစက်ကော)၊ (ပုက်ကုမ်)၊ (အခေလာင်းတော်ကာသေ)၊ (ယန္တလေးကျောက်စိမ်းဘုရားပြင်ဦးလွင်)၊ (ဖိုးကုတ်)၊ (ရုံရှား၊ အခေလာင်းတော်ကာသေ)၊ (ခတောမြောက်ကြီး အင်အကေးပင်တယ)(ဂျိုင်ဒကော်)၊ အား၊ လုံးပါ(၀/၁၀/၁၂)ရက်(ရေမိုင်ပြောက်ဦးစစ်ထွေးပေါ်)၊ (ထားဝယ်မှင်ကိုရင်ခေတ်ဆကမ်ခန့်ခွဲစစ်ပြော)(ကန်ဆုနာလှမီ)၊ (ဘန်ကောက်ပြဘုရား)(ကဘမ်ကုဆယ်ခရွှေလီ)(ကိုနောင်ထင်ကို၊ ကိုကျွမ်းစက်ဝ၊ မောင်ပဲထမ်ထော်ရှင်)(ပြည်ဘဆေကာက်ကောင်)ဇလွန်(ကဘးဇီ၊ လုံးဖုဘးသည်) ဘုမ္ဘထီ(၃၃/ဘ)ဖြည်ထပ်ဖေ့ကျုံးဘားလမ်း။ Ph- 09450044494, 09450044496, 01377921

POST ဈာ ထူး ဝင် ခွင့် သင် တန်း
PGDMA (အလယ်တန်းပြ) PPTT (မူလတန်းပြ)
စနေ-တနင်္ဂနွေ(၉း၀၀-၁၂း၀၀) နေ့လယ်(၁၂း၃၀-၃း၃၀) တနင်္လာ-အင်္ဂါ(၇း၃၀-၉း၀၀)
အနီးကပ် (ဒုနစ်ရက်တက်တန်းခွဲ) ၂၄ • ၃ • ၂၀၁၆မပည်။ စာအုပ်ရပြီ။
ဝါ၌(ပထမ)ဆိပ်ကမ်းသာလမ်း(လယ်)ကျောက်တံတားမြို့နယ် ၀၉၄၂၀ ၁၂၉၃၃

ကျေးဇူးဆပ်ပါမည်
၂၆-၂-၂၀၁၆ ရက် ည ၇း၃၀ အချိန်၌ အလုံလမ်း၊ ကရင်ခြံအနီးမှ အဖြူရောင်အဌားယာဉ် (ဆလွန်း)တစ်စီးပေါ်၌ အောင်အောင်လွင် ပိုးထည်တံဆိပ်ပါ လက်ဆွဲအိတ်ငယ်ဖြင့် ထည့်လျက် ရတနာပစ္စည်းများနှင့်ငွေသားအချို့ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ထိုက်တန်စွာကျေးဇူးဆပ်ပါမည်။ **ဖုန်း-၀၉-၄၅၁၇၇၇၃၈၄၊ ၀၉-၉၇၆၆၃၅၅၀**

Mingalar Cinemas
www.facebook.com/mingalarcinemas
Mingalar Cinemas facebook
Top Royal (ဒိန်ကော-ထိုလီ) ၀၉၄ ၂၀၁၈ ၂ ၂ ၀၉ ၂ ၀ ၁ ၈ ၂ ၂
ကြီးတင်ပြ
ကြိုတင်လက်မှတ်ရောင်းပြီ
၁၈ ၊ ၃ ၊ ၂၀၁၆ ရက်မှ စတင်၍ တစ်ပြိုင်တည်းပြပြီ။

KONICA MINOLTA
hp
Panasonic
Authorized Business Partner
GANDAMAR
Business Solutions

HOT SALES
Vivitek Pocket Projector Qumi Q6 (Gold/Red)
~~USD-575~~
USD-535
Free Item : Desktop Screen
Panasonic Projector PT-LB280
~~USD-505~~
USD-470
Free Item : 60"x60" Tripod
HP OfficeJet Pro X476dw MF Enterprise & SMB All-in-One Color Printer
~~USD-690~~
USD-621
Konica Minolta bizhub C221 Color A3 Multifuntion Copier
~~USD-2750~~
USD-2338
09-253547980, 09-253547981, 01-383932, 01-383934
GOLD MEMBER'S PROMOTION
Up to 20% DISCOUNT AND FREE GIFT
(14th March to 30th April)
မဟာသင်္ကြန်အကြို

ကြေးမုံစာအုပ်စင်စာအုပ်အမြင် (မော်ကွန်း)

ကြေးမုံစာအုပ်စင် စာအုပ်အမြင်ကဏ္ဍတွင် စာအုပ်ထုတ်ဝေသူများ၊ စာအုပ်ဖြန့်ချိသူများ၊စာရေးဆရာများ၏ ထုတ်ဝေသော စာအုပ်များကို စာဖတ်ပရိသတ်များ ကျယ်ကျယ်ပြန့်ပြန့်သိရှိလေ့လာဖတ်ရှုနိုင်ရန်အတွက် အပတ်စဉ် (အင်္ဂါနေ့)တိုင်း စုစည်းဖော်ပြပေးလိုက်ပါသည်။ (စာတည်း)

လူတိုင်းရွတ်ပွား ပရိတ်တော် (၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ်

ဇောတိကစီစဉ်ပူဇော်သည့် လူတိုင်းရွတ်ပွား ပရိတ်တော် (၁၁)သုတ်နှင့် ဓမ္မစကြာကျင့်စဉ် (ပါဠိ+အသံထွက်)စာအုပ်ထွက်ရှိလာပါသည်။ ဤစာအုပ်လေးသည် အဓိဋ္ဌာန်ဝင်လိုသူများ၊ ဓမ္မလက်ဆောင်ပေးလိုသူများအတွက် အကောင်းဆုံးစာအုပ်တစ်အုပ်ဖြစ်ပါသည်။ စက္ကူအကောင်းစား၊ စာလုံးကြီး၊ အိတ်ဆောင်စာအုပ်ငယ်ဖြစ်၍ မိမိသွားလိုသည့်နေရာများကို ယူဆောင်၍ရွတ်ဖတ်ပူဇော်နိုင်ပါသည်။

စာအုပ်တွင် လက်တွေ့အသုံးချ အဓိဋ္ဌာန်ဆောက်တည်နည်း၊ လိုအင်ဆန္ဒပြည့်ဝစေသော ရွတ်ဖတ်နည်း၊ အဓိဋ္ဌာန် စီရင်ပြုနည်း၊ ဆုတောင်းနည်းစသော အကြောင်းအရာများ ပါဝင်ပါသည်။ အသံထွက်စီဒီခွေပါ ထည့်သွင်းပေးထားပါသည်။

ဤစာအုပ်ကို မရွှီမစာပေ အမှတ်(၂၃၇) ပထမထပ်(ဝဲ) (၃၉)လမ်း အပေါ်ဘလောက် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့၊ ဖုန်း-၀၁-၃၉၂၈၃၅၊ ၀၉-၅၀၅၆၈၄၃၃ မှတန်ဖိုးငွေကျပ် ၁၀၀၀ဖြင့် ဖြန့်ချိထားပါသည်။

ရှေးမြန်မာသင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှု

ရှေးမြန်မာသင်္ဘောတော်ကြီးများနှင့် ရေကြောင်းအတတ်ပညာလေ့လာမှု စာအုပ်သည် မြန်မာတို့၏ ရေကြောင်းအတတ်ပညာနှင့် ပတ်သက်၍ အဘယ်မျှရင်းနှီးကျွမ်းဝင်ခဲ့မှု၊ မည်မျှကာလရှည်ကြာမြင့်ခဲ့မှုတို့ကို စာရေးသူမောင်နိုင်(ဒဿနိက)မှ စာတစ်အုပ်ပေတစ်ထုပ်သဖွယ် ရေးသားပြုစုထားခြင်းဖြစ်သည်။

မြန်မာ့သမိုင်းစဉ်လာတစ်လျှောက် ပြည်ပနိုင်ငံများသို့ ကူးသန်းသွားလာခဲ့ကြသော မြန်မာ့သင်္ဘောတော်ကြီးများ၊ မြန်မာ့သင်္ဘောသားများနှင့် သင်္ဘောသူကြီးများ၊ ကုန်းဘောင်ခေတ်က ဥရောပသို့ သွားရောက်ခဲ့သော မြန်မာ့သင်္ဘောတော်ကြီးများနှင့် မြန်မာသင်္ဘောသားကြီးများ၊ ကင်းဝန်မင်းကြီးကိုယ်တိုင် သွားရောက်လေ့လာခဲ့သော ဥရောပနိုင်ငံများမှ ပင်လယ်ရေကြောင်းပညာတော်သင် လေ့ကျင့်ရေးသင်္ဘောများ၊ ပင်လယ်ပျော် သင်္ဘောသားများနားခိုရာ Sailor's Home များအကြောင်းကိုလည်း ရှာဖွေတင်ပြထားသည်။ မြန်မာ့ရေကြောင်းပညာသမိုင်းနှင့်ပတ်သက်၍ စိတ်ပါဝင်စားကြသူများ၊ မြန်မာ့ရေကြောင်းအတတ်ပညာကို စိတ်ဝင်စားကြသူများနှင့် ရေကြောင်းအတတ်ပညာဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများအတွက် ဖတ်ရှုသိမ်းဆည်းထားရမည့် စာအုပ်ဖြစ်သည်။

စာပေဗိမာန်စာအုပ်ဆိုင်နှင့် အင်းဝစာအုပ်တိုက်များတွင် ဝယ်ယူရရှိနိုင်ပြီး တန်ဖိုးမှာ ငွေကျပ် ၆၀၀၀ ဖြစ်ကာ ကမ်းရိပ်မွန်စာပေ အမှတ်(၄၇၀) အင်းဝ(၆)လမ်း (၆)ရပ်ကွက် တောင်ဥက္ကလာပမြို့နယ် ဖုန်း- ၀၉-၇၃၀၈၄၄၁၄၊ ၀၉-၇၉၈၁၆၃၂၀ မှ ဖြန့်ချိထုတ်ဝေသည်။

ခုနစ်နေ့ ခုနစ်နံ ကံပွင့်လာဘ်ပွင့် အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင်ယဘြာများ

ဂျီရီရဆရာလှမျိုး (B.Sc) ရေးသားသည့် "ခုနစ်နေ့ ခုနစ်နံ ကံပွင့်အဓိဋ္ဌာန်နှင့် ကံကောင်းအောင်မြင်ယဘြာများ"စာအုပ်သည် ခုနစ်ရက်သားသမီးတို့၏၊ လူမှုရေး၊ စီးပွားရေး၊ ပညာရေး၊ အိမ်ထောင်ရေး၊ ကျန်းမာရေးစသည့် ကဏ္ဍအသီးသီးတွင် တိုးတက်အောင်မြင်စေရေးအတွက် ဆောင်ရန်ရှောင်ရန် အချက်အလက်များကို လမ်းညွှန်ရေးသားသည့်စာအုပ်ဖြစ်သည်။

အဆိုပါ စာအုပ်တွင် နေ့အလိုက် ခုနစ်နေ့ခုနစ်နံဖွား သားသမီးများတွက် ကံပွင့်လာဘ်ပွင့်စေရန် ဘုရားရှိခိုး ဆုတောင်းဂါထာများ၊ သင့်မြတ်သော ယဘြာအစီအစဉ် ဆုတောင်းမေတ္တာပို့ အဓိဋ္ဌာန်အစီအရင်များကို ဗုဒ္ဓအလိုတော်ကျနည်းများဖြင့် ရေးသားပြုစုဖော်ပြထားသည်။

ယခုစာအုပ်ကို စာပေနန်းတော် အမှတ် (၁၃၈/၁၄၀) ပထမထပ်၊ ပန်းဆိုးတန်းလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့် ကျောက်တံတားမြို့နယ် ရန်ကုန်မြို့ ဖုန်း- ၀၉-၂၆၀၂၄၅၅၂၂၄၊ ၀၉-၇၃ ၁၄၀၉၃၄ မှ တန်ဖိုး ၁၂၀၀ ကျပ်ဖြင့် တစ်ပြည်လုံးသို့ ဖြန့်ချိလိုက်ပြီဖြစ်သည်။

တရားမနှိုတစ် ၁၀၀

ဦးမြင့်လွင် (တရားလွှတ်တော်ရှေ့နေ) ပြုစုရေးသားသည့် "တရားမနှိုတစ် ၁၀၀" စာအုပ်သည် နှိုတစ်အပေးမှားက တရားမမှုကြီးတစ်ခုလုံးရှုံးနိမ့်ရတတ်သဖြင့် နှိုတစ်အပေးမမှားဖို့ လမ်းညွှန်ရေးသားဖော်ပြထားသည့် ဥပဒေစာအုပ် ဖြစ်သည်။

စာအုပ်တွင် အပိုင်းလေးပိုင်း ဖော်ပြထားသည်။ နှိုတစ်အကြောင်း၊ လမ်းညွှန်စီရင်ထုံးများ၊ အခြားသိမှတ်ဖွယ်ရာ နှိုတစ်များနှင့် အမှုအလိုက်နှိုတစ်နမူနာပုံစံများစွာ တင်ပြထားရာ ရှေ့နေရှေ့ရပ်များအတွက် အသုံးဝင်သည့် စာအုပ် အဖြစ်တွေ့ရသည်။

ယင်းစာအုပ်ကိုလွင်စာပေ (ရန်ကုန်) ၀၉-၇၃၀၈၂၃၁၁ မှ ၂၀၁၆ ခုနှစ်မတ်လတွင် တစ်ပြည်လုံး ဖြန့်ချိခဲ့ပြီး တန်ဖိုးငွေကျပ် ၅၀၀၀ ဖြစ်သည်။

Royal Silver Swan Travel & Tour (SS Tour)
အဆင့်မြင့်ထုရားဖူးခရီးသွားလုပ်ငန်း
❖ ပြင်ဦးလွင် – ပန္တလေး – စစ်ကိုင်း(၃ညအိပ်၄ရက်)
March 25 (130,000ks) ; April 8, 15 (145,000ks)
❖ တောင်ကြီး – အင်းလေး – ပင်းတယ – မွေတော်ကဏ္ဍ(၃ညအိပ်၄ရက်)
March 25 (140,000ks) ; April 8, 15 (165,000ks)
❖ ပန္တလေး – ကျောက်စိမ်းဘုရား – စစ်ကိုင်း – ပုံဂှာ – အလောင်းတော်ကဿပ(၃ညအိပ်၄ရက်)
March 25 (130,000ks) ; April 8, 15 (165,000ks)
ခရီးစဉ်အတွင်း အဆင့်မြင့်ဟိုတယ်၊ နေ့လည်စာ၊ ညစာများ (Set Menu)
သင်္ဘောနီတွင်း ခရီးစဉ်ကြေးတင်လက်မှတ်များ ဝယ်ယူနိုင်ပါသည်။
Ph - 09-5403301, 09-43177431, 09 448538650

အလင်းရောင် 09421061860, 421099405, 421129597
www.alinyaungtravels.com
Yutong, Kinglong, Japan
April 1 / 8 / 11 / 17
ရွှေတော်တော်၊ ဂုဝံ၊ ဝုပ္ပါး 75000/100000
ရွှေတော်တော်၊ ဂုဝံ၊ ဝုပ္ပါး၊ အလောင်းတော် 95000 + ပန္တလေး၊ ငေမြို့၊ ပုံဂှာ၊ စစ်ကိုင်း (ငြိမ်း)75000
ရွှေတော်တော်၊ အလောင်းတော် (ငြိမ်း) 75000 + တောင်ကြီး၊ အင်းလေး၊ ဝင်းတယ (ငြိမ်း)75000
ရွှေတော်တော်၊ ဂုဝံ၊ တောင်ကြီး (ငြိမ်း)100000 + တောင်ကြီး၊ အင်းလေး၊ လျှိုင်ဧတော် (ငြိမ်း)90000
ရွှေတော်တော်၊ ဂုဝံ၊ ပန္တလေး၊ ငေမြို့ (ငြိမ်း) 95000 + ထားဝယ်၊ ရွှင်ကိုးလွင်၊ ကော်လမြိုင် (ငြိမ်း)110000
ဂုဝံ၊ ဝုပ္ပါး၊ တောင်ကြီး၊ အင်းလေး (ငြိမ်း) 85000 + ထားဝယ်၊ ကော်ဘီး၊ ကေန့်ချုန်း၊ မြဘုရား 350000
+ ပန္တလေး၊ လားဂျီး၊ ပွဲဆယ်၊ ငွေလီ (ငြိမ်း)100000
ဂုဝံ၊ ဝုပ္ပါး၊ ပန္တလေး၊ ငေမြို့ (ငြိမ်း) 85000 + ရခိုင်၊ မြောက်ဦး၊ စစ်တွေ၊ ငပလီ (ငြိမ်း)130000

ကျိုက်ထိုမြို့နယ်(ရန်ကုန်) ဆရာဦးသိန်းဝင်း
ပန်းချီသင်တန်း
(၁) အမှတ်(၁۷၆/၁۷၆)၊ တ-ထပ်၊ အနော်ရထာလမ်းမကြီး၊ ၃၄ လမ်းထိပ် ဘားလမ်းမှတ်တိုင်အနီး၊ ကျောက်တံတားမြို့နယ်။
(၂) တိုက်(၃)၊ အခန်း(၅၀၅)၊ ၁၅၄ လမ်း(မဂ်လာဒေယျံ)ကျောင်းလမ်း)၊ (နာ၊ နာခေါင်း လည်ချောင်း ဆေးရုံနှံ့ဘေးလမ်း) ၊ တာမွေ
ဖုန်း ၀၉ ၅၀ ၇၇၅၆၀ ၀၉ ၂၅ ၃၂ ၆၁၇၁၀

ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)
နှစ်ပတ်လည်အစည်းအဝေးဖိတ်ကြားလွှာ
ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)၏ (၆၃)ကြိမ်မြောက် နှစ်ပတ်လည်အစည်းအဝေးကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်ပါသည်။ အသက်(၇၅)နှစ်အထက် အသင်းဝင်များအား သက်ကြီးပူဇော်ပွဲ၊ တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိသော အသင်းဝင်များ၏ သားသမီးများအားဂုဏ်ပြုပွဲများကျင်းပမည်ဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်တွင် ကျင်းပသော တက္ကသိုလ်ဝင်စာမေးပွဲ၌ ဂုဏ်ထူးရရှိကြသော ကျောင်းသား/သူများစာရင်းကို အထောက်အထားမိတ္တူများဖြင့် မတ်လ (၂၅) ရက်နေ့ နောက်ဆုံးထားရှိ ဥက္ကဋ္ဌ ဦးနိုင်းနိုင်း ဖုန်း-၀၁-၂၉၁၂၁၆၊ အတွင်းရေးမှူး ဦးစံမြင့် ဖုန်း-၀၉-၇၃၁၂၃၇၄ တို့ထံ ဆက်သွယ်ပေးပို့ကြပါရန်နှင့် အစည်းအဝေးသို့ကျိုက်ထိုမြို့နယ်သူ၊ မြို့နယ်သားများ အသင်းဝင်သည်ဖြစ်စေ၊ မဝင်သည်ဖြစ်စေ မိသားစုများနှင့် တက်ရောက်ကြပါရန် လေးစားစွာဖိတ်ကြားအပ်ပါသည်။ အသင်းဝင်များ၏လိပ်စာအပြောင်းအလွှဲများရှိနေပါသဖြင့် မိမိတို့နေထိုင်သည့်လိပ်စာများကို အထက်ပါအမှုဆောင်များထံဆက်သွယ်ပေးပါရန်။
ကျင်းပမည်နေ့ အချိန် -၂၇-၃-၂၀၁۶(တနင်္ဂနွေနေ့) နံနက်၉နာရီ
ကျင်းပမည်နေရာ -ရန်ကုန်မြို့တော်စည်ပင်ခမ္မာရုံ၊ ရွှေတိုဂုံဘုရားလမ်း၊ (တောင်ဘက်မုခ်)အနီး
အသင်းမှ နံနက်စာထောပတ်ထမင်းဖြင့်ညှဉ်းခံပါမည်။
အမှုဆောင်အဖွဲ့၊ကျိုက်ထိုမြို့နယ်အသင်း(ရန်ကုန်)

ကွာရှင်းပြတ်စဲပြီးစီးခြင်း
ကျွန်မ မမြင့်မြင့်ဝင်း[၉/မရမ(နိုင်)၀၀၂၁၂၄]သည် ကိုအောင်မိုးဟန်[၁၂/မဟန(နိုင်)၀၈၆၁၃၃]နှင့် စိတ်သဘောထားချင်း မတိုက်ဆိုင်ပါသဖြင့် ၁၀-၃-၂၀၁၆ရက်က မန္တလေးတိုင်းဒေသကြီး တရားလွှတ်တော်ရုံး၌ ကွာရှင်းပြတ်စဲပြီးစီးပါကြောင်း။
မမြင့်မြင့်ဝင်း[၉/မရမ(နိုင်)၀၀၂၁၂၄]

ဝန်ထမ်းအလိုရှိသည်
သူနာပြုအကူလက်မှတ်ရ
သာလွန်သူ (Nursing Home)
ဖုန်း-၀၉-၂၅၃၅၃၀၁၇
၀၉-၇၉၆၂၁၈၁၆၇

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံကို ခရီးစဉ် လချုပ် အချိန်ပိုင်း ငှားသည်။ ယာဉ်ပိုင်ရှင်များလည်း ဆက်သွယ်ပါ။
Ph:09-43117680, 09-5059821

ကန့်ကွက်နိုင်ကြောင်းကြေညာချက်
ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ပြည်လမ်း၊ တိုက်အမှတ်(၁၁၂)၊ အခန်းအမှတ်(၃၃)၊ (၄)လွှာ၊ အကျယ်အဝန်း ပေ(၁၄×၅၅)ရှိ တိုက်ခန်းနှင့်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်လက်ရောက်ဝယ်ယူပိုင်ဆိုင်သူ ဦးသိန်းညွှန့်[၁၁/မအန(နိုင်)၀၀၂၈၄၀]ထံမှ ကျွန်ုပ်၏ မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်ကိစ္စကို ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက် နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးစိန်မြိုင်(စဉ်-၂၅၉၄) တရားလွှတ်တော်ရှေ့နေ
LL.B, D.B.L, M.A(Business Law), D.M.L, D.I.L, D.A Psy, D.I.R
(With Credit),MDev.S (Master Of Development Studies)
အမှတ်(၅၄၂)၊ အခန်း(A-6)၊ (ပထပ်)၊ May Shopping Center ပန်းဆိုးတန်းလမ်းနှင့် ကုန်သည်လမ်းထောင့်၊ ကျောက်တံတားမြို့နယ်

သားသမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ကြောင်းကြေညာခြင်း
ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးထွန်းကြည်[၁၂/အစန(နိုင်)၀၁၆၃၇၅]၊ ဒေါ်ခင်မြိုင်[၁၂/အစန(နိုင်)၀၁၆၃၇၁]တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးအကြောင်းကြားအပ်ပါသည်။
ကိုကျော်ဆန်းထွန်း[၁၂/အစန(နိုင်)၀၁၆၃၇၄]နှင့် မနီတာထွန်း[၁၂/အစန(နိုင်)၀၁၄၄၈]တို့သည် ဖခင် ဦးထွန်းကြည်နှင့်မိခင် ဒေါ်ခင်မြိုင်တို့အပေါ် လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်အမျိုးမျိုးစိတ်ဆင်းရဲအောင် အမျိုးမျိုးပြုမူဆောင်ရွက်ခဲ့ကြောင်း၊ သားသမီးနှစ်ဦးသည် မိခင်၊ ဖခင်တို့၏ ဆိုဆုံးမမှုကို မနာခံဘဲ တစ်ဖန်စိတ်ဆင်းရဲ ကိုယ်ဆင်းရဲဖြစ်အောင် ဆောင်ရွက်ခဲ့၍ မိဘများမှာ ကျန်းမာရေးလည်းထိခိုက်ခဲ့ပါသည်။ သို့ပါ၍ ဤကြေညာချက်ဖြင့် သားသမီးအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်း နောက်နောင်မည်သို့မျှ ပတ်သက်မှုမရှိတော့ကြောင်း အသိပေးကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါရန်။)
လွှဲအပ်ညွှန်ကြားချက်အရ-
ဦးအောင်ဇော်မြတ်(LL.B)
(စဉ်-၈၅၀၉)
တရားလွှတ်တော်ရှေ့နေ
မြင့်မိုရ်တံခွန်(Law Firm)
ဖုန်း-၀၉-၇၃၀၅၃၃၉၊ ၀၉-၅၄၁၂၅၅

တစ်ချက်တည်းကျင်းဝင်
ဦးအောင်မော်သည် မတ် ၁၂ ရက်က ကစားဖော်များဖြစ်သော ဦးမိုး ကျော်အေး၊ ဗိုလ်မှူးရန်အောင်၊ ဦးမိုးကျော်အောင်နှင့် ဦးတင်ထွဋ်တို့နှင့်အတူ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ ငွေသော်တာဂေါက်ကွင်းတွင် ဂေါက်ရိုက်ကစားစဉ် ကျင်းအမှတ် (၁၂) တွင် ကိုက် ၁၅၀ အကွာမှ Bridge Stone No.2 Ball အား Reygrande Iron No.9 တုတ်ဖြင့် ရိုက်ရာတွင် တစ်ချက်တည်းဖြင့် ကျင်းဝင်သွားသည်။

သစ် ပင် စိုက် ပါ နို့ က မ္ဘာ သာ ယာ လှ ပ စိမ်း မြ မြ

အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
ပညာရေးဝန်ကြီးဌာန
အခြေခံပညာဦးစီးဌာန
နေပြည်တော်
၂၀၁၆ခုနှစ်၊ မတ်လ (၁၀)ရက်
၂၀၁၅-၂၀၁၆ ပညာသင်နှစ်
အခြေခံပညာအဆင့် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကြေညာခြင်း

၂၀၁၅-၂၀၁۶ ပညာသင်နှစ်၊ အခြေခံပညာအဆင့် အဌမတန်း၊ နဝမတန်းနှင့် ဒသမတန်းအတွက် တိုင်းဒေသကြီး/ပြည်နယ်များ၏ ခရိုင်အလိုက် ဘက်စုံပညာထူးချွန်ရွေးချယ်ခံရသူများစာရင်းကို အောက်ပါအတိုင်း ကြေညာအပ်ပါသည်-

အခြေခံပညာဦးစီးဌာန၊ ၂၀၁۶ခုနှစ်၊ ဒသမတန်းဘက်စုံပညာထူးချွန်သူများစာရင်း

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁	မောင်အောင်ပြည့်ကျော်	အထက(၃)	မြစ်ကြီးနား	မြစ်ကြီးနား
၂	မောင်သီဟအောင်	အထက(၁)	ဝိုင်းမော်	မြစ်ကြီးနား
၃	မမေမြတ်မိုး	အထက(၃)	မြစ်ကြီးနား	မြစ်ကြီးနား
၄	မဝင်းလဲ့ဖြိုး	အထက(၂)	ဝိုင်းမော်	မြစ်ကြီးနား
၅	မောင်လင်းဝေယံ	အထက-နမ္မတီး	မိုးကောင်း	မိုးညှင်း
၆	မနိုနိုလွင်	အထက(၁)	မိုးညှင်း	မိုးညှင်း
၇	မောင်ဟန်ဝင်းအောင်	အထက(၁)	ဗန်းမော်	ဗန်းမော်
၈	မမေဇင်ဦး	အထက(၁)	ဗန်းမော်	ဗန်းမော်
၉	မောင်မဘုဖုန်	အထက-ဒုတ္ထန်	ပူတာအို	ပူတာအို
၁၀	မဖုန်ရိခေါ်ရမ်	အထက-ဒုတ္ထန်	ပူတာအို	ပူတာအို
၁၁	မောင်ထက်လှိုင်ထွန်း	အထက-ဖားဆောင်း	ဖားဆောင်း	ဘောလခဲ
၁၂	မမိုးသူဇာ	အထက-ဖားဆောင်း	ဖားဆောင်း	ဘောလခဲ
၁၃	မောင်ပြည့်ဖြိုး	အထက(၁)လွိုင်ကော်	လွိုင်ကော်	လွိုင်ကော်
၁၄	မအိအိခိုင်စိုး	အထက(၅)လွိုင်ကော်	လွိုင်ကော်	လွိုင်ကော်
၁၅	ခွန်အားမာန်ဦး	အထက(၁)	ဘားအံ	ဘားအံ
၁۶	နန်းမိုးမေမီမြင့်သန်း	အထက(၃)	ဘားအံ	ဘားအံ
၁၇	မောင်မင်းခန့်အောင်	အထက-ကြာအင်းဆိပ်ကြီး	ကြာအင်းဆိပ်ကြီး	ကော့ကရိတ်
၁၈	မကောင်းထက်ထက်စံ	အထက-ကြာအင်းဆိပ်ကြီး	ကြာအင်းဆိပ်ကြီး	ကော့ကရိတ်
၁၉	မောင်ကျုံလျှန်ထန်	အထက(၁)ဟားခါး	ဟားခါး	ဟားခါး
၂၀	မအက်စတာဗန်ရွှေပါရိ	အထက(၁)ဟားခါး	ဟားခါး	ဟားခါး
၂၁	မောင်ဒိုင်ခန့်မန်	အထက(၂)တီးတိန်	တီးတိန်	ဖလမ်း
၂၂	မဟေရိုလင်လာလ်ရွယ်မွေး	အထက(၂)ဖလမ်း	ဖလမ်း	ဖလမ်း
၂၃	မောင်ဟာရှိန်းကီး	အထက-ကန်ပက်လက်	ကန်ပက်လက်	မင်းတပ်
၂၄	မလီမနား	အထက-ကန်ပက်လက်	ကန်ပက်လက်	မင်းတပ်
၂၅	မောင်စိုးသက်မျိုးဇော်	အထက(၁)မြင်းမူ	မြင်းမူ	စစ်ကိုင်း
၂۶	မဆုရတီစိုး	အထက(၁)စစ်ကိုင်း	စစ်ကိုင်း	စစ်ကိုင်း
၂၇	မောင်ဥက္ကာဆွေတင့်	မြပန်းသဇင်(ကပက)	ရေဦး	ရွှေဘို
၂၈	မောင်စိုးသီဟလင်း	အထက(၃)ရွှေဘို	ရွှေဘို	ရွှေဘို
၂၉	မဖူးမြတ်သွယ်	အထက(၂)ရွှေဘို	ရွှေဘို	ရွှေဘို
၃၀	မမေသန့်စင်အောင်	စံတော်ဝင်(ကပက)	ဝက်လက်	ရွှေဘို
၃၁	မောင်ဘုန်းမိုးခန့်	ပါရမီ(ကပက)	မုံရွာ	မုံရွာ
၃၂	မဖြိုးသဇာထက်	ပါရမီ(ကပက)	မုံရွာ	မုံရွာ
၃၃	မောင်နေသူလှိုင်	အထက-ယင်းမာပင်	ယင်းမာပင်	မုံရွာ
၃၄	မခင်စွမ်းထက်	အထက-ယင်းမာပင်	ယင်းမာပင်	မုံရွာ
၃၅	မောင်ထက်နိုင်အောင်	အထက-ကောလင်း	ကောလင်း	ကသာ
၃۶	မောင်ဇွဲသက်နိုင်	အထက-ဝန်းသို	ဝန်းသို	ကသာ
၃၇	မကြည်မွေ့ အိမ်	အထက-မော်လူး	အင်းတော်	ကသာ
၃၈	မနှင်းနှင်းအေး	အထက-ပင်လည်ဘူး	ပင်လည်ဘူး	ကသာ
၃၉	မောင်ကောင်းမြတ်အောင်	အထက(၁)ကလေး	ကလေး	ကလေး
၄၀	မဇင်မာအောင်	အထက(၁)ကလေး	ကလေး	ကလေး
၄၁	မအိကြည်ဖြူမင်း	အထက(၁)ဟူမွလင်း	ဟူမွလင်း	ခန္ဓီး
၄၂	မသက်စုမျိုး	အထက-မော်လိုက်	မော်လိုက်	ခန္ဓီး
၄၃	မောင်ပြည့်ဖြိုးမောင်	ထ(ခွဲ)စန္ဒား	ဖောင်းပြင်	ခန္ဓီး
၄၄	မောင်ကောင်းသက်ခန့်	အထက-မော်လိုက်	မော်လိုက်	ခန္ဓီး
၄၅	မောင်သူရိန်ဝင်းဟိန်း	အထက(၁)ထားဝယ်	ထားဝယ်	ထားဝယ်
၄۶	မခြူးဆက်စံသာ	အထက(၁)ထားဝယ်	ထားဝယ်	ထားဝယ်
၄၇	မောင်ထက်အောင်	အထက(၁)မြိတ်	မြိတ်	မြိတ်
၄၈	မောင်သားဦးစံ	အထက(ခွဲ)ပုလော	ပုလော	မြိတ်
၄၉	မမေမြတ်နိုးခင်	အထက(၁)မြိတ်	မြိတ်	မြိတ်
၅၀	မအိကေကေဇင်	အထက(၁)ကော့သောင်း	ကော့သောင်း	မြိတ်
၅၁	မောင်အောင်ကောင်းမြတ်	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၂	မောင်ခူဝံဦး	အထက-သနပ်ပင်	သနပ်ပင်	ပဲခူး
၅၃	မသဇွာဆွေ	အထက(၃)ပဲခူး	ပဲခူး	ပဲခူး
၅၄	မသဇွာမြင့်မြတ်	အထက(၁)ပြွန်တန်ဆာ	ညောင်လေးပင်	ပဲခူး
၅၅	မောင်ပြည့်ထူးခန့်	အထက(၇)တောင်ငူ	တောင်ငူ	တောင်ငူ
၅۶	မောင်သက်မင်းဟန်	အထက-ဝဲကြီး	ဖြူး	တောင်ငူ
၅၇	မမြတ်မိုမိုအောင်	အထက-ဝဲကြီး	ဖြူး	တောင်ငူ
၅၈	မခင်သီတာထွန်း	အထက(၁)တောင်ငူ	တောင်ငူ	တောင်ငူ
၅၉	မောင်သက်ခိုင်ထွန်း	အထက-အင်းမ	သဲကုန်း	ပြည်
၆၀	မောင်မင်းသွေးပိုင်	အထက-ပေါင်းတလည်	ပြည်	ပြည်
၆၁	မပိုးနှင်းဖြူ	အထက(၁)ပြည်	ပြည်	ပြည်
၆၂	မအိမွန်ခိုင်	ကပက-ကဝိစည်သူ	သဲကုန်း	ပြည်
၆၃	မောင်ဟိန်းထက်နိုင်	အထက-ပန်းတင်	ကြို့ပင်ကောက်	သာယာဝတီ
၆၄	မောင်ကောင်းမြတ်ကျော်	အထက(၁)သာယာဝတီ	သာယာဝတီ	သာယာဝတီ
၆၅	မအိခြွေ	အထက-အုတ်ဖို	အုတ်ဖို	သာယာဝတီ
၆၆	မခင်စောနွယ်	အထက-မြို့မ	နတ်တလင်း	သာယာဝတီ
၆၇	မောင်ခန့်စည်သူအောင်	အထက(၃)ရေနံချောင်း	ရေနံချောင်း	မကွေး
၆၈	မောင်ထက်နိုင်ကို	ပညာနန်းတော်(ကပက)	မကွေး	မကွေး
၆၉	မရတနာဖြိုးနိုင်	ဒီဝေလ္ပ(ကပက)	မကွေး	မကွေး
၇၀	မရွှေယမင်းဦး	အထက(၁)တောင်တွင်းကြီး	တောင်တွင်းကြီး	မကွေး
၇၁	မောင်ထက်ဝေယံလင်း	UHW (ကပက)	စလင်း	မင်းဘူး
၇၂	မသပြေဦး	အထက(၂)မင်းဘူး	မင်းဘူး	မင်းဘူး
၇၃	မောင်ပြည့်စုံအောင်	အထက(၁)ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ
၇၄	မအိထက်ချို	အထက(၁)ပခုက္ကူ	ပခုက္ကူ	ပခုက္ကူ
၇၅	မောင်အဏ္ဏာဝါရာဇာ	အထက(၁)အောင်လံ	အောင်လံ	သရက်
၇۶	မောင်ထင်လင်းဝေ	အထက-မင်းလှ	မင်းလှ	သရက်
၇၇	မဝါဝါဝင်း	အထက-ပြလို့အောင်လံ	အောင်လံ	သရက်
၇၈	မခင်ကောင်းပြည့်	အထက(၁)သရက်	သရက်	သရက်
၇၉	မောင်ရဲမြတ်ဟိန်း	အထက-ထီးလင်း	ထီးလင်း	ဂန့်ဂေါ
၈၀	မအိအိမျိုး	အထက-ဂန့်ဂေါ	ဂန့်ဂေါ	ဂန့်ဂေါ
၈၁	မောင်ရှိုင်းဝဏ္ဏကျော်	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၂	မောင်ကျော်ထက်ခိုင်	CAE(ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၃	မဖူးပွင့်အောင်	စံဟိန်း(ကပက)	မဟာအောင်မြေ	မန္တလေး
၈၄	မခင်ထက်ထက်စိမ်း	ဆု(ကပက)	ချမ်းအေးသာစံ	မန္တလေး
၈၅	မောင်စွမ်းပြည့်ဘုန်းနိုင်	စိုးစံ(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈۶	မယဉ်မင်းကျော်	စာပန်းအိမ်(ကပက)	ပြင်ဦးလွင်	ပြင်ဦးလွင်
၈၇	မောင်မင်းမင်းထက်	အထက-ဒေါ်ရဲကောင်း	မြစ်သား	ကျောက်ဆည်
၈၈	မသန္တာထွန်း	အထက-ချောင်းခွ	တံတားဦး	ကျောက်ဆည်
၈၉	မောင်ရှိုင်းမော်အုံ	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၀	မသီရိမြတ်စု	အထက(၁)	မြင်းခြံ	မြင်းခြံ
၉၁	မောင်ကောင်းဆက်	အထက-ညောင်ဦး	ညောင်ဦး	ညောင်ဦး
၉၂	မအေးသီခိုင်	အထက(၂)	ကျောက်ပန်းတောင်း	ညောင်ဦး
၉၃	မောင်ဘုန်းမြတ်ဝိုမ်း	အထက(၁)	မိတ္ထီလာ	မိတ္ထီလာ
၉၄	မခိုင်ချင်းချင်းစိုး	အထက(၁)	မိတ္ထီလာ	မိတ္ထီလာ
၉၅	မောင်ဝင်းကိုအောင်	အထက(၂)ပန်းစုံ	ပျော်ဘွယ်	ရမည်းသင်း
၉۶	မအိဖြူဖြူသန့်	အထက(၁)	ပျော်ဘွယ်	ရမည်းသင်း
၉၇	မောင်ဥက္ကာကျော်	အထက(۶)မော်လမြိုင်	မော်လမြိုင်	မော်လမြိုင်
၉၈	မောင်ကောင်းဆက်စံ	အထက(၁)သံဖြူဇရပ်	သံဖြူဇရပ်	မော်လမြိုင်
၉၉	မကြယ်စင်ဖြိုးဖြိုးကျော်	ပါရမီ(ကပက)	မော်လမြိုင်	မော်လမြိုင်
၁၀၀	မချောမီမီထွန်း	အထက(၁)မုဒုံ	မုဒုံ	မော်လမြိုင်
၁၀၁	မောင်စောရှင်းခန့်	အထက(၂)သထုံ	သထုံ	သထုံ
၁၀၂	မယွန်းဖြူဖြူ	အထက(ခွဲ)ကွဲခြံ	ပေါင်	သထုံ
၁၀၃	မောင်ကျော်ဝင်းထွန်း	အထက-ပေါက်တော	ပေါက်တော	စစ်တွေ
၁၀၄	မခင်ထက်ထက်ကျော်	အထက(၂)စစ်တွေ	စစ်တွေ	စစ်တွေ
၁၀၅	မောင်ဇေယျာဝင်းတင့်	အထက-မြေပုံ	မြေပုံ	မြောက်ဦး
၁၀۶	မစိုးအေးသိန်း	အထက(၁)မြောက်ဦး	မြောက်ဦး	မြောက်ဦး
၁၀၇	မောင်ဘုန်းပြည့်ကျော်	ထ(ခွဲ)၊ လ(၁)မောင်တော	မောင်တော	မောင်တော
၁၀၈	မအေးမြတ်ဝေ	ထ(ခွဲ)၊ လ(၁)မောင်တော	မောင်တော	မောင်တော
၁၀၉	မောင်စိုးနေရ	ထ(ခွဲ)၊ လ(၂)ကျောက်ဖြူ	ကျောက်ဖြူ	ကျောက်ဖြူ
၁၁၀	မမြတ်သဇင်	အထက(၂)အမ်း	အမ်း	ကျောက်ဖြူ

စာမျက်နှာ ၁၇ သို့ » »

ပြည်တွင်းရေးရာ

« « စာမျက်နှာ ၁၆ မှ

စဉ်	အမည်	ကျောင်း	မြို့နယ်	ခရိုင်
၁၁၁	မောင်ဖြိုးဝေဦး	အထက(၁)တောင်ကုတ်	တောင်ကုတ်	သံတွဲ
၁၁၂	မမေသက်ခိုင်	အထက(၁)သံတွဲ	သံတွဲ	သံတွဲ
၁၁၃	မောင်သီဟကျော်စွာ	အထက(၃)	ဒဂုံ(မြောက်)	အရှေ့ပိုင်း
၁၁၄	မောင်ဝေဖြိုးအောင်	အထက(၁)	ရန်ကင်း	အရှေ့ပိုင်း
၁၁၅	မောင်အောင်ပြည့်ကျော်	အထက(၁)	တာမွေ	အရှေ့ပိုင်း
၁၁၆	မကျော့ရတီခင်	အထက(၂)	ရန်ကင်း	အရှေ့ပိုင်း
၁၁၇	မသူသူဇော်	အထက(၁)	တာမွေ	အရှေ့ပိုင်း
၁၁၈	မဖြိုးအိခိုင်	အထက(၁)	သာကေတ	အရှေ့ပိုင်း
၁၁၉	မောင်မြင့်မြတ်အောင်	အထက(၅)	ကမာရွတ်	အနောက်ပိုင်း
၁၂၀	မောင်ထင်လင်းအောင်	အထက(၂)	လှိုင်	အနောက်ပိုင်း
၁၂၁	မထက်ယမင်းအောင်	အထက(၂)	ဗဟန်း	အနောက်ပိုင်း
၁၂၂	မခင်ဦးကံ့ကော်	အထက(၂)	ဒဂုံ	အနောက်ပိုင်း
၁၂၃	မောင်လွင်ဘိုဦး	အထက(၁)	သန်လျင်	တောင်ပိုင်း
၁၂၄	မောင်မင်းမြတ်နိုင်	အထက(၁)	ခရမ်း	တောင်ပိုင်း
၁၂၅	မခင်နှင်းထက်ခိုင်	အထက(၂)	သန်လျင်	တောင်ပိုင်း
၁၂၆	မဆုအိထာ	အထက-နတ်စင်ကုန်း	ကော့မှူး	တောင်ပိုင်း
၁၂၇	မောင်ဝေယံသန်းထိုက်	ကောင်းစုံစံ(ကပက)	ရွှေပြည်သာ	မြောက်ပိုင်း
၁၂၈	မောင်အောင်မြင့်မြတ်	အထက(၂)	လှိုင်သာယာ	မြောက်ပိုင်း
၁၂၉	မနှင်းစက်လှိုင်	အထက(၂)	မင်္ဂလာဒုံ	မြောက်ပိုင်း
၁၃၀	မအေးချမ်းဖြိုး	ကောင်းစုံစံ(ကပက)	ရွှေပြည်သာ	မြောက်ပိုင်း
၁၃၁	မောင်အောင်ခိုင်ဖြိုး	အထက(၃)ညောင်ရွှေ	ညောင်ရွှေ	တောင်ကြီး
၁၃၂	မောင်ကောင်းမြတ်နိုင်	အထက-ဗထူး	ရပ်စောက်	တောင်ကြီး
၁၃၃	နန်းဆုစန္ဒီမျိုးအောင်	အထက(၁)တောင်ကြီး	တောင်ကြီး	တောင်ကြီး
၁၃၄	မအိအိဖြိုး	အထက-ပင်းတယ	ပင်းတယ	တောင်ကြီး
၁၃၅	မအိသဇွဲဦး	ထ(ခွဲ)(၂)လွိုင်လင်	လွိုင်လင်	လွိုင်လင်
၁၃၆	မောင်စိုင်းပန်နော်ဆိုင်	ထ(ခွဲ)(၂)လွိုင်လင်	လွိုင်လင်	လွိုင်လင်
၁၃၇	မောင်အောင်ဇင်	အထက-မိုင်းရှား	မိုင်းရှား	လွိုင်လင်
၁၃၈	မအားဝူမေ	အထက-မြို့မ	နမ့်စန်	လွိုင်လင်
၁၃၉	မောင်ဇော်ထက်လှိုင်	အထက-လင်းခေး	လင်းခေး	လင်းခေး
၁၄၀	နန်းဟန်လင်း	အထက-လင်းခေး	လင်းခေး	လင်းခေး
၁၄၁	မောင်စောထူးစေး	အထက(၁)လားရှိုး	လားရှိုး	လားရှိုး
၁၄၂	မောင်မင်းသက်ခိုင်	အထက(၂)သိန်းနီ	သိန်းနီ	လားရှိုး
၁၄၃	မနော်ဇွန်ပွင့်ဦး	ထ(ခွဲ)လ(၅)လားရှိုး	လားရှိုး	လားရှိုး
၁၄၄	မနှင်းသဇင်မြိုင်	အထက-ဟိုပန်	ဟိုပန်	လားရှိုး
၁၄၅	စိုင်းဇင်မင်းထိုက်	အထက(၁)ကျောက်မဲ	ကျောက်မဲ	ကျောက်မဲ
၁၄၆	မောင်လွင်ကိုအောင်	အထက-ကံကြီး	နောင်ချို	ကျောက်မဲ
၁၄၇	မဝင်းပပအောင်	အထက(၂)ကျောက်မဲ	ကျောက်မဲ	ကျောက်မဲ
၁၄၈	မကျော့ယမင်းခိုင်	အထက(၁)နမ့်ဆန်	နမ့်ဆန်	ကျောက်မဲ
၁၄၉	စိုင်းစံထွန်း	အထက(၁)မူဆယ်	မူဆယ်	မူဆယ်
၁၅၀	မခေါ်စိုင်း	အထက(၁)မူဆယ်	မူဆယ်	မူဆယ်
၁၅၁	မောင်သူရမိုးမြင့်	အထက-တာချီလိတ်	တာချီလိတ်	မိုင်းဖြတ်
၁၅၂	မနန်းခမ်းလိတ်	အထက-မိုင်းကိုး	တာချီလိတ်	မိုင်းဖြတ်
၁၅၃	မောင်ပြည့်ဖြိုးကျော်	အထက-မိုင်းပျဉ်း	မိုင်းပျဉ်း	မိုင်းဖြတ်
၁၅၄	မစုစုဆွေဇင်	အထက-မိုင်းတုံ	မိုင်းတုံ	မိုင်းဖြတ်
၁၅၅	မောင်စောကျီ	အထက(၃)ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၅၆	မနန်းရည်မွန်အောင်	အထက(၃)ကျိုင်းတုံ	ကျိုင်းတုံ	ကျိုင်းတုံ
၁၅၇	မောင်ကောင်းထက်နိုင်	အထက(၆)	ပုသိမ်	ပုသိမ်
၁၅၈	မောင်ရှိုင်းရဲကျော်	အထက-ငပုတော	ငပုတော	ပုသိမ်
၁၅၉	မခင်သူသူလွင်	အထက-ငါးသိုင်းချောင်း	ရေကြည်	ပုသိမ်
၁၆၀	မစုဇွန်ဇော်	အထက(၆)	ပုသိမ်	ပုသိမ်
၁၆၁	မောင်ကောင်းထက်စံ	အထက(၃)	ဟသ်တ	ဟသ်တ
၁၆၂	မောင်နေအောင်ရဲရင့်	အထက-ကြံခင်း	ကြံခင်း	ဟသ်တ
၁၆၃	မဇင်မေသိမ့်	အထက-မြန်အောင်	မြန်အောင်	ဟသ်တ
၁၆၄	မထက်အိန္ဒြာလင်း	အထက-ကြံခင်း	ကြံခင်း	ဟသ်တ
၁၆၅	မောင်ပိုင်ခန့်ကျော်	မဟာ(ကပက)	မြောင်းမြ	မြောင်းမြ
၁၆၆	မအေးနန္ဒာကို	အထက(၁)	မြောင်းမြ	မြောင်းမြ
၁၆၇	မောင်လင်းထက်အောင်	အထက(၂)	လပွတ္တာ	လပွတ္တာ
၁၆၈	မသည်းအိမ်စည်	အထက(၁)	လပွတ္တာ	လပွတ္တာ
၁၆၉	မောင်ဟန်လင်းအောင်	အထက(၁)	မအူပင်	မအူပင်
၁၇၀	မဖြူဖြူခိုင်	အထက-ခနုဖြူ	ခနုဖြူ	မအူပင်
၁၇၁	မောင်အောင်ကျော်ခန့်	အထက(၁)	ဖျာပုံ	ဖျာပုံ
၁၇၂	မသက်စုစုအေး	အထက(၁)	ဖျာပုံ	ဖျာပုံ
၁၇၃	မောင်အာကာကျော်ကိုကို	အထက(၁)	ပျဉ်းမနား	ဒဂ္ဂီဏာ
၁၇၄	မမေမိမျိုး	အထက(၁၁)	ဇမ္ဗူသီရိ	ဒဂ္ဂီဏာ
၁၇၅	မောင်အောင်ကျော်ကျော်	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရ
၁၇၆	မအိဇင်မျိုး	CAE(ကပက)	ဥတ္တရသီရိ	ဥတ္တရ

ဆက်လက်ဖော်ပြပါမည်။

EL Dorado Travel (အယ်ဒိုရာဒိုအဆင့်မြင့်ခရီးသွား)
မတ်လကျောင်းပိတ်ရက်နှင့်မြန်မာနှစ်သစ်ကူးအတွက်သင်္ကြန်ခရီးစဉ်များ
မန္တလေး(ကျောက်စိမ်း)-မြင်ဦးလွင်(ဒီဇုတ်/ဂုတ်ထိပ်) Mar-25 (3N/4D) 119000/-
ပုဂံ(စွယ်တော်လေးဆူ)-ညောင်ဦး-ပဉ္စင်း Mar-25 (3N/4D) 119000/-
တောင်ကြီး-အင်းလေ-ကလော Mar-25 (4N/5D) 160000/-
ထားဝယ်-မောင်းမကန်-လောင်းလုံဘုတ်ကွန်း Mar-25 (4N/5D) 179000/-
ရှင်းပြည်-ဘုံတလာရေတံခွန်-နတ်မတောင်-မတွေ-မင်းတပ် April- 9 to 15 (6N/7D) 320000/-
ထားဝယ်(ရှင်ကိုရှင်)-မောင်းမကန်-လောင်းလုံဘုတ်ကွန်း April-11 /16 (5N/6D) 280000/-
ပုဂံ(စွယ်တော်လေးဆူ)-ညောင်ဦး-ပဉ္စင်း-ပခုက္ကူ April-10 /14 (4N/5D) 190000/-
မန္တလေး-စစ်ကိုင်း-မြင်ဦးလွင်(ဒီဇုတ်/ရွှေကြာခိုင်) April-10 /14 (4N/5D) 190000/-
တောင်ကြီး-အင်းလေ-ကလော-ပင်းတယ-ထပ်ဆင်း-ကတ္တူ April-10 /14 (4N/5D) 190000/-
ဘားအံ-ထွန်ဂူ-ကံ့ကွယ်တော်ရေတံခွန်-ရေလူစမ်း နေ့ချင်းပြန်ခရီးဆင်း (အယ်ဒင်သောကြာ / စနေ)
Ph: 09 972447645,09 799652510,09 259256647,01 500424

ချောင်းသာ
OASIS
ကား+စား+တည်း(ငြိမ်း)
'အိမ်အရောက်လက်မှတ်ပြတ်ပေးသည်'
Ph:09 5038616, 09 254197844, 09 73242469

ငွေဆောင်သင်္ကြန်
စရိတ်ငြိမ်း
120000/
Ph: 09-4210 78600
09-252641923
No-၁၁/၁၃၃ ဗွားဂ,ဝ,ရ,ဝ,ရ,ဝ,ရ

မတ္တရာမြို့တွင် တံမြက်စည်းလုပ်ငန်းကြောင့် ဒေသခံအလုပ်သမား ၁၈၀ ခန့် နေ့စဉ်ဝင်ငွေရရှိ

မတ္တရာ မတ် ၁၄

သန့်ရှင်းရေးဆောင်ရွက်ရာတွင် မရှိမဖြစ်လိုအပ်သော တံမြက်စည်းများကို မန္တလေးတိုင်းဒေသကြီး မတ္တရာမြို့ အမှတ်(၅) ရပ်ကွက် တံမြက်စည်းစုရပ်မှ နှင်းဦးတံမြက်စည်းလုပ်ငန်းမှာ စီးပွားဖြစ်လုပ်ကိုင်လျက်ရှိပြီး နေ့စဉ်လုပ်သားအင်အား ၁၈၀ ဖြင့် လုပ်ငန်းလည်ပတ်လျက်ရှိသောကြောင့် ရပ်ကွက်အတွင်းရှိအလုပ်သမားများ နေ့စဉ်ဝင်ငွေကောင်းလျက်ရှိသည်။

တံမြက်စည်းလုပ်ငန်းတွင် လိုအပ်သောကုန်ကြမ်းများဖြစ်သည့် အုန်းလက်ဆံများကို နေပြည်တော်၊ လယ်ဝေးနှင့် ဘိုကလေးမြို့တို့မှ အုန်းလက်ဆံ ၁၀၀၀ ပါ တစ်စီးလျှင် ငွေကျပ် ၁၂၀၀ ဖြင့် ဝယ်ယူရပြီး မုံရွာနယ်ထွက် အုန်းလက်ဆံများကို ၁ ပိသာလျှင် ငွေကျပ် ၁၅၀၀ ဖြင့် ဝယ်ယူရကြောင်း၊ တံမြက်စည်းအရိုးအတွက် လိုအပ်သောဝါးများကို မတ္တရာမြို့နယ် ဆည်တော်ကြီးနှင့် စဉ်ကူးမြို့နယ် မလဲနတ်တောင်မှ အရှည် ၃ တောင်ရှိ အချောင်း ၅၀ ပါတစ်စည်းလျှင် ငွေကျပ် ၂၅၀၀ ဖြင့် ဝယ်ယူရကြောင်း၊ အသုံးပြုသောကြိုးများကို ယခင်က တာချီလိတ်မှဝယ်ယူရပြီး ယခုအခါ ပုသိမ်ကြီးစက်ရုံမှ စျေးသက်သာစွာဖြင့် ဝယ်ယူနိုင်ပြီဖြစ်ကြောင်း သိရသည်။ အရိုးတွင်တပ်ရသော ဂျပ်ဝိုင်းခေါ် အသားပြား အိုင်းလေးများကို ယခင်က ကသစ်သားဖြင့်ပြုလုပ်ပြီး ယခုအခါ ကသစ်သားမှာ ရှားပါးလာသောကြောင့် လဲဝါနှင့် လက်ပံသားများကိုသာ မြို့နယ်အတွင်းမှ ရရှိအသုံးပြုနိုင်ကြောင်း သိရသည်။

"တံမြက်စည်းပြုလုပ်ရာတွင် အဆင့်သုံးဆင့်ရှိပြီး ဝါးဂျပ်တပ်နှင့် ပတ်လုံး၊ သက်ကယ်ပစ်နှင့် တံမြက်စည်းကြိုးထိုး စသည့်လုပ်ငန်းအဆင့်ဆင့်တွင် ဝါးဂျပ်တပ်၊ ပတ်လုံးပြုလုပ်သူသည် တစ်ရက်လျှင်ဝင်ငွေကျပ် စ၀၀၀ရရှိကြောင်း၊ သက်ကယ်ပစ်ရာတွင် လူကြီးတစ်ဦးလျှင် ငွေကျပ် ၄၀၀၀ ရရှိပြီး စနေ၊ တနင်္ဂနွေနှင့် နွေရာသီကျောင်းပိတ်ရက်များတွင် ဝင်ရောက်လုပ်ကိုင်သည့် ကျောင်းသား၊ ကျောင်းသူလေးများမှာ ငွေကျပ် ၃၀၀၀ အထိရရှိကြောင်း၊ တံမြက်စည်းကြိုးထိုးသည့်အဆင့်တွင်လည်း တစ်ရက်လျှင် ငွေကျပ် ၄၀၀၀ ရရှိကြောင်း" တံမြက်စည်းလုပ်ငန်းပိုင်ရှင် ဒေါ်စောဦးကပြောသည်။

တံမြက်စည်းအလုပ်ရုံတွင် လုပ်ကိုင်သူ ၃၀ ရှိပြီး အများစုမှာ မိမိတို့နေအိမ်များ၌သာ ပြုလုပ်ကြပြီး ညနေပိုင်းမှသာ အလုပ်ရုံသို့လာရောက်သွင်းသကဲ့သို့ သွားရောက်သယ်ယူရသည့်အိမ်များလည်းရှိကြောင်း၊ နေ့စဉ် တံမြက်စည်းအချောင်း ၆၀၀ရရှိကြောင်း သိရသည်။

"တံမြက်စည်းရက်တဲ့သူတွေကို ကြိုသုံးအနေနဲ့ တစ်ဦးကို နှစ်သိန်းစီ ထုတ်ပေးရပါတယ်။ ကျွန်မတို့ကုန်ကြမ်းတွေ အကုန်ပေးထားတာပါ။ ကုန်ကြမ်းပေး ကုန်ချောယူ ဖြစ်ပါတယ်။ နေ့စဉ်လာရောက်သွင်းတဲ့အထဲကမှ ယူထားတဲ့ငွေအတွက် ခွဲပြီးပြန်သွင်းကြပါတယ်။ ကျေသွားရင် ပြန်ထုတ်ပေးရပါတယ်။ တံမြက်စည်းတစ်ထပ်ထိုးက အုန်းလက်ဆံ ၃၀၀ လောက်သုံးရပါတယ်။ လက်ခကတော့ ကျပ် ၂၀၀ ပေးရပါတယ်။ ဖောက်သည်သွင်းစျေးရော တစ်ချောင်းချင်းရောင်းစျေးရော ၁၀၀၀ ပါ။ နှစ်ထပ်ထိုးက အုန်းလက်ဆံ ၆၀၀ လောက်သုံးရပြီး လက်ခ ကျပ် ၃၀၀ ပေးရပါတယ်။ စျေးကတော့ ၂၀၀၀ ပါ။ တင်ပို့တာကတော့ မူဆယ်ဘက်ကို အဓိကတင်ပို့ပါတယ်။ မူဆယ်ဘက်ကမှ ရွှေလီဘက်ထိ ရောက်ပါတယ်။ လားရှိး၊ လောက်ကိုင်၊ တန့်ယန်း၊ မြစ်ကြီးနားနဲ့ မိုးကုတ်မြို့တွေအထိ ပို့ရပါတယ်။ မန္တလေးစျေးချိုက ပွဲရုံတွေကိုလည်း ပို့ရပါတယ်။ မူဆယ်ဘက်ကဖောက်သည်တွေဆို အရင်က စျေးချိုကနေဝယ်ကြတာပါ။ ကျွန်မတို့ပို့တဲ့တံမြက်စည်းတွေကို မြင်ပြီး စုံစမ်းပြီး ဒီမှာလာဝယ်ကြတာပါ။ သူတို့က ငွေအရင်ကြိုလွှဲထားတာပါ။ ဒီဘက်ကနေ ပို့ပေးနေရုံပါပဲ။ တချို့ဖောက်သည်တွေဆို မြင်တောင် မမြင်ဖူးပါဘူး။ ဖုန်းနဲ့ပဲ အဆက်အသွယ်လုပ်ပြီး ငွေလွှဲတဲ့အတိုင်းပို့ပေးပါတယ်။ အလုပ်မနိုင်လို့ တံမြက်စည်းဖောက်သည်လိုချင်တဲ့သူတွေကို မပို့နိုင်တာတွေလည်းရှိပါတယ်" ဟု ယင်းလုပ်ငန်းပိုင်ရှင်က ပြောသည်။

ရာသီဥတုပူပြင်းသောလများတွင် ဝါးဝင်ရောက်မှုနည်းပါးသောကြောင့် နတ်တော်၊ ပြာသို၊ တပို့တွဲနှင့် တပေါင်းလတို့တွင် ကုန်ကြမ်းဖြစ်သည့် ဝါးများကို စုဆောင်းရပြီး မိုးရာသီဖြစ်သည့် ဝါဆို၊ ဝါခေါင်လများတွင် တံမြက်စည်းများမှ မိုးရေစိုရွှဲမရသောကြောင့် တင်ပို့ရာတွင် ခက်ခဲမှုများရှိလာပြီး တင်ပို့နိုင်မှုနည်းပါးသွားကြောင်း၊ တင်ပို့မှုနည်းပါးသွားသော်လည်း အလုပ်သမားများမှာ လက်လုပ်လက်စားများဖြစ်သောကြောင့် လုပ်ငန်းလည်ပတ်မှု ရပ်ဆိုင်းခြင်းမရှိဘဲ အလုပ်ပေးထားရပြီး ငွေကြေးရင်းနှီးမှုများပြုလုပ်ထားရကြောင်း၊ သီတင်းကျွတ်၊ တန်ဆောင်မုန်းလတွင် သိုလှောင်ထားသော တံမြက်စည်းများကို စတင် တင်ပို့ရောင်းချနိုင်ပြီဖြစ်ကြောင်းကို ယင်းက ဆက်လက်ပြောသည်။

နှင်းဦးတံမြက်စည်းလုပ်ငန်းသည် ၁၉၉၅ ခုနှစ်မှ စတင်၍ အလုပ်သမားအနည်းငယ်ဖြင့်သာ စတင်လုပ်ကိုင်ခဲ့ပြီး ယခုအခါ လုပ်ငန်းဖွံ့ဖြိုးတိုးတက်လာသည့်အတွက် လုပ်ငန်းအလုပ်ရုံတွင် အလုပ်သမား ၃၀ နှင့် မိမိတို့အိမ်များတွင်သာ လုပ်ကိုင်ကြသည့် အလုပ်သမား ၁၅၀ ထိ အင်အားတိုးချဲ့၍ လုပ်ငန်းလည်ပတ်နေရသည့်အတွက် အလုပ်သမားများမှာ နေ့စဉ်ဝင်ငွေရရှိနေကြောင်း သိရသည်။

စိုးကျော်သူထွေး(မတ္တရာ)

ကျေးလက်ဒေသအချို့၌ စီးပွားရေးတွက်ခြေကိုက်သည့်အညွှန့်စားဂေါ်ရခါးပင်များ စိုက်ပျိုးရောင်းချနေရသဖြင့် အဆင်ပြေလျက်ရှိ

ကောလင်း မတ် ၁၄

ကောလင်းမြို့နယ်အတွင်းရှိ ကျေးရွာအချို့တွင် ကောလင်းစျေးကွက်ကိုအမှီပြု၍ စီးပွားရေးတွက်ခြေကိုက်သည့် အညွှန့်စားဂေါ်ရခါးပင်များ စိုက်ပျိုးရောင်းချနေရသဖြင့် အဆင်ပြေလျက်ရှိကြောင်း သိရသည်။

"ဂေါ်ရခါးအသီးကို စိုက်ပျိုးရာတွင် တစ်နှစ်အတွင်း၌ ဇွန်လမှ အောက်တိုဘာလအထိ ဆွတ်ခူးရောင်းချရပါတယ်။ အခုက ဂေါ်ရခါးအညွှန့်ကို စားသုံးသူများလာတော့ ဂေါ်ရခါးအညွှန့်ကိုစိုက်ပျိုးကြသူတွေက ဂေါ်ရခါးသီးအပင်ကို နိုဝင်ဘာလမှာ စစိုက်ပျိုးပြီး ဖေဖော်ဂါရီလထဲမှာ အညွှန့်ကိုဖြတ်တောက်၍ စျေးကွက်မှာရောင်းချကြပါတယ်" ဟု မြောင်းကြီးကျေးရွာမှ ဂေါ်ရခါးအညွှန့်စိုက်ပျိုးရောင်းချသူတစ်ဦးက ပြောသည်။

ဂေါ်ရခါးအသီးစိုက်ပျိုးတယ်ဆိုရင် တိုင်ထောင်စင်ထိုးရတာတွေလုပ်ရပါတယ်။ ဂေါ်ရခါးအညွှန့်စိုက်ပျိုးရင် တိုင်ထောင်၊ စင်ထိုးစရာမလိုဘူး။ ဂေါ်ရခါးအသီးက အခြားမြို့တွေကဝင်လာတဲ့ အသီးတွေလည်းရှိတော့ အရောင်းအားပါတယ်။ဒါကြောင့် စားသုံးသူများတဲ့ဂေါ်ရခါးအညွှန့်ကိုပဲ စိုက်ပျိုးသူတွေများလာပါတယ်" ဟု ဂေါ်ရခါးအညွှန့် စိုက်ပျိုးရောင်းချသူတစ်ဦးကပြောသည်။

ယခုအခါ ဂေါ်ရခါးအညွှန့်စိုက်ပျိုးကြသူများသည် ဂေါ်ရခါးအသီးအရင့်ကို တစ်လုံးလျှင် ငွေကျပ်တစ်ရာကျပ်ဖြင့် ဝယ်ယူစိုက်ပျိုးလျက်ရှိရာ ဂေါ်ရခါးအညွှန့်များကို များများဖြတ်

တောက်ပါက အညွှန့်ပွားများ များစွာထွက်ရှိပြီး ဂေါ်ရခါးအညွှန့်အား တစ်နှစ်ပတ်လုံးရောင်းချနေရကြောင်း သိရသည်။

စိုင်းလူမင်း(မီဒီယာဂရု)

ကြေးလွန်တုပ်ကွေးနှင့် ဝမ်းပျက်ဝမ်းလျှောအသိပညာပေး

ပေါင် မတ် ၁၄

မွန်ပြည်နယ် ပေါင်မြို့နယ် ကျန်းမာရေးဦးစီးဌာနနှင့် မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း မြို့နယ်အမျိုးသမီးရေးရာအဖွဲ့တို့ ပူးပေါင်းကျင်းပသည့် Zeka Virus ရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၂ ရက် နံနက် ၇ နာရီက ပေါင်မြို့ ကဒါရပ်ကွက် မြို့ဦးဘုန်းတော်ကြီးကျောင်းတိုက် ခမ္မာရုံ၌ ပြုလုပ်ခဲ့ကြောင်း သိရသည်။

ဟောပြောပွဲတွင် ပေါင်မြို့နယ် ကျန်းမာရေးဌာနဦးစီးမှူး ဒေါက်တာခင်စုစုဟန်က ကမ္ဘာပေါ်တွင် ခြင်ကိုက်ခြင်းကြောင့် ဖြစ်ပွားလျက်ရှိသော Zeka Virus နှင့် သွေးလွန်တုပ်ကွေးရောဂါ ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ နွေရာသီရေရှားပါးချိန်တွင် ရေမသန့်ရှင်းမှုကြောင့် ဖြစ်ပွားတတ်သော ဝမ်းပျက်ဝမ်းလျှောရောဂါ ကြိုတင်ကာကွယ်ရေးလုပ်ငန်းများကိုလည်းကောင်း အသိပညာပေးဟောပြောခဲ့သည်။

ပေါင်မြို့နယ် မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်စိုးစိုးစံက မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဗဟိုမှ ချမှတ်ထားသော ဆောင်ပုဒ်ပါ 'ဒီနှစ်အတွက် ၇ ချက်' မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်း၏ လုပ်ငန်းစဉ်များကို ရှင်းလင်းတင်ပြပြီး အသိပညာပေးဟောပြောပွဲသို့ တတ်ရောက်လာကြသော ရပ်ကွက်နေပြည်သူလူထုအား မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များနှင့် အမျိုးသမီးရေးရာအဖွဲ့ဝင်များက ကျန်းမာရေးအသိပညာပေး လက်ကမ်းစာစောင်များ ဝေငှပေးခဲ့ကြသည်။

ယင်းအပြင် ခြင်ကြောင့်ဖြစ်ပွားတတ်သော ရောဂါများကျရောက်မှုမရှိစေရန် ရပ်ကွက်အတွင်း ခြင်ဆေးမှုတ်ခြင်း၊ ရေစည်၊ ရေတွင်း၊ ရေကန်များတွင် အဘိတ်ဆေးခတ်ခြင်းများကို လူမှုရေးအသင်းဝင်များ၊ ကျန်းမာရေးဝန်ထမ်းများ၊ ကင်းထောက်လူငယ်အဖွဲ့ဝင်များ စုပေါင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ပေါင်မြို့နယ်(ပြန်/ဆက်)

တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် တိုင်းရင်းဆေးပညာဟောပြောဆွေးနွေးပွဲ ကျင်းပ

မန္တလေး မတ် ၁၄

မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း(မန္တလေးတိုင်းဒေသကြီး)နှင့် တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး)တို့ပူးပေါင်းစီစဉ်ကျင်းပသော တိုင်းရင်းဆေးပညာ စဉ်ဆက်မပြတ်ပညာပေးရေးအစီအစဉ် တိုင်းရင်းဆေးပညာဟောပြောဆွေးနွေးပွဲကို မတ် ၁၂ ရက် နံနက် ၉ နာရီက ကျန်းမာရေးဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန တိုင်းရင်းဆေးတက္ကသိုလ်(မန္တလေး) ဘွဲ့နှင်းသဘင်ခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။

အခမ်းအနားသို့ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းမြင့်၊ မြန်မာနိုင်ငံတိုင်းရင်းဆေးဆရာအသင်း (မန္တလေးတိုင်းဒေသကြီး) ဥက္ကဋ္ဌ ဦးမျိုးမြင့်၊ မန္တလေးခရိုင် တိုင်းရင်းဆေးဆရာအသင်းဥက္ကဋ္ဌ ဦးသင်း၊ ခရိုင်နှင့်မြို့နယ် တိုင်းရင်းဆေးမှူးများ၊ တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဘွဲ့လွန်ကျောင်းသား၊ ကျောင်းသူများ၊ တိုင်းရင်းဆေးဆရာများ၊ စိတ်ဝင်စားသူများ တက်ရောက်ခဲ့ကြသည်။

အခမ်းအနားတွင် တိုင်းရင်းဆေးတက္ကသိုလ် (မန္တလေး) ဒုတိယပါမောက္ခချုပ်(စီမံ) ဦးဝထွန်းနှင့် ဆေးတက္ကသိုလ် (မန္တလေး) အရိုးရောဂါပညာဌာန ဂုဏ်ထူးဆောင်ပါမောက္ခ ဒေါက်တာဦးမိတ်တို့က သဘာဝတိအဖြစ်ဆောင်ရွက်ပြီး အဖွင့်အမှာစကားပြောကြားကာ တိုင်းရင်းဆေးပညာဟောပြောပွဲ ပံ့ပိုးကူညီသူ ဦးမောင်မောင်ဦး+ဒေါ်ရှုခင်(ဂရိတ်ဝေါ တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး)အား ဒုတိယပါမောက္ခချုပ်(စီမံ) ဦးထွန်းမြင့်က ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့သည်။

ယင်းနောက် တိုင်းရင်းဆေးပညာဟောပြောပွဲ ဆက်လက်ကျင်းပရာ မြန်မာနိုင်ငံတိုင်းရင်းဆေးကောင်စီဝင် ဦးသန်းထွန်းက Cardioprotective Research in Ayuveda ခေါင်းစဉ်ဖြင့် လည်းကောင်း၊ တိုင်းရင်းဆေးတက္ကသိုလ် သုတေသနအရာရှိ ဒေါ်ကြည်ကြည်ဦးက Analgesic activities of some medicinal Plants ခေါင်းစဉ်ဖြင့် ဟောပြောပြီး တက်ရောက်လာသူများ၏မေးမြန်းချက်များကို ပြန်လည်ဖြေကြားခဲ့ကြသည်။

သီဟကိုကို(မန္တလေး)

စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေး ဆွေးနွေး

မင်းဘူး မတ် ၁၄

ကျေးလက်နေပြည်သူများ စာဖတ်ခြင်းအလေ့အထကောင်းများရရှိပြီး အသိပညာဗဟုသုတများ တိုးပွားရရှိစေရေးနှင့် ကျေးရွာစာကြည့်တိုက်များရေရှည်တည်တံ့ခိုင်မြဲစေရန် ရည်ရွယ်၍ စာကြည့်တိုက်များ ဝန်ဆောင်မှုမြှင့်တင်ရေးအလုပ်ရုံဆွေးနွေးပွဲကို မတ် ၁၃ ရက် နံနက် ၉ နာရီက မင်းဘူးခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရုံးခန်းမတွင် ပြုလုပ်ခဲ့သည်။

အခမ်းအနားတွင် မကွေးတိုင်းဒေသကြီး ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သိဂီက အဖွင့်အမှာစကားပြောကြားပြီး မင်းဘူးမြို့နယ် စာပေနှင့်စာနယ်ဇင်းအဖွဲ့ဝင် ဦးသန်းထွန်းက နူတ်ခွန်းဆက်အမှာစကား ပြောကြားခဲ့သည်။ အဆိုပါ အလုပ်ရုံဆွေးနွေးပွဲတွင်ကျေးရွာစာကြည့်တိုက်များ၏ လက်တွေ့ဆောင်ရွက်နေမှုအတွေ့အကြုံများကို နှိုးနှောဖလှယ်၍ ဆွေးနွေးခဲ့ကြသည်။

တင်ထွန်းဦး(မင်းဘူး)

ပုပ္ပားအရှေ့ခြမ်းကျေးရွာများ သောက်သုံးရေအတွက် စိမ့်စမ်းရေသွယ်ယူရေး ဆောင်ရွက်

ကျောက်ပန်းတောင်း၊ မတ် ၁၄

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံတော်သမ္မတနှင့် မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ်တို့ ပုပ္ပားသို့ရောက်ရှိစဉ် ဒေသခံပြည်သူများ၏ တင်ပြချက်အရ ဒေသတွင်းလိုအပ်လျက်ရှိသည့် သောက်သုံးရေသွယ်ယူရေးလုပ်ငန်းများနှင့် မီးဘေးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို သမ္မတ၏ သီးသန့်ရန်ပုံငွေဖြင့် ဆောင်ရွက်ရန်လမ်းညွှန်မူပေးခဲ့ရာ ယခုအခါ အဆိုပါလုပ်ငန်းများကို မတ် ၈ ရက်မှ စတင်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါလုပ်ငန်းများတွင် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအဖြစ် နတ်ကန်လည်ကျေးရွာအုပ်စု လျှော်တောကျေးရွာတွင် နှစ်လက်မပိုက်ဖြင့် ပေ ၂၄၀၀ ကို စိမ့်စမ်းရေသွယ်ယူခြင်း၊ (၆ပေ×၈ ပေ×၆ ပေ) ရေစက်ရုံနှင့် ဂါလန်ငါးထောင်ဆံ့ အုတ်ရေကန်၊ 22HP 10KW အင်ဂျင် ဒိုင်နမိုဝယ်ယူတပ်ဆင်ခြင်းနှင့် ဂါလန် ၂၀၀၀ ဆံ့ ရေပေးဝေရေးကန်များပါဝင်ပြီး ခွင့်ပြုငွေကျပ် ၁၀ ဒသမ ၅၂ သန်းဖြစ်ကြောင်း သိရသည်။

ထို့အတူ ဆည်ကျေးရွာတွင်လည်း နှစ်လက်မပိုက်ဖြင့် ပေ ၂၄၀၀ စိမ့်စမ်းရေသွယ်ယူခြင်း (၆×၈×၆) ပေ ရေစက်ရုံ၊ ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်နှစ်ခု၊ 22HP 10KW အင်ဂျင်၊ ဒိုင်နမိုနှင့် 3HP ရေတင်ပန့်တပ်ဆင်ခြင်း၊ (၂၅×၃×၅) ပေ ရေတားတမံတည်ဆောက်ခြင်းလုပ်ငန်းများကို ခွင့်ပြုငွေကျပ် ၁၄ ဒသမ ၀၀ သန်းဖြင့်လည်းကောင်း ဆောင်ရွက်လျက်ရှိရာ လျှော်တောကျေးရွာတွင် လုပ်ငန်းအားလုံး၏ ၁၅ ရာခိုင်နှုန်း ပြီးစီးနေပြီး ဆည်ကျေးရွာတွင် ၁၀ ရာခိုင်နှုန်းပြီးစီးနေပြီဖြစ်သည်။

မီးဘေးကြိုတင်တားဆီးကာကွယ်ရေးလုပ်ငန်းများအဖြစ်၊ ကျောက်ပန်းတောင်းမြို့ သာယာအေးရပ်ကွက်တွင် (၂၀×၁၅×၆) ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ မီးသတ်အုတ်ရေကန်၊ ပေ ၈၀၀ ရေပိုက်လိုင်း တပ်ဆင်ခြင်းလုပ်ငန်းနှင့် လေးလက်မ မီးသတ်ရေတိုင်တပ်ဆင်ခြင်းလုပ်ငန်း၊ လွတ်လပ်ရေးရပ်ကွက်တွင် (၂၀×၁၅×၆) ပေရှိ ဂါလန် ၁၀၀၀၀ ဆံ့ မီးသတ်ရေကန်တည်ဆောက်ခြင်းလုပ်ငန်းနှင့် သီရိမင်္ဂလာရပ်ကွက်တွင် လေးလက်မပိုက် မီးသတ်ရေတိုင်တပ်ဆင်ခြင်းလုပ်ငန်းများ ပါဝင်သည်။

အဆိုပါလုပ်ငန်းများအားလုံးတွင် ကျေးလက်ဒေသသောက်သုံးရေရရှိရေးအတွက် ငွေကျပ် ၂၄ ဒသမ ၅၂ သန်း ခွင့်ပြုခဲ့ခြင်းဖြစ်ပြီး၊ မီးဘေးတားဆီးကာကွယ်ရေးအတွက် ငွေကျပ် ၁၂ ဒသမ ၄၉၅ သန်း ခွင့်ပြုခဲ့ခြင်းဖြစ်ရာ ခွင့်ပြုရန်ပုံငွေစုစုပေါင်းမှာ ကျပ်သန်း ၃၇ ဒသမ ၀၁၅ သန်းဖြစ်ကြောင်းသိရသည်။ အဆိုပါလုပ်ငန်းများအားလုံးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ အနီးကပ်ကြီးကြပ်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ မြို့နယ်ဦးစီးမှူးရုံးမှ တာဝန်ယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ကိုနေ(ကျောက်ပန်းတောင်း)

နွေရာသီကာလသောက်ရေအိုးများ လူသုံးများပြီး ရောင်းမလောက်အောင် အရောင်းအဝယ်ဖြစ်နေ

မလှိုင် မတ် ၁၄

ပူပြင်းသောနွေရာသီကာလတွင် အညာဒေသထွက် သောက်ရေအိုး (မြေအိုး) များ အသုံးပြုသူများ လာသဖြင့် မြေအိုးရောင်းသူများ အရောင်းအဝယ်ကောင်းပြီး ရောင်းမလောက်ဖြစ်နေကြောင်း သိရသည်။

မြန်မာလူမျိုးများသည် သောက်ရေအိုးစင်ကို မရှိမဖြစ်ပစ္စည်းတစ်ခုအနေဖြင့် အိမ်တိုင်းတွင် ထားလေ့ရှိသည်။ ငွေကြေးတတ်နိုင်သူအများစုက ရိုးရိုးရေအိုးစင်(မြေအိုး)အပြင် ရေအေးစက်၊ ရေခဲသေတ္တာ စသည့်ခေတ်မီလူ့အသုံးဆောင်ပစ္စည်းများကိုပါ ပူးတွဲသုံးစွဲလေ့ရှိကြသည်။ သို့သော်လည်း အညာကျေးလက်ဒေသတွင် နွေရာသီကာလများ၌ သဘာဝအအေးဓာတ်ကို ပေးစွမ်းနိုင်ပြီး ကျန်းမာရေးနှင့်ညီညွတ်သော မြေသောက်ရေအိုးများကိုသာ ရွေးချယ်အသုံးပြုလေ့ရှိရာ ပူပြင်းသော နွေရာသီကာလများတွင် မြေသောက်ရေအိုးသုံးစွဲသူများပြားလာသဖြင့် မြေအိုးရောင်းသူများ အရောင်းအဝယ်ကောင်းပြီး ရောင်းမလောက်ဖြစ်နေကြခြင်းဖြစ်သည်။

"သောက်ရေအိုးအပြင်၊ ပန်းအိုး၊ ရေတကောင်း၊ မီးဖိုတို့ကိုလည်း လုပ်ပါတယ်။ ခုလိုနွေရာသီမှာတော့ သောက်ရေအိုးကိုပဲ ဦးစားပေးလုပ်ပါတယ်။ ကျွန်တော်တို့ရွာမှ တစ်နေ့ကို အိုးကား လေးငါးစီး ထွက်ပါတယ်။ ဝယ်လက်များလို့ နိုင်အောင်မလုပ်ပေးနိုင်ပါဘူး။ ဒီကားပေါ်က သောက်ရေအိုးတွေက တောင်သာမြို့ကိုသွားပို့ရမှာပါ။ အလုံး ၅၀၀ ကျော်လောက် ရှိပါတယ်။ အိုးမရှိလို့ ရှိတာတင်လာတာပါ။ တကယ်တန်းတင်ရင် အိုး ၈၀၀ နီးပါးတင်နိုင်ပါတယ်။ အိုးတစ်လုံးကို ရွာမှာ အထိုင်စေျး ၅၀၀ ကျပ်နှုန်း ရောင်းရပါတယ်။ တောင်သာအထိဆို ကားခ ခြောက်သောင်းခွဲနှင့် အလုပ်သမားခ အတင်အချ တစ်သောင်းထပ်ပေးရပါတယ်" ဟု မယ်ဇလီကန်ကျေးရွာမှ အိုးလုပ်ငန်းလုပ်ကိုင်သူ ကိုဇော်က ပြောသည်။

သောက်ရေအိုး (မြေအိုး)များကို မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ် လှိုင်းတက်ကျေးရွာအုပ်စု မယ်ဇလီကန်ကျေးရွာတွင် ပြုလုပ်ပြီး မြင်းခြံ၊ တောင်သာ၊ ကျောက်ပန်းတောင်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ တပ်ကုန်း၊ နေပြည်တော် စသည့်အနယ်နယ်အရပ်ရပ်သို့ တင်ပို့ရောင်းချနေခြင်းဖြစ်ကြောင်း သိရသည်။

လှိုင်းတက်အိုးဟု လူသိများသော်လည်း အမှန်တကယ်မှာ မယ်ဇလီကန်ကျေးရွာမှ ပြုလုပ်ခြင်းဖြစ်သည်။ မြေအိုးကို တစ်ရွာလုံးနီးပါးပြုလုပ်ကြကြောင်း၊ အထူးသဖြင့် မယ်ဇလီကန်ကျေးရွာမှ အမျိုးသမီးများမှာ အိုးလုပ်ငန်းကိုသာ အဓိကထားလုပ်ကိုင်ကြကြောင်း သိရသည်

အောင်ဌေး(မလှိုင်)

အယ်နီညိုရာသီဥတုကာလ ပြည်သူများအား အသိပညာပေးခြင်းလုပ်ငန်းများဆောင်ရွက်

မင်းဘူး၊ မတ် ၁၄

မကွေးတိုင်းဒေသကြီး မင်းဘူး(စကု) မြို့နယ်အတွင်းရှိ ကျေးလက်နေပြည်သူများ ၂၀၁၆ ခုနှစ် အယ်လ်နီညိုရာသီဥတုကာလတွင် ကျန်းမာရေး၊ မီးဘေးအန္တရာယ်လုံခြုံရေး၊ မွေးမြူရေးလုပ်ငန်းများ၊ ရေကြောင်းသွားလာရေး၊ သောက်သုံးရေဖူလုံစွာရရှိစေရေးနှင့် စိုက်ပျိုးရေးလုပ်ငန်းများ အဆင်ပြေချောမွေ့စေရေးတို့အတွက် မင်းဘူးမြို့နယ်အုပ်ချုပ်ရေးမှူး ဦးညီညီဝင်း ဦးဆောင်သောအဖွဲ့က မတ်လ ၁၂ ရက်မှ စ၍ ကျေးရွာများသို့ ကွင်းဆင်းအသိပညာပေး ဟောပြောလျက်ရှိကြောင်း သိရသည်။

အဆိုပါ အသိပညာပေးဟောပြောသည့်အဖွဲ့တွင် မြို့နယ်မီးသတ်ဦးစီးအရာရှိ ဦးထွန်းထွန်း၊ မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဘုန်းလင်း၊ သစ်တောဦးစီးမှူး ဦးလှဌေး၊ တိရစ္ဆာန်မွေးမြူးရေးနှင့်ကုသရေးဦးစီးမှူး ဒေါက်တာဘစီ၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးဌာနမှ မြို့နယ်ဦးစီးမှူး ဒေါ်ခင်ဝါဝါလှိုင်နှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးတို့က မင်းလှကျင်းကျေးရွာအုပ်စု၊ ပဒေါင်းကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာများသို့ ကွင်းဆင်းအသိပညာပေး ဟောပြောခဲ့ကြသည်။

မတ် ၁၃ ရက်တွင် ရေပေါ်ကြီးကျေးရွာ၊ ရေပေါ်လေးကျေးရွာနှင့် ချောင်းဖြူကျေးရွာများသို့ သွားရောက်၍ အသိပညာပေးဟောပြောပွဲများ ဆက်လက်ဆောင်ရွက်ကြောင်း သိရသည်။

တင်ထွန်းဦး(မင်းဘူး)



မင်းဘူးခရိုင် စေတုတ္တရာမြို့ပေါ်ရှိ ရပ်ကွက်နေပြည်သူများ လျှပ်စစ်အန္တရာယ်ကင်းရှင်းစေရေးနှင့် လျှပ်စစ်ဓာတ်အားပြတ်တောက်မှု လျော့နည်းကျဆင်းစေရေးအတွက် မြို့တွင်း ၄၀၀ ဝို့ ဓာတ်အားလိုင်းများကို Link Connection များတပ်ဆင်ခြင်းလုပ်ငန်းများအား မြို့နယ်မြန်မာ့လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်း မြို့နယ်လျှပ်စစ်တာဝန်ခံ ဦးမျိုးမင်းနိုင်နှင့် ဝန်ထမ်းများက မတ် ၁၃ ရက်မှ စတင်စစ်ဆေးတပ်ဆင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

သူရထွန်း(ပွင့်ဖြူ)

နွားထိုးကြီးတွင် လိုင်စင်ရဓာတ်ဆီဆိုင်ကြီးများ များသော်လည်း လိုင်စင်မဲ့ဆီရောင်းဝယ်မှုများ ရှိနေကြဆဲ

နွားထိုးကြီး၊ မတ် ၁၄

နွားထိုးကြီးမြို့ပေါ်နှင့် နယ်တွင် လောင်စာဆီကို လိုင်စင်ရဓာတ်ဆီဆိုင်ကြီးများ များပြားလာသော်လည်း စတိုးဆိုင်၊ ကုန်စုံဆိုင်၊ စားသောက်ဆိုင်များ၊ ဘူးခွံပုံးခွံနှင့် ဆိုင်တင်ရောင်းနေကြ၍ မြို့ခံတို့ မီးဘေးအန္တရာယ် စိုးရိမ်နေကြကြောင်း သိရသည်။

မြို့အနောက်ဘက်တွင် လိုင်စင်ပန့်ဆိုင် နှစ်ဆိုင်၊ မြို့အရှေ့ဘက်တွင်သုံးဆိုင်၊ ပြင်စည်တွင် နှစ်ဆိုင်၊ ဝက်လူးတွင် တစ်ဆိုင် ရှိနေသော်လည်း ကျေးရွာရပ်ကွက် ၁၈၅ ရွာ၌ လိုင်စင်မဲ့ဓာတ်ဆီဆိုင် ၂၀၀ ကျော် ရှိနေသေးကြောင်း စာရင်းဇယားအရ သိရသည်။

တရားမဝင် လောင်စာဆီရောင်းဝယ်မှုကို တားမြစ်ထားသော်လည်း မြို့ပြင်ထွက်ရောင်းနေသော ပုဂ္ဂလိကလိုင်စင်မဲ့ဆိုင်များမှာ အရေးယူသူမရှိဘဲ ပြောင်ပြောင်တင်းတင်းရောင်းဝယ်နေကြကြောင်း သိရသည်။

ဌေးမြင့်မောင်

အသည်းရောင်အသားဝါ ဘီပိုးရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြော

ချောင်းဆုံ၊ မတ် ၁၄

မွန်ပြည်နယ် ချောင်းဆုံမြို့နယ်တွင် (ဘီ)ပိုးကာကွယ်တားဆီးရေး စီမံချက်တစ်ရပ်အနေဖြင့် မြန်မာနိုင်ငံ အသည်းဖောင်းဒေးရှင်းမှ အသည်းရောင်အသားဝါ ဘီပိုး၊ စီပိုး ရောဂါကာကွယ်တားဆီးရေး အသိပညာပေးဟောပြောပွဲကို မတ် ၁၃ ရက်နံနက် ၁၀နာရီခွဲက ကျွန်းသာယာခန်းမတွင် ကျင်းပသည်။

ဟောပြောပွဲတွင် မြန်မာနိုင်ငံအသည်းဖောင်ဒေးရှင်းအဖွဲ့ဝင် အထူးကုဆရာဝန်ကြီး ဒေါက်တာ ဦးသိန်းဦးက အသည်းရောင်အသားဝါရောဂါအကြောင်းသိကောင်းစရာများ၊ ကူးစက်နိုင်သည့် နည်းလမ်းများ၊ အသည်းရောင် ဘီပိုးရှိ/မရှိနှင့် ဆေးကုသမှုလို/မလို စမ်းသပ်စစ်ဆေးခြင်းများ၊ ကာကွယ်ဆေးထိုးနည်းများအကြောင်းကိုဟောပြောရာ ရပ်/ကျေး အုပ်ချုပ်ရေးမှူးများနှင့် ပြည်သူများတက်ရောက်ခဲ့ကြသည်။

ချောင်းဆုံမြို့နယ်တွင် တိုက်နယ်(၄)ခုခွဲ၍ မတ် ၄ ရက်က ကျန်းမာရေးဝန်ထမ်းများ၊ လူမှုရေးအသင်းအဖွဲ့များနှင့် အသည်းဖောင်ဒေးရှင်းတို့ပူးပေါင်းကာ လူဦးရေ ၁၉၄၂ ဦးအား ဘီပိုး ကာကွယ်ဆေးစစ်ခြင်းကိုဆောင်ရွက်ခဲ့ပြီး ၁၈၃၁ ဦးအား ကာကွယ်ဆေးထိုးပေးနိုင်ခဲ့ကြောင်းသိရသည်။

မြို့နယ်(ပြန်/ဆက်)

မြစိမ်းရောင်စီမံကိန်းဆောင်ရွက်ထားရှိမှုအား စစ်ဆေး

ပုဗ္ဗသီရိ မတ် ၁၄

ပြည်ထောင်စုနယ်မြေ နေပြည်တော် ပုဗ္ဗသီရိမြို့နယ် ဝဲကြီးကျေးရွာအုပ်စု သရက်ပင်ကျေးရွာရှိ အိမ်ခြေ ၄၁၀ ရှိသည့်အနက် စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၁၀၁ ဦး၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၅၇ ဦး၊ အရောင်းအဝယ်လုပ်ကိုင်သူ ၂၀ တို့အား စီမံကိန်းလုပ်ငန်းများဆောင်ရွက်မှု၊ မြစိမ်းရောင်ကြီးကြပ်မှုကော်မတီအဖွဲ့ဝင်များ၏ စာရင်းဇယားဆောင်ရွက်ထားရှိမှုတို့အား ယမန်နေ့နံနက် ၁၀ နာရီက ဥတ္တရခရိုင်၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးရန်နိုင်ရွှေ၊ မြို့နယ်တာဝန်ခံအင်ဂျင်နီယာ ဦးပြည့်ဖြိုးအောင်နှင့် ဝန်ထမ်းများက သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ယင်းအပြင် တာဝန်ခံအင်ဂျင်နီယာက ရည်ရွယ်ချက်များဖြစ်သော ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းနှင့် မိသားစုဝင်ငွေတိုးပွားစေရန်အတွက် တစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းဖြင့် ကျေးလက်နေပြည်သူများ စွမ်းဆောင်ရည်မြင့်မားတိုးတက်လာစေခြင်း၊ ဆင်းရဲမှုလျော့နည်းလာစေခြင်း၊ ချေးငွေချေးယူသူများအနေဖြင့်လည်း ရရှိလာသော အခွင့်အလမ်းများကို စနစ်တကျလိုက်နာဆောင်ရွက်ရန် စသည့်ကိစ္စရပ်များအား တာဝန်ရှိသူများနှင့်တွေ့ဆုံ၍ ဆွေးနွေးမှာကြားခဲ့သည်။

ရွှေရဲရင့်

မီးရထားများရောက်ခဲမှုပြေလည်စေရန် နဘားဘူတာ၌ဆက်စပ်ပစ္စည်းများဖြည့်တင်းပေးသင့်

အင်းတော် မတ် ၁၄

စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် အင်းတော်မြို့နယ် နဘားဘူတာသည်မန္တလေး-မြစ်ကြီးနား မီးရထားခရီးစဉ်၏ ဖြတ်သန်းဆိုက်ရောက်လာသော အစုန်-အဆန်ရထားများအား ရေသုံးစွဲနိုင်ရေးအတွက် စနစ်တကျ စီမံဆောင်ရွက်ပေးနေသော ဘူတာကြီးဖြစ်သည်။

တောတောင်များပြုန်းတီးလာမှုကြောင့် နိုင်ငံအဝှမ်း ရေပြတ်လပ်မှုများကြုံတွေ့လျက်ရှိရာ ယခုနှစ်၌ စော်မော်ချောင်းရေသည်လည်းနည်းပါးလာမှုကြောင့် တစ်နေ့လျှင် ရထားစီးရေပေါင်း ၁၅ စီးခန့်ကို ရေမပြတ်မလပ်ဖြည့်တင်းပေးနေသော နဘားဘူတာတွင် ရေအတွက်မလွဲမသွေ အခက်အခဲကြုံတွေ့ရတော့မည်ဟု မီးရထားဝန်ထမ်းတစ်ဦးက ပြောသည်။

ရေမရှိလျှင် အခက်အခဲပေါင်းစုံကြုံတွေ့နိုင်သော နဘားဘူတာတစ်ဝှမ်း ရေလုံလောက်စွာရရှိစေရန် ဘူတာအနီးရှိ ရေတွင်းဟောင်းကြီးအား ပြုပြင်ခြင်း၊ ရေစစ်ကန်အဖြစ် အုတ်ရေကန်ကြီးအား ရေစင်အနီးတွင် တည်ဆောက်ခြင်းများပြီးစီးနေပြီဖြစ်သော်လည်း ရေစုပ်စက်၊ ရေတင်စက်နှင့် ရေပိုက်များမရောက်ရှိသေးကြောင်း၊ ယင်းဆက်စပ်ပစ္စည်းများ အချိန်မီရရှိပါကနွေရာသီ၌ရေအခက်အခဲမရှိနိုင်ဘဲ ဆိုက်ရောက်လာသော အစုန်-အဆန် ရထားစက်ခေါင်းများနှင့် ရထားစီးခရီးသည်များ နွေရာသီ ရေပြတ်လပ်မှုမကြုံတွေ့စေရေး အတွက် လိုအပ်သည်များကိုအချိန်မီ ဖြည့်ဆည်းထောက်ပံ့ပေးစေချင်သည်ဟု မီးရထားဝန်ထမ်းတစ်ဦးက ပြောသည်။

နဘားဘူတာရှိ ရေစင်ကြီးမှာလည်း အင်္ဂလိပ်တို့က မည်သည့်စက်ကိရိယာတစ်စုံတစ်ရာ အကူအညီမပါဘဲ နဘားဘူတာမှ ပေပေါင်းထောင်ချီကွာဝေးသော စော်မော်ချောင်းရေကို စုပ်ယူပြီး ပေပေါင်းတစ်ရာကျော်မြင့်သော နဘားဘူတာရှိ ရေစင်ကြီးဆီသို့အရောက် ရေတင်ပြီး ဆိုက်ရောက်လာသော အစုန်-အဆန်ရထားများ၏ စက်ခေါင်းများ၊ လူစီးတွဲများအား ရေပေးဝေနိုင်အောင် စီစဉ်ထားခဲ့သော နှစ်ပေါင်းတစ်ရာကျော် ရေတင်ရေပေးဝေစနစ်ကလည်း အတုယူချင်စရာဖြစ်သည်။**ကိုမင်း(အင်းတော်)**

သောက်သုံးရေအခက်အခဲဖြစ်သည့်ကျေးရွာများသို့ သွားရောက်လျှုဒါန်းကာ အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့် အသိပညာပေးခြင်းများ ကွင်းဆင်းဆောင်ရွက်

စစ်ကိုင်း မတ် ၁၄

စစ်ကိုင်းမြို့နယ်အတွင်း သောက်သုံးရေအခက်အခဲဖြစ်သည့်ကျေးရွာများသို့ သွားရောက်လျှုဒါန်းခြင်းနှင့် အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအား ကြိုတင်အသိပညာပေးဟောပြောပွဲကို မတ် ၁၂ ရက် နံနက် ၇ နာရီက ရေမျက်ကျေးရွာ ရွာလယ်ဓမ္မာရုံ၌ ကျင်းပခဲ့ကြောင်း သိရသည်။

ရှေးဦးစွာ စစ်ကိုင်းမြို့မိမြို့ဖ ဥက္ကဋ္ဌ ဦးဇော်ဝင်းက အဖွင့်အမှာစကားပြောကြားခဲ့သည်။

ယင်းနောက်ရေအလျှုရှင်များဖြစ်သည့် ရန်ကုန်မြို့နေ မိခင်ကြီးဒေါ်လှသန်း၊ ဦးလှမိုး၊ ဇနီးဒေါ်လဲ့လဲ့ဦး မိသားစုမှ လျှုဒါန်းသည့် သောက်သုံးရေဂျဂါလန် ၅၈၀၀ အား သုခကာရီကျန်းမာရေးနှင့် လူမှုကူညီရေးအသင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်စည်ပင်သာယာနှင့် မြို့မိမြို့ဖတို့က ရေသယ်ယာဉ်လေးစီးဖြင့် သယ်ယူ၍ အဆိုပါ ကျေးရွာနေပြည်သူများအား လျှုဒါန်းခဲ့သည်။

အလျှုရှင်မိသားစုသည် ယင်းနေ့ကသောက်သုံးရေအပြင် ကိတ်မုန့်နှင့် ရေခဲမုန့်တို့ကိုလည်း ကျေးရွာနေပြည်သူများအတွက် ပေးဝေလျှုဒါန်းခဲ့ကြသည်။

ယင်းနောက် အလျှုရှင်မိသားစုဝင်တစ်ဦးက သောက်သုံးရေလျှုဒါန်းရခြင်းကိုလည်းကောင်း၊ ခရိုင်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးအရာရှိ ဦးစန်းလွင်ဦးက အယ်နီညိုရာသီဥတုဖြစ်စဉ်နှင့်ပတ်သက်၍ ကျေးရွာနေပြည်သူများအား ကြိုတင်သိရှိထားသင့်သည့် အသိပညာပေးအကြောင်းအရာများကိုလည်းကောင်းဟောပြောခဲ့ကြသည်။

ယင်းနောက် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဥက္ကဋ္ဌ ဦးမြင့်မောင်က ကျေးရွာပြည်သူလူထုအနေနှင့် မိုးရေစုဆောင်းနိုင်ရေးအတွက် ရေလှောင်စနစ်ကျင့်သုံးရန် အဓိကဆောင်ရွက်ရမည့်အကြောင်းအရာများကိုလည်း ဆွေးနွေးပြောကြားခဲ့သည်။

ယင်းနောက် ကျေးရွာအုပ်ချုပ်ရေးမှူး ဦးကျော်ဆောင်က ဒေသခံများကိုယ်စား ကျေးဇူးတင်စကား ပြန်လည်ပြောကြားခဲ့သည်။

မျိုးဝင်း(စစ်ကိုင်း)

ပြည်ခွဲစုရောနှာ အထူးခရီးစဉ် သက္ကြီးလရိုးတည်းများ ကြိုတင်လက်မှတ်ရောင်းပြီ
• အင်းတော်ကြီး ရွှေမဉ္ဇူဘုရားပွဲနှင့်အလောင်းတော်ကသဝပ ဖြစ်ကြောင်းနှာမြစ်ဆုံ၊ ရွှေဘုံဆုံ၊ ရုံများစစ်ကိုင်း၊ကျောက်စိမ်းဘုရား (၀)ရက် Mar-19,Apr-12
• မန္တလေး၊ပြင်ဦးလွင်၊လားပွိုး၊ဗူးဆယ်၊ရွှေလီ၊မန်စီ(၇) ရက် Apr-11
• ရွှေစက်တော်နှင့်စက္ကိန်းတဲ နန်းပွတ်ကျောင်းတော်ရာ ပြည်ဘုရား၊ရုံ (၃) ရက်
• အလောင်းတော်ကသဝ၊မန္တလေး၊ဝုံရွာ၊ဝေါ့ကော်စိမ်း၊ဘုရား(၃)ရက်၊ ပြင်ဦးလွင်ပါလျှင် (၅) ရက်
• ရွှေစက်တော်၊ဟုပ်၊ဟုပ္ပား၊ဗွယ်တော်ဇရပ်၊ပခုက္ကူ(၄)ရက်
• တောင်ကြီး၊အောင်လေး၊ပင်းတယ၊ကုန်လုံ၊ထန်စီး(၃)ရက်
• ထားဝယ်ရှင်ကိုးရှင်း၊ဝေါ်လပြင်း၊ကျိုက်ကွပီ၊စက်စိ (၆)ရက်
ခရီးစဉ်အားလုံး Mar-11,18,25 Apr-1,3,11
09-250269946,09-73159071 "ကားစင်းလုံးငှားသည်"

သုံးရောလီ ဝမ္မဒါန
မန္တလေး၊ မေမြို့၊ စစ်ကိုင်း၊ မုံရွာ၊ အလောင်းတော်ကသဝ ထမင်းကျွေး(၅၀၀၀၀/-) တောင်ကြီး၊ အင်းလေး၊ ပင်းတယ၊ ကုန်လုံ၊ ကလူး ထန်စီး ထမင်းကျွေး(၄၀၀၀၀/-) ပုဂံ၊ ဟုပ်၊ ရွှေစက်တော် ထမင်းကျွေး(၅၅၀၀၀/-) ကားပေါ်ကျွေးမွေးလုံခုံနားသည်။ Mar-18,26
420144148, 421153797

အာရှနဂါး
Asia Dragon ကျိုက်ထီးရိုး
ရွှောင်းဘ / ရွှေဆောင်
Ph: 703790, 09-861-9008
707062, 09-861-7770

ရွှေကျိုက်ထီးရိုး
ကျိုက်ထီးရိုး (နေ့စဉ်)
Ph: 09-450 450 192

ရွှေအိုးကြီး Aircon Express
ခေါ်ဆောင်ရောက်ပေးပို့ခြင်း
ကားနန်းမီးလုံးများ ကျွေးမွေး
မြဝတီ၊ မဲထောက်၊ မဲပေါ်၊ ဘားအံ၊ ကျွဲထေးရေတံခွန်၊ ဝန်းဆုမျိုး (၄) ရက်
တစ်ဆင့်ပြောင်းကား၊ ထမင်းကျွေး၊ ဝိုင်ယမ်တည်း
(85000 ks)Mar(18,25)ထွက်ခွင့်
ခေါ်ဆောင်ကြိုတင်လက်မှတ်ရောင်းပြီ Apr(11,15) ထွက်
09 421073634, 09 777636630

ကားခေါ်လုံးငှားသည်။
ဘုရားဖူးပဲသားသား.....အပျော်ခရီးပဲထွက်ထွက်....
အခန့်ရှိပင်းပလဲလဲ..... CRANE
518474, 095094914, 0943164788

ဦးစိုးရွှေမြင့် B.Sc (Hons:), M.Sc (Engineering Physics) (YU), I.D.C.S (NCC, London)
ဒေါ်သန္တာထွန်း B.Sc (Physics) ဦးစီးတည်ထောင်ဖွင့်လှစ်သည့်
ပြန်မာ့ပညာရေးကို တန်ဖိုးထားအားပေးသော MEC
MYANMAR EDUCATION CENTRE
ပြန်မာ့ပညာရေးအောင်မြေ
